www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## တောလိုက်မှားတဲ့မုဆိုးများ

(အချစ်လုံးချင်းဝတ္ထု၊ သစ်)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ စက်တင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချီ – ၁၄၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃
မိုးစက်ပွင့်
တောလိုက်မှားတဲ့ မုဆိုးများ / မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) တောလိုက်မှားတဲ့ မုဆိုးများ


# မိုးစက်ပွင့်

# တောလိုက်မှားတဲ့ မုဆိုးများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဟဲ့ . . . မိစိုး၊ အေးပွင့်၊ သူဇာတို့ လာကြဟေ့။ ဒီမှာ ကောက်ညှင်းပေါင်းနဲ့ပဲထောင်းလေး လာစားကြဦး"

"လာပြီ . . . ဟေး"

"အရီးက ခုမှလာတယ်။ ကျုပ်တို့က ဗိုက်ဆာနေတာကြာ ပြီတော့"

"အရီးလာတာ နောက်မကျပါဘူးအေ၊ ညည်းကိုက ဝတ် ကြီးကျတာပါ"

အေးပွင့်ကပြောပြီး သူတို့အရီးလို့ခေါ်ကြတဲ့ ဒေါ်ရီရီခင်ဆီသို့ ပြေးသွားပြီး ခေါင်းပေါ်ကရွက်လာတဲ့တောင်းကို ပြေးချပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောဓလေ့အရ လယ်စိုက်ကြပြီဆို လယ်ရှင်တွေက ကောက်စိုက်သမများကို မုန့်လက်ကောက်ကြော်၊ ကောက်ညှင်းထုပ်၊ မုန့်ဖတ်ထုပ်၊ ကောက်ညှင်းပေါင်း အစရှိသည်ထဲက တစ်ခုမဟုတ်တစ်ခု ကျွေးကြရသည်လေ။

ခေတ်တွေ ဘယ်လိုပဲပြောင်းပြောင်း သည်ရိုးရာဓလေ့ကတော့ ပြောင်းမသွားခဲ့ပေ။ ဒါပေမဲ့ ကောက်ညှင်းပေါင်းကိုတော့ ကရိကထများလို့ လယ်သမားတိုင်း မကျွေးဘဲရှိကာ စားရခဲ့၏။ မုန့်လက်ကောက်ကြော်၊ ကောက်ညှင်းထုပ်နဲ့ မုန့်ဖက်ထုပ်သာ လုပ်ရောင်းတဲ့သူတွေဆီမှာ လွယ်လွယ်ကူကူ ဝယ်ကျွေးကြတာလေ။

ဒါကြောင့် ဒေါ်ရီရီခင် ကောက်ညှင်းပေါင်းကျွေးမှာဖြစ်လို့ ကောက်စိုက်သမတွေ ဝမ်းသာနေကြသည်။

“အေးပွင့် ... ကြည့်စမ်း ... အရီးကို ဟားနေတာပေါ့လေ”

“မိစိုးနော် ... မဟုတ်ကဟုတ်က မပြောနဲ့။ ငါက အရီး ရွက်လာရတာ ပင်ပန်းလွန်းလို့ ပြေးလာချပေးတဲ့ဟာကို”

“အေးပါ ... အေးပါ”

“ဟဲ့ ... အေးပွင့်”

“ဘာတုံး”

“ဟိုစကားပုံ ရှိတယ်နော်၊ ဘာတဲ့”





သူ့ဖာ စဉ်းစားနေတုန်း မိစိုးက ပြောလိုက်သည်မှာ–

“လယ်ကြီးထောင့်ကွေးလည်း မစိုက်ချင်နဲ့၊ အိမ်ကြီးရှင် ချွေးမလည်း အတော်မခံချင်နဲ့တဲ့”

“ကောင်မတွေနော်”

“ကဲပါအေ မစကြပါနဲ့၊ ကျုပ် ချွေးမလေး ရှက်နေပြီ”

“ဟာ ... အရီးကလည်း အရီးပြောမှ ပိုဆိုးပြီ”

အေးပွင့် ရှက်ရှက်နှင့် နောက်ပြန်လှည့်ပြေးလေရာ ကန်သင်းပေါ်ကနေ ချော်ကျပြီး ဂွန်းခနဲဖြစ်သွားလေလျှင် –

“ဟဲ့ ဟဲ့”

“ဟောတော့ ဝက်မ ရွှံ့လူးနေပြီ”

“ဟုတ်တယ် ... ဟုတ်တယ် ... ဟား –ဟား ဟား”

လယ်ကွက်ထဲကိုပြုတ်ကျပြီး ရွှံ့အလူးဖြစ်သွားတဲ့ အေးပွင့်ကို ကြည့်၍ ရယ်ကုန်ကြသည်။ ဒေါ်ရီရီက မနေနိုင်စွာ အေးပွင့်ကိုဆွဲထူလေ၏။

“ဟဲ့ အေးပွင့် ... ထ ထ”

“တစ်ကိုယ်လုံး စိုကုန်ပါပြီတော်”

အေးပွင့် ကန်သင်းပေါ်ပြန်ရောက်မှ မကုန်စင်မှန်းသိသိ ဟိုခါ ဒီခါ။ အရီးသားဖိုးချွန်ကို ကြိုက်ကြတာ အေးပွင့်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အမည်ဖော်တော့ ဒီတစ်ယောက်သာ။

ကောင်မတွေ သူတို့လည်း ကျိတ်ကြိုက်နေကြတာ။ ဖိုးချွန်ဆိုရင် အသေရရ အရှင်ရရ ယူကြမယ့်သူတွေကများ။

"ဟောတော့ . . . ဟိုမှာ ဖိုးချွန်"

ဖိုးချွန်ဆိုတာနှင့် လှမ်းကြည့်ပြီး အရီး ရင်ဘတ်ထုစရာ ဖြစ်လာပြီ။

"ဟဲ့ . . . အမယ်လေး ဖိုးချွန်။ အဲဒီလို ကျွဲပေါ်တက်မစီးပါနဲ့လို့ ငါ ဘယ်နှစ်ခါပြောရမလဲ။ လိမ့်ကျရင် ငါရင်ကျိုးရမှာဟဲ့။ ခုဆင်းစမ်း"

"အမေကလျှာ"

"ဘာလဲ . . . ဆက်ပြော"

"ကျုပ်စီးနေကျပဲဥစ္စာကို အမေ မသိလို့"

"စီးနေကျ"

"ဟုတ်တယ်"

"ကျကျ,မကျကျ ခုဆင်းစမ်း။ စစ်စစ်ပေါက်ပေါက် ဒီတစ်ယောက်ပဲ မွေးထားတာ။ နင် တစ်ခုခုဖြစ်ရင် ငါ ရင်ကျိုးမှာ"

"အဲဒါ တစ်ဒါဇင်လောက်မွေးထားပါလား။ ခုတော့ တစ်ယောက်တည်းဆိုပြီး ချုပ်ချယ်လိုက်တာလွန်ရော"





"အမယ် . . . ငါမွေးလို့ကြီးလာတဲ့ကောင်က ငါ့ကို"

"ဒီက လျှောလျှောရှူးရှူး ထွက်လာပေးတာကိုပဲ ကျေးဇူးတင်ပါဦး အမေရာ။ ကျုပ်သာ ကန့်လန့်ခံနေရင် အမေ သချိုင်းရောက်တာ ကြာပြီပေါ့"

"ဘာ . . . ဟဲ့"

ဖိုးချွန်က အဲဒီလို ယော်လော်ကန့်လန့် ပြောတတ်သူ။ ကောက်စိုက်သမတွေက သားအမိနှစ်ယောက်ကြား အသံတိတ်သွားကြ၏။ ဖိုးချွန်က ဒေါ်ရီရီခင်၏ တစ်ဦးတည်းသောသားဖြစ်ပြီး သူများတွေထက်ပိုပြီး စွံလွန်း ချွန်လွန်းလို့ ဒီနာမည်ခေါ်တွင်ခဲ့တာဖြစ်၏။

တကယ်တော့ သူ့နာမည်အရင်းက မိုးချိုဦးပါ။ ဘယ်လောက်လွန်သလဲ ကဲသလဲဆိုရင် မိုးချိုဦးနာမည်ပျောက်ကာ ဖိုးချွန်ဖြစ်နေတာကိုပဲ စဉ်းစားကြည့်။

"နင် ငါ့ကို ကတ်ဖိုးကတ်ဖဲ့ မပြောနဲ့"

"အမှန်ကို ပြောပြတာလေ"

"ကဲ . . . တော်ပါပြီ ကျေးဇူးရှင်ရယ်။ ကျွဲကျောကုန်းပေါ်က ဆင်းဖို့ ဦးချတောင်းပန်ရမလားပြော"

"နေရင်း,ထိုင်ရင်း အပြစ်ပေးပြန်ပြီ"

ပြောရင်း ကျွဲကျောကုန်းပေါ်ကဆင်းပြီး အမေ့ရှေ့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေလျှင် –

“လာ ... ကောက်ညှင်းပေါင်းစား”

“စားပြီးပြီ”

“ဟင် ... ဘယ်အချိန်စားတာလဲ။ ငါ အကုန်ထည့်ယူလာခဲ့တာကို။ အိုးတောင် ရေဆေးမှောက်ခဲ့သေးတယ်”

“ဟဲ ဟဲ ... အမေနတ်ကန်တော့ထားတာတွေ စွန့်စားလာတာ”

“ဘုရားရေ”

ဒေါ်ရီရီ ရင်ဘတ်ကို ဖိလေတော့၏။ တောမလေ့အရ ဝါဝင်ဝါထွက်ဆို အိမ်မှာ နတ်တင်တာ နတ်ကန်တော့တာ လုပ်ကြ သည်လေ။ ဝါဝင်ဖို့ သုံးရက်ပဲလိုတော့တာမို့ ဒေါ်ရီရီ နတ်တင်ထားခဲ့ တာလေ။ လယ်ထဲကပြန်မှ စွန့်မည်ပေါ့။

ခုတော့ ဒင်းလေးက စွန့်စားလာခဲ့ပြီဆိုတော့ ရင်တုန်ပန်းတုန် ဖြစ်ရပြီ။

“နင် နင် ဘယ်လိုပြောပြီး စွန့်စားလာခဲ့တာလဲ ဖိုးချွန်။ ပြောစမ်းပါဦး”

“ဒါများ အမေရယ် လွယ်လွယ်လေး”

ဖိုးချွန် ရယ်လိုက်သေးကာ ...





“အရှင်နတ်မင်းများ ... တနင်္ဂနွေမှအစ စနေအဆုံး ခုနစ် ရက်သားသမီးများကို စီးပွားလာဘ်လာဘတိုးပြီး ကျန်းမာချမ်းသာ အောင် စောင့်ရှောက်တော်မူပါ။ ကျွန်တော်မျိုးက မသိလို့ နေဝင်၊ မသိလို့ မိုးချုပ်တဲ့ ကလေးအမိုက်အမဲလေးမို့ မှားတာရှိရင် ခွင့်လွှတ်ပါ ခင်ဗျား။ ကျွန်တော်မျိုး ဒီလောက်ပဲ ပြောတတ်ပါတယ်။ အသင်တို့က အငွေ့စားတာ အငွေ့ကိုယူထားပြီး အတွေ့စားမယ့် ကျွန်တော့်ကို ဒါတွေ စွန့်တော်မူပါလို့ပြောပြီး ယူစားခဲ့တာ အမေရဲ့”

“စိတ်ညစ်လိုက်တာ ဖိုးချွန်ရယ်”

“ဒီမှာ ကျုပ် ကောက်စိုက်သမတွေစားဖို့ ငှက်ပျောသီးနဲ့ အုန်းသီးတွေ၊ ထန်းလျက်တွေတောင် ယူလာသေးတယ်။ အေးပွင့်တို့ မိစိုးတို့ လာယူကြလေဟာ”

“လာပြီ ... လာပြီ”

ကောက်စိုက်သမတွေ အနားရောက်လာတော့ ဖိုးချွန်က ပုဆိုးစလွယ်သိုင်းထဲမှာ ထည့်လာတဲ့ ငှက်ပျောသီးနဲ့ အုန်းသီးစိတ်တွေ ကို ဝေငှပေးနေ၏။

“ဒီနှစ် နှစ်တိုင်းထက် စပါးထွက်တိုးပြီး ရီရီတို့သားအမိ ကျန်းမာချမ်းသာကြပါစေတော်”

“ဖိုးချွန် မိန်းမချောချောရပါစေ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီရီ နဖူးကိုသာ လက်ဝါးနှင့်ဖိပြီး ကြည့်နေလိုက်ရတော့သည်။ ဒီသားတစ်ယောက်နဲ့တော့ သူမမှာ ခက်ပြီးရင်းခက်။ တစ်နေ့တစ်နေ့ သူ့ကြောင့် ဖြေရှင်းနေရတဲ့ ပြဿနာပေါင်းက သောင်းခြောက်ထောင်။ အိမ်မှာ ဝယ်ခြမ်းပြီး မစားနိုင်မသောက်နိုင်တာမဟုတ်ဘဲနဲ့။ သူများခြံထဲက ငှက်ပျောသီးတွေ ခိုးလိုခိုး။

ကြက်ပျောက်လို့ အလျော်လာတောင်းတဲ့လူတွေကို လျော်ရ၊ သူများနဲ့ရန်ဖြစ်လို့ ဆေးဖိုးဝါးခပေးရနဲ့ သူ့ကိစ္စတွေပဲ ဒိုင်ခံဖြေရှင်းနေရသည်။

"အမေ"

"ဟေ"

"ကျုပ် ဘာကူလုပ်ပေးရမလဲ"

"နေပါစေ မောင်မင်းကြီးသားရယ်။ ကူလုပ်တာထက် မလုပ်တာက ပိုကောင်းပါတယ်"

"ဒါဆို ကျွဲသွားကျောင်းတော့မယ်"

"ဟဲ့ . . . နေဦး"

ဒေါ်ရီရီ ဆွဲထားလိုက်တော့ –

"ဘာလဲ အမေရဲ့"

"နင့်ကို ဘယ်သူက ကျွဲကျောင်းခိုင်းလို့လဲ"





"ကိုယ့်တာသာကျောင်းတာလေ"

"ကျွဲကျောင်းတဲ့စာလေးကရော"

"ဒယ်အိုးထဲမှာ"

"ဘာ"

"အာ . . . မှားလို့ ဟိုမှာ . . . ဟိုမှာ"

ဖိုးချွန် လက်ညှိုးထိုးပြလိုက်တော့ ကျွဲကျောင်းငှားထားတဲ့စာလေးက ပေါက်ပင်အောက်မှာ မိုးကာကိုခင်း၍ အိပ်နေတာကို မြင်လေလျှင် –

"ကြည့်စမ်း . . . သူ့ကို အဖိုးအခပေးပြီး ငှားထားတာ သူကတော့ အိပ်နေတယ်ပေါ့လေ။ ဒါမျိုးပေါ့ . . . ငါးပိသည်ကြီးက အိပ်ပြီး ဆားသည်ကြီးက ယင်မောင်းနေတယ်ဆိုတာ။ ဖိုးချွန်"

"ဗျာ"

"စာလေးကို သွားနှိုးစမ်း"

"ဟုတ်"

"ပြီးရင် နင် အိမ်ကိုပြန်နေခဲ့။ လုံးဝ ကျွဲမကျောင်းရဘူး"

"အမေကလည်း"

"လျှာမရှည်နဲ့ သွား"

"အဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . အဟီးလဲ ရုပ်ကိုက"

"အမေပဲ သွားဆိုလို့ တိုက်လာတဲ့အကြောင်း မြင်အောင်ပြတာကို"

"တယ်လေ"

"အဟီး"

ဖိုးချွန် သွားကြီးဖြဲပြပြီး စပ်ဖြဲဖြဲလုပ်သွားလေသဖြင့် ကောက်စိုက်သမတွေပါ ဝါးခနဲ ရယ်ကုန်ကြသည်။

❋ ❋ ❋



## အခန်း (၂)

"ဂျစ် ဂျစ်"

"ဟင်"

ပျဉ်ပြားကို လက်သည်းနဲ့ ကုတ်သံမို့ ဖိုးချွန် ဆတ်ခနဲ ခေါင်းထောင်လိုက်မိ၏။ အမေက ဒီည ကိုးနာရီမှာ ဘုရားရှိခိုးပြီး အိပ်ရာထဲဝင်ပြီ။ သူများအိမ်တွေက ဒီအချိန်ဆို ဗီဒီယိုကြည့်သူက ကြည့်။ ဟိုအိမ် ဒီအိမ်လည်သူကလည်။ အမေကတော့ ဒီလို မဟုတ်ပါဘူး။

သူ အိပ်ချင်လာပြီဆိုပြီး ဖိုးချွန်ကိုလည်း ဘယ်မှမသွားရဘူးတဲ့။ ဖိုးချွန်က ခေါင်းညိတ်နဲ့ ကြက်ခိုးမို့ ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ ဒါ . . . ဒေါင်းညို့နဲ့စာလေး သူ့ကို အချက်ပေးတာ။ သူ ဘယ်လိုလုပ်ရမလဲ။ အမေက အိပ်မပျော်သေးတော့ ခက်သား။

"ဂျစ် ဂျစ် ဂျစ်"

"ဟဲ့"

"ဂျစ် ဂျစ် ဂျစ်"

"ဖိုးချွန်"

"ဗျာ . . . အမေ"

"နားထောင်စမ်း၊ အဲဒါ . . . ဘာသံလဲ"

"ထရံကို ကြောင်ကုတ်တာပါ အမေရာ"

"ညောင်း . . . ညောင်း"

"ဝမ်းဝူး . . . ဝမ်းဝူး"

"ဟော . . . အဲဒါ နင့်အောက်ကအသံ"

ခွေးမသားတွေ ပေါက်ကုန်တော့မှာပဲ။ အသံလေးငြိမ်နေတာ မဟုတ်ဘဲ ကြောင်သံလို အော်ပြနေသေးတယ်။ ကြောင်တောင်မှ ကြောင်ထီးသံနဲ့ ကြောင်မသံ။

"ဂျစ် ဂျစ်"

"တွေ့လား . . . အဲဒါ နင့်အောက်က"

"မဟုတ်ပါဘူး အမေရာ။ အမေ နားကြားမှားလို့ပါ"





"မမှားဘူး . . . ဒါ တောကြောင်များ အိမ်ကကြောင်ကို ိုက်ဖို့ ချောင်းနေသလား မသိဘူး။ မဖြစ်သေးပါဘူး သွားကြည့်ဦးမှ"

"ဟာ . . . အမေ"

ဒေါ်ရီရီ ကိုယ်ပေါ်ကစောင်ကိုခွာလိုက်တာနှင့် ပျာပျာသလဲ စ်သူက ဖိုးချွန်။ အမေဆင်းသွားတာနဲ့ ဟိုနှစ်ကောင်ကို တွေ့ရင် သနာ။

"ကျုပ်သွားလိုက်ပါ့မယ် အမေရယ်။ အမေ အိပ်မှာသာအိပ်"

"သေသေချာချာ ကြည့်နော်။ တော်ကြာ အိမ်ကကြောင်မ လေးကို ကိုက်နေဦးမယ်"

"စိတ်ချ"

ကြောင်မ မဟုတ်ဘူးအမေရေ။ ကြောင်ထီးချင်း ကြက်ခိုးဖို့ ာခေါ်တာ အမေရဲ့။

"ဟဲ့"

"ဗျာ"

"ဓာတ်မီးယူသွားဦး"

"ပေးအမေရာ . . . ပေး"

ဖိုးချွန် လက်နှိပ်ဓာတ်မီးကိုယူ၍ အောက်သို့ဆင်းလာခဲ့သည်။ သူ့အတွက် အခွင့်အရေးပဲပေါ့။ မိုးတွင်းဘက်ဆို လရောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရခဲလှ၏။ မြို့မှာလို လမ်းမီးတွေ လျှပ်စစ်မီးတွေမရှိတော့ မှောင်မိုက်ခြင်းက သူတို့အတွက် အခွင့်အရေးပါ။ သူတို့က သူတို့စီးပွားဖြစ်ပြီး သူတစ်ပါးစီးပွားပျက်ပါစေတော့လို့ ခိုးတာမဟုတ်ပေ။

အပျော်တမ်းသက်သက်သာ။ ဖရုံသီးခိုး၊ ကြက်ခိုးပြီး ချက်စားကြခြင်းသာ။ ဒါလည်း အမြဲတမ်းမဟုတ်၊ တစ်ခါတစ်ရံမျှသာ ဖြစ်၏။ တစ်ခါတစ်ရံဆိုတာ တစ်လကို တစ်ခါလောက် နှစ်ခါလောက် ပေါ့လေ။

"ဟော့ကောင်တွေ"

"ဖိုးချွန်"

"လာ . . . အိမ်အောက်ကထွက်ခဲ့"

"ဘယ်လိုလဲ မင်းအဆင်ပြေရဲ့လား။ တို့နဲ့လိုက်မှာလား"

"လိုက်မှာပေါ့ကွ"

"သား ဖိုးချွန်"

ဒေါ်ရီရီ၏အသံကြောင့် တိတ်သွားကြလေလျှင် –

"ဖိုးချွန်"

"ဗျာ . . . အမေ"

"တီးတိုးတီးတိုးနဲ့ ဘယ်သူနဲ့စကားပြောနေတာလဲ"

"ဟို . . . ကြောင်နဲ့ပါအမေ"

"ဟဲ့ . . . ကြောင်က လူစကား နားလည်လို့လား"





"ဒီကြောင်တွေက နားလည်တယ်အမေရဲ့။ တို့အိမ်က ကြောင်ကို မကိုက်ပါနဲ့လို့ပြောတာ စကားမပြောပေမယ့် ခေါင်းညိတ်ပြတယ် အမေရဲ့"

"ဟေ . . . ဟုတ်လား"

"ဟုတ်တယ် အမေရဲ့"

ဒီဖြေသံက နောက်ဆုံးဖြစ်ပြီး သုံးယောက်သား နောက်သို့ ဖြည်းဖြည်းချင်းဆုတ်ရာမှ ပြေးခဲ့ကြတော့သည်။ ကျောခိုင်းမိပြီဆို ဖိုးချွန်က အမေသေ ဖျာအုပ်ထားလိုက်ဆိုတဲ့ကောင်မျိုးလားတော့မသိ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အဟမ်း ... အဟမ်း"

ဦးနီတိုး၏ ချောင်းဟန့်သံကြောင့် သုံးယောက်သား နေရာယူကာ ပုန်းနေလိုက်ကြ၏၊ ဖိုးချွန်က ကြက်ခြံဘေးမှာ။ ချောင်းဆိုးသံသာကြားပြီး ခြေသံမကြားရသဖြင့် ဖိုးချွန် ကြက်တစ်ကောင်ကို ဖမ်းလိုက်သည်ဆိုရင်ပဲ။

"ကွတ် ကွတ် ကွတ်"

ကြက်သားအုပ်မက သူနဲ့ဘာဆိုင်လို့ အော်သည်မသိ။

"ကစ်ရောက် ... ကစ်ရောက်"

မိတဲ့ကြက်ကို ဖိုးချွန် အတောင်ပံနှစ်ခုလိမ်လိုက်ပြီး–





"ဘုတ် ဘုတ်"

ခေါင်းကို တိုင်နှင့်ရိုက်လိုက်သည်ဆိုရင်ပဲ ကြက်က တစ်ဖျတ်ဖျတ်ကနေ ငြိမ်ကျသွားလေ၏။

"ကိုနီတိုး"

"ဘာလဲကွ"

"ကြက်အော်သံကြားတယ်ရှင့်"

"ပါးစပ်ပါတာ အော်မှာပေါ့"

"မဟုတ်ဘူးရှင့်၊ သူခိုးများ ကပ်သလားလို့ပြောတာ။ နည်းနည်းပါးပါး ဆင်းကြည့်ပါဦးလား"

"အိပ်ချင်တယ်ကွာ၊ မင်း ဆင်းကြည့်လိုက်"

"သူခိုး သူခိုး ... အဖေ သူခိုး"

သားဖြစ်သူ အောင်ဝင်း၏အော်သံကြောင့် –

"အံမယ် ... ခွေးကောင်၊ သူကပဲ ငါ့ကိုသူခိုးတဲ့"

"သားက ရှင့်ကိုခေါ်ပြီး သူခိုးလို့ ပြောနေတာရှင့်"

"ဟေ ... ဟုတ်လား"

ဦးနီတိုး မျက်မှန်ကိုကောက်တပ်ပြီး သားဖြစ်သူအိပ်နေရာဆီသို့ ထသွားလေလျှင် –

"ဂလောက် လောက် လောက်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်"

"ဂလောက် လောက် လောက်"

"ခွေးကောင် ပါးစပ်က သူခိုးအော်ပြီး လူကဟောက်အိပ်နေသေးတယ်"

"ဒါဆို ယောင်အော်တာဖြစ်မှာပေါ့"

"ဒါ့အပြင် ဘာရှိဦးမလဲ"

"ကဲပါ . . . လက်စနဲ့ ကြက်တွေ ဆင်းကြည့်လိုက်ပါဦး"

"မင်း ဆင်းကြည့်ပါလားကွ"

"ရှင်က ယောက်ျားလေ"

"ယောက်ျား"

"ဟုတ်တယ်"

"တဆိတ်ရှိ မင်းတို့မိန်းမတွေ အဲဒီယောက်ျားဆိုတာနဲ့ပဲ ကိုင်ပေါက်ပြီး ခိုင်းနေတာပဲ"

ဦးနီတိုး ခြေသံပြင်းပြင်းနှင့် ဆင်းလာခဲ့ပြီး –

"ဟေ့ . . . ဒီခြံထဲမှာ သူခိုးရှိလားကွ"

"ရှိ"

"ဟာ"

ရှိလို့ နားနားကပ်ပြောသွားပြီး မျက်မှန်ကို ဆွဲချွတ်ယူသွားတာ





ဘယ်သူမှန်းမသိ။ ဦးနီတိုးက မျက်မှန်မရှိလျှင် ဘာကိုမှ သဲသဲကွဲကွဲ မြင်သူမဟုတ်ပေ။

"ငါ့မျက်မှန် . . . သွားပြီ။ ဘယ်သူလဲ ငါ့မျက်မှန်ကို ယူသွားတာ။ ပြန်ပေးစမ်း"

"သူခိုးရှိလားမေးတော့ ရှင့်ကို ရှိတယ်လို့ သူခိုးကပြောမလား ဦးနီတိုးရဲ့"

"ပြောတယ်"

"ဘာ"

"ဟုတ်တယ်ကွ၊ ရှိလို့ပြောပြီး ငါ့မျက်မှန်ကို ဆွဲချွတ်သွားတာ"

"တော်သေးတာပေါ့ ပုဆိုးကိုဆွဲချွတ်ယူမသွားလို့"

"အံ့မယ်"

ဦးနီတိုး ဟိုဘက် ဒီဘက် ပုဆိုးနှစ်စကိုဆွဲပြီး ဒူးကြားမှာ ညှပ်လိုက်သည်။ စာလေးကတော့ ချွတ်ယူထားတဲ့မျက်မှန်ကို သစ်ပင်ကြားမှာတင်ခဲ့ပြီး လှေကားနောက်မှာ ပြန်ပုန်းနေတာဖြစ်၏။ ဖိုချွန်က ဆင်းစင်အောက်ကို ဝမ်းလျားမှောက်ဝင်နေတာဖြစ်ပြီး ဒေါင်းညိုက သရက်ပင်ပေါ်မှာ။

"ကျွိ ကျွိ ကျွိ"



www.burmeseclassic.com

www.burmeseclassic.com



"မုဒ္ဒါ"

ဖိုးချွန် ကြက်ကိုကိုင်ပြီး လက်ချထားတဲ့နေရာမှာက ကြွက်

တွင်းပါ။ ကြွက်က တွင်းထဲကနေထွက်လာပြီး ကြက်ကိုကိုက်ဆွဲတာ

ပေမယ့် ကြက်ကို လက်နှင့်မှားပြီး လှုပ်နေတဲ့လက်ကို ဆွဲလေတော့-

"အား"

ကျယ်ကျယ်လည်း မအော်ရဲဘဲရှိကာ –

"လက်မှန်း၊ ကြက်မှန်းမသိတဲ့ကြွက် . . . ကဲ"

"ဘုတ်"

"အား"

ထင်းချောင်းတစ်ချောင်းကို ဆွဲထုတ်ပြီး ကြွက်ကိုထုလိုက်ရာ

လက်ပါနာရတော့၏။ ကြွက်က ခေါင်းကိုထိပြီး မသေမရှင်ရှိသေးတာ

"ကဲ"

"ဘုတ်"

"ကဲ"

"ဘုတ်"

"ဘယ့်နှယ်လဲ ကြက်ခိုးတာ ကြွက်ပါရှေ့"

ကြွက်ကိုက်ခံရတဲ့ဒဏ်ရာကို ဂရုမစိုက်အားပဲ ဝမ်းသာအား

ရှိနေစဉ် –





"ကိုနီတိုး"

"ဘာလဲကွ"

"ထင်းစင်ဘက်က အသံကြားတယ်တော့"

"ဒီမှာ မျက်မှန်မရှိတော့ဘူးလေကွာ။ မင်း ကြည့်ပါလား"

စာလေး ပုန်းနေရာကနေ ခြေဖွလျှောက်သွားပြီး သူ့အကျီ

ကြယ်သီးပြုတ်နေလို့ တွယ်ချိတ်ထားတဲ့ တွယ်ချိတ်ကို ဖြုတ်လိုက်

သည်။ ပြီး ကုန်းကုန်းကွကွလုပ်နေသော ဦးနီတိုး၏ပုဆိုးစနဲ့ ဒေါ်မယ်

ဝင်း ထမီစကို ပူးတွဲချိတ်ပစ်လိုက်စဉ် –

"အား"

"ဟင်"

"သူခိုး သူခိုး"

"ဘုတ်"

"အား"

ဦးနီတိုး လင်မယားမှာ တွယ်ချိတ်ကြောင့် သူ့ဘက်ဆွဲလိုက်

ငါ့ဘက်ဆွဲလိုက် ဖြစ်နေတော့၏။ ပါးစပ်ကသာအော်နိုင်ပြီး မလိုက်ဖြစ်

ဘဲ ရှိနေရာ အားလုံး ထွက်ပြေးကုန်သည်။ ခေါင်းညှိုက် သစ်ပင်ပေါ်

မှ ခုန်ချရသဖြင့် ခါးမျက်သွားသော်လည်း –

"ပြေးနိုင်မှ လွတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"သူခိုးဗျို့ … သူခိုး သူခိုး"

"အော်မနေနဲ့လေ ရှင်လိုက်ပါလား"

"လိုက်ရအောင် … ဒါကြီးနဲ့"

"ဟိုဘက်လှည့် ကျွန်မ ဖြုတ်ပေးမယ်"

ဒေါ်မယ်ဝင်း ကသုတ်ကယျာနှင့်ဖြုတ်တာကြောင့် တွယ်ချိတ်များက ဦးနီတိုးတင်ပါးကို စိုက်ဝင်သွားလေရာ –

"အား … သေပါပြီ"

"ဘာလဲ … ဘာဖြစ်တာလဲ"

"မင်း ငါ့ကို ပညာရှိနည်းနဲ့ နှိပ်စက်တဲ့မိန်းမ"

"အမယ်လေး … ကြောက်ပါပြီ ကိုနီးတိုးရဲ့"

လက်ရွယ်ရုံပဲရှိသေး ဒေါ်မယ်ဝင်းက မရိုက်ခင် ကြိုနာပြီး အော်ကာ သူကပဲအရင် ဦးနီတိုးရင်ဝကို ထုချလိုက်၏။

"ဟော့ … မအော်နဲ့လေ"

"ရှင်က ရိုက်တာကိုး"

"ငါ့လက်က ရွယ်ရုံပဲ မင်းပဲ လက်တွေထုပြီး အော်နေတာ"

ဦးနီတိုးတို့လင်မယားမှာ ရန်ဖြစ်ကျန်ခဲ့ပြီး ဖိုးချွန်တို့မှာတော့ လွတ်ရာနေရာ ရောက်သည်နှင့် –

"ဟဲဟော … ဟဲဟော"





"ဟော့ကောင် စာလေး"

"ဟေ"

"ဟောဟဲ … ဟောဟဲပါကွ"

"မောလွန်းလို့ ပြောင်းပြန်တောင်ဖြစ်ကုန်ပြီ"

ဖိုးချွန် ကြက်နဲ့ကြွက်ကို ရှေ့မှာချလိုက်ပြီး –

"တို့ စားရက်ကြိုးလို့ မုတ်ဆိတ်ပျားစွဲတာကွ"

"မင်းမှာ မုတ်ဆိတ်မှမရှိတာ"

"ခွေးကောင် … ငါက ဥပမာပြောတာကွ"

"ဒါဆို အမှန်က ဘာလဲ"

"ဒီမှာလေ ကြက်ရော ကြွက်ရော ရလာတာ"

"ဟာ … ပွတာပဲ"

"အေး … မင်းတို့က ပွနေ၊ ငါ့လက်က ကြွနေပြီ"

"အား"

စာကလေးက ရှုံ့ရှုံ့မဲ့မဲ့နှင့် တွန့်လိမ်ပြီးအော်လေလျှင်–

"ဘာဖြစ်တာလဲ"

"ပု ပုရွက်ဆိတ်ကိုက်လို့"

"ဘယ်ကိုကိုက်တာလဲ"

"ဟို … ဟိုဒင်းကိုကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရေမချိုးလို့ဖြစ်မှာပေါ့"

"ချိုးပါတယ်ကွ။ ငါက လှေကားနောက်သွားပုန်းမိလို့ ကိုက် တာ။ အဲဒီ လှေကားနောက်မှာ ခွေးစာခွက်နဲ့ဆိုတော့ ကိုက်တာပေါ့"

တစ်ယောက်တစ်ပေါက်နှင့် ဒေါင်းညိုကလည်း သစ်ပင်ပေါ် က ပြုတ်ကျလို့ ခါးမျက်သွားတဲ့အကြောင်းပြောသည်။ နောက်တော့ ဒေါင်းညိုတို့ အိမ်မှာသွားပြီး ကြက်ချက်ကြ၏။ ဖရုံသီးက ဒေါ်ဇာရင် တို့အိမ်က ခိုးလာတာ။

ထို့ကြောင့် မိုးလင်းတော့ ဖိုးချွန်က ဦးနီတိုးတို့အိမ်ကို ဟင်းတစ်ခွက်သွားပို့ပြီး ဒေါင်းညိုက ဒေါ်ဇာရင်တို့အိမ်ကို သွားပို့သည်။

"ဟော . . . ဖိုးချွန်ပါလား"

"ဟုတ်တယ် ဘကြီးတိုးရေ။ ညက ကျွန်တော်တို့ လူငယ် တွေစုပြီး ကြက်သားချက်စားကြတာလေ။ အဲဒါ ဘကြီးတိုးကို သတိ ပြီး ဦးဦးဖျားဖျား ခပ်ထားတာဗျ။ အဲဒါ အခု မိုးလင်းတာနဲ့ စားစေ ချင်လို့ လာပို့တာ"

"အေး . . . လူကြီးကို လူကြီးမှန်းသိပြီး စားဦးစားဖျားသင် ရတယ်ဆိုတာ ကောင်းတာပေါ့ကွာ။ သာဓုဗျာ သာဓု သာဓု"

ဆိုပြီး ဦးနီတိုး ပေးလိုက်တဲ့ဆုတွေမှ တစ်သီတစ်တန်းကြီး ပါပဲ။ ဖိုးချွန်က ခေါင်းတညိတ်ညိတ်နှင့်ပြုံးပြီး နားထောင်နေရင်း-





"ဘကြီး"

"ဟေ"

"ဒေါ်ကြီးကိုလည်း ကျွေးလိုက်ဦးနော်"

"အေးပါကွ . . . ငါက ငါ့မိန်းမကို မကျွေးဘဲ ထားပါ့မလား"

"ဒါဆို ကျွန်တော် ပြန်လိုက်ဦးမယ်"

"အေး . . . အေး"

ဖိုးချွန် ခပ်သုတ်သုတ်ပြန်လာခဲ့ပြီး ဒေါင်းညိုနှင့်ဆုံတော့ သက်ဝါးချင်းရိုက်လိုက်ကြတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"အရိရေ . . . အရိ"

အိမ်ရှေ့ကခေါ်သံကြောင့် ထမင်းအိုးကိုငှဲပြီးပြီမို့ ခွင်ပေါ်သို့ ပြန်တင်ခဲ့ကာ ဒေါ်ရီရီ သုတ်သီးသုတ်ပျာနှင့် အိမ်ရှေ့သို့ထွက်လာလေလျှင် –

"ဟော . . . ကိုနီးတိုးပါလား"

"ဟုတ်တယ်"

"နောက်က မဖောရင်"

"အေး . . ဟုတ်တယ် အရိ"

"ဘာကိစ္စများရှိကြလို့လဲ၊ လာ . . . ထိုင်ကြလေ"





ဦးနီတိုးနှင့်ဒေါ်ဖာရင်တို့ အိမ်ရှေ့ကွပ်ပျစ်မှာ တက်ထိုင်လိုက်ကြသည်။

"အိမ်က ငါ့ကြက်ဖပျောက်သွားလို့ အရိ၊ အဲဒါ နင့်သားဖိုးချွန်တို့လက်ချက်ပဲဖြစ်မှာ"

"ရှင်"

"ငါက ဖရုံသီးအကြီးဆုံးအလုံးမှ ပျောက်သွားတာ"

"ငါ့ကြက်က ပိဿာကျော်ဟ"

"ကျုပ်ဖရုံသီးက ပြည်တောင်းနှစ်လုံးစာလောက် ရှိတာတော့"

"ဒါဆို ကွက်တိပေါ့"

"ဟုတ်တယ်၊ ဒါ ဖိုးချွန်တို့လက်ချက်ပဲဖြစ်မှာ၊ ကျုပ်ကတော့ ရွာလူကြီးကို သွားတိုင်ရမှာပဲ"

"ငါလည်း တိုင်မှာ"

"နေ . . . နေကြပါဦးရှင် နေကြပါဦး"

ဒေါ်ရီရီ မျက်နှာပျက်စွာပြောရင်း ရင်ပူဟပ်ရပြန်ပြီ။ ဒီသားတစ်ယောက်နဲ့တော့ ခက်ပါတယ်၊ တစ်ယောက်ဆို ဆိုသလောက်ပါပဲ။ လူကြီးအိမ်ရောက်ရင် ပြဿနာရှင်း၍ မကျေနပ်ရင် ရုံးရောက်ဂတ်ရောက်ဖြစ်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် ဒီမျက်နှာဆိုတာလည်း ထားစရာမရှိတော့ပါဘူး။ တောင်းပန်ရပေါင်း လျော်ရပေါင်းတွေလည်း ထပ်နေပြီ။

"ကျွန်မ အလျော်ပေးပါ့မယ်ရှင်။ လူကြီးကိုတော့ မတိုင်ကြပါနဲ့နော်"

"ငါ့ကြက်က ပိဿာကျော်တယ်နော်။ တစ်ပိဿာဆိုတောင် လေးထောင်ရှိတယ်"

"ငါ့ဖရုံသီးကလည်း စိတ်တောင်းလောက်နော်"

"စောစောကပြောတော့ နှစ်ပြည်ဝင်လောက်ဆို"

"အဲဒါ တမင်အားနာလို့ လျှော့ပြောတာပေါ့"

"ခင်ဗျားတို့ မဟုတ်တာတွေ မပြောနဲ့"

"ဟင်"

"ဖိုးချွန်"

ခေါ်သံတွေကြားလို့ ပုန်းနေတဲ့ဖိုးချွန်နဲ့စာလေး။ မဟုတ်တာတွေပြောတော့ မခံနိုင်ဘဲရှိက ထွက်လာကြ၏။

"ပိဿာကျော်ကြက်ဟုတ်လား ... ဟား ဟား"

"ဟိုတစ်ယောက်ကလည်း စိတ်တောင်းလောက်ဖရုံသီးတဲ့။ ဟား ဟား ဟား ရယ်ရတယ်"

ဖိုးချွန်နဲ့စာလေး မရယ်ချင်ဘဲ ဗိုက်နှိပ်၍ ရယ်ပြလေ၏။





"ငါးဆယ်သားလောက်ရှိတဲ့ကြက်ကို ပိဿာကျော်ကြက်တဲ့။ ကိုယ့်ကိုယ်ကိုယ် ကလိထိုးပြီး ရယ်လိုက်မယ် ... ဟား ဟား ဟား ဟား"

"အေးလေ ... တစ်ယောက်ကလည်း သခွားသီးလောက်ရှိတဲ့ ဖရုံသီးကို စိတ်တောင်းလောက်တဲ့ ... ဟား ဟား ဟား"

နှစ်ယောက်သား မပြီးနိုင် မစီးနိုင် ရယ်နေကြတော့ ဦးနီတိုး နာမည်နှင့်လိုက်အောင် မျက်နှာကြီးက နီလာတာ တိုး၍ တိုး၍ပါပဲ။ ဒေါ်စာရင်ကလည်း မျက်နှာကြီးလွှဲကာ –

"ဘာပဲဖြစ်ဖြစ် နင်တို့ခိုးတာက ခိုးတာပဲ။ လူကြီးကိုတိုင်မှာက တိုင်မှာပဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ မစာရင်ရယ်"

"အမေ့"

"ဟဲ့ ... ဘာလဲ"

"အမေ ... ဘာမှတောင်းပန်စရာမလိုဘူး။ လျော်ပေးစရာလည်း မလိုဘူးနော်"

"ဘာ"

"အဲဒီကြက်နဲ့ ဖရုံသီး ခိုးပြီး ရောချက်တာကို သူတို့လည်း စားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"ဘယ်လို"

"အမ်"

ဦးနီတိုး စားမိတာကိုပဲ ပြန်အန်ထုတ်တော့မလို လည်ပင်းကို လက်နှင့်ဖိ၍ မျက်နှာကြီးရှုံ့မဲ့သွားသည်။ ဒေါ်ဇာရင်ကတော့ ဖွဲလျှော့ချင်ပုံမရဘဲ –

"နင်တို့ခိုးတာ ငါ ဘယ်မှာစားလို့လဲ၊ တိုင်မယ်၊ လူကြီးကို တိုင်မယ် ... တိုင်ရမယ်"

"တိုင်လေ ... သွားတိုင်ပေါ့။ ခင်များတို့ကိုပါတောင် ပြဿနာကူးစက်ဦးမယ်။ ခင်ဗျားကို ဒေါ်ငြိမ်း ဟင်းတစ်ခွက် လာပို့တယ်လေ။ ခင်ဗျား မစားဘူးလား ပြော"

"ဟုတ်တယ် ... အဲဒါ ခင်ဗျားဖရုံသီးနဲ့ ဘကြီးတိုးအိမ်က ကြက်ကို ရောချက်ထားတာဗျ"

"ဖိုးချွန်"

"ပြော"

"ဘကြီးတိုး မင်းတို့ကို မတိုင်ဘူးသိလား။ အလျော်လည်း မတောင်းဘူး"

စာလေးက လက်ကုပ်၍ ဘကြီးတိုးကို မျက်စပစ်ပြ





ရယ်လေသည်။ အစကတည်းက ဒီယုန်မြင်ပြီးသားမို့ ဒီချုံကိုထွင်ခဲ့ကြတာလေ။

"ဘကြီးတိုး ပြန်မယ်နော်"

"ကောင်းပါပြီဗျာ။ နောက်လည်း ကြက်များများ မွေးနိုင်ပါစေ"

ဘကြီးတိုး သုတ်သုတ်ပါအောင် ပြန်သွားလိုက်တာ နောက်ကိုပင် လှည့်ကြည့်ဖော်မရတော့ပေ။ အဲဒါပေါ့ ကိုယ့်ရှူးနဲ့ကိုယ်ပတ်တယ်ဆိုတာလေ။ ဒေါ်ရီရီ သူ့ကိုကြည့်လိုက် ငါ့ကိုကြည့်လိုက်နှင့် ပါးစပ်အဟောင်းသားဖြစ်နေတော့၏။

"ကဲ ... ဒေါ်ကြီးဇာ"

"ဟင်"

"လူကြီးတိုင်ဦးမှာလား"

"တိုင်ချင်တိုင်လေ၊ ကျွန်တော်တို့က အိုးစည်ဒိုးပတ်တွေနဲ့တောင် ကလိုက်ဖို့ စီစဉ်ထားပြီးသား"

စာလေးက လက်ချိုးပြီးကပြလေလျှင် –

"မတိုင်ဘူး ... မတိုင်ဘူး"

ဒေါ်ဇာရင် ခြေဆောင့်၍ ထွက်သွားလေတော့၏။ ကိုယ်က သူတို့လာပေးတာကို စားမိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှန်းသိရင် သူတို့လာပေးတာကိုမစားပါဘူး"

ဒေါ်ဇာရင် ထွက်သွားပုံကိုကြည့်ပြီး ဖိုးချွန်နှင့်စာလေး လက်ဝါးချင်းရိုက်၍ တဟားဟား ရယ်ကြလေတော့၏။

"ဖိုးချွန်"

"ဟား ဟား ဟား"

"ဟဲ့ . . . ဖိုးချွန်"

"ဗျာ . . . ဗျာအမေ"

"နင် တော်တော် ဝမ်းသာပီတိဖြစ်နေတယ်ပေါ့လေ။ ဟုတ်လား"

"အမေကလည်း"

"ဒီလောက်ဆိုးတဲ့ကောင် နင့်ကို ရန်ကုန်ကိုပို့ပစ်မယ် သိလား"

"ဗျာ"

မျက်နှာက ချက်ချင်း ပူဖောင်းကို လေလျှော့ပစ်လိုက်သလိုပါပဲ။ သူ ရန်ကုန်မှာ လုံးဝမနေချင်လို့ ကိုတိစီကျောင်းတက်တုန်းက တောင် ဟသ်ာတ တက္ကသိုလ်မှာပဲ တက်တာဖြစ်၏။ ရန်ကုန်က ဘကြီးအိမ်မှာနေရင် ဘကြီးမိန်းမ ပူညံ ပူညံလုပ်တာကို မခံနိုင်။

"အမေ . . . အဲဒါတော့"





"ငါက ဒါဆိုရင် ဒါပဲ"

"အမေ"

ဒါ အမိန့်ချသွားခြင်းလား။ ဒါပေါ့လေ သူကလည်း သူများ ထက်ချွန်ပြီး လွန်တာကိုး။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လေဆိပ်မှာ လာကြိုမယ့်သူကိုစောင့်ရင်း ဟိုဒီလိုက်ကြည့်နေစဉ် ဖုန်းက အသံမြည်လာသဖြင့် –

"ဟယ်လို"

"ကိုပိုင်လား ... ကိုပိုင် ကျွန်တော် ဝင်းလတ်ပါ"

"ပြော ... ကိုလတ်"

"အခု ကိုပိုင် ဘယ်ကိုရောက်နေပြီလဲ"

"လေဆိပ်မှာပဲ ရှိသေးတယ်"

"လာကြိုမယ့်သူကို စောင့်မနေနဲ့ကိုပိုင်။ ကိုပိုင်မှာ အန္တရာယ်တွေ ဝိုင်းနေတယ်။ အိမ်ကိုလည်း ပြန်မလာနဲ့၊ ကိုပိုင် တစ်နေရာရာမှာ





ရှောင်နေလိုက်ပါ။ ကျွန်တော့်စကားကို နားထောင်ပါကိုပိုင်။ အိမ်ကို ပြန်လာရင် ကိုပိုင့်အတွက် အန္တရာယ်ရှိလို့ပါ"

"ဒါပဲလား"

"ဒါပဲ ... ဒါပဲ"

ကိုလတ်ဘက်က အရင်ဖုန်းချသွားလေသဖြင့် ပိုင်လင်းဦး သက်ပြင်းချလိုက်သည်။ အိမ်မှာ ဘာတွေဖြစ်နေလို့လဲ။ ဖေဖေကရော ဘာလုပ်နေလို့လဲ။

ဖုန်းဆက်မေးတော့ အပြင်ထွက်သွားတယ်၊ နေမကောင်းလို့အိပ်နေတယ်၊ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ်ဆိုတာတွေ အကြောင်းပြချက်က အမျိုးမျိုးပါပဲ။

ဖေဖေ့ဖုန်းနံပါတ်ကိုတောင်းတော့လည်း သူက လက်ကိုင်ဖုန်း မကိုင်ဘူးတဲ့။ ဒီလောက်ဖုန်းတွေပေါ်နေတာ ဝဖေဖေ လက်ကိုင်ဖုန်း မကိုင်ဘူးဆိုတာ မဖြစ်နိုင်။

ဖေဖေ ဘာဖြစ်နေပြီလဲ။ အန္တရာယ် တစ်ခုခုများ ကြုံတွေ့နေပြီလားလို့ စိတ်ပူခြင်းနှင့်အတူ ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့စဉ် –

"ကိုပိုင်လင်းဦး မဟုတ်လား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေရပ်တန့်သွားခြင်းနှင့်အတူ မေးတဲ့လူကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

ပြီးမှ –

"ဟုတ်တယ်"

"ကျွန်တော်က ကိုပိုင်လင်းဦးကို လာကြိုတဲ့လူပါ"

"လာကြိုတဲ့လူ"

"ဟုတ်ပါတယ်"

ပိုင်လင်းဦး တွေခနဲဖြစ်သွားသည်။ ကိုလတ် ဖုန်းဆက်ပြီး ဘာမှမကြာသေးဘူး ကြိုမယ့်သူကရောက်လာပြီ။ သူ ခြေတစ်လှမ်း နောက်ကျသွားပြီပေါ့။ အင်း ရှောင်နေလည်းမထူးပါဘူး။ သူ ဖေဖေ့ကို စိတ်မချခြင်းတွေက အိမ်ကိုပဲ ပြန်ဖို့။ အိမ်မှာ ဘာတွေဖြစ်နေလဲ သိချင်သည်။

ကိုလတ်ပြောတဲ့ အန္တရာယ်ဆိုတာက ဘာလဲ။ အိမ်မှာ ဖေဖေ့ညီ ဦးကျော်တို့မိသားစုကိုခေါ်ထားတာကလွဲရင် အခြား လူစိမ်းမှ မရှိတာ။ ဟူး။

ပိုင်လင်းဦး နားလည်ရခက်စွာနှင့် အိမ်ကိုပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ လာမယ့်ဘေး ပြေးတွေ့ရုံပဲ ရှိတော့တာပေါ့။

"ကိုပိုင်လင်းဦး"





"ဗျာ"

"ကျွန်တော်တို့ သွားရအောင်"

"ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ"

"ကျွန်တော်က ခင်ဗျားတို့အိမ်က ဒရိုင်ဘာ ကိုသင်းမောင်ပါ"

"အရင်ဒရိုင်ဘာ ဦးသာခင်ကရော"

"တောပြန်သွားတယ်လို့ ပြောတာပဲ"

"ဪ"

"ကဲ ... သွားရအောင်"

"ကောင်းပြီ ... သွားကြတာပေါ့"

ကိုသင်းမောင်ဆိုတဲ့လူခေါ်ရာနောက်သို့ ပိုင်လင်းဦး လိုက်လာခဲ့တော့သည်။ ရင်ထဲမှာတော့ တထိတ်ထိတ်။ မမြင်နိုင်တဲ့ အန္တရာယ်ကို သူ ဘယ်လိုရင်ဆိုင်ရမလဲ။ ကိုယ့်အမိမြေမှာနိုင်ငံကို ပြန်လည်ခြေချပြီး ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေရမလား မှတ်ပါတယ်။

ခုတော့ ပြန်ခြင်းမကောင်းဘူးလို့ ဆိုရလောက်အောင် စိတ်တွေ ရှုပ်ထွေးနေရပြီ။

ကိုလတ်က အစအနောက်သန်သူဆိုတော့ တမင်များ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



နောက်သလား။ ဒါလည်း ဖြစ်နိုင်တာပဲလေ။

"ဒီမှာ"

"ဟင်"

"ကိုသင်းမောင်နော်"

"ဟုတ်ပါတယ်"

"ခင်ဗျားကို ကျွန်တော် တစ်ခုမေးလို့ရမလား"

"မေးလေ"

"ဒီလောက် ဖုန်းတွေပေါ်နေတာ ဖေဖေက ဘာလို့ လက်ကိုင်ဖုန်း မကိုင်တာလဲ"

"အဲဒါတော့ ခင်ဗျားအဖေနဲ့ တွေ့မှပဲ မေးကြည့်ပေတော့ဗျာ"

ပြောပြီး ကားက ရပ်သွားလေလျှင် –

"ဘာဖြစ်တာလဲဗျ"

"ဘာမှမဖြစ်ပါဘူး။ ဒီအနားမှာ ကျွန်တော် ဝင်စရာလေးရှိလို့ ခင်ဗျားပဲ မောင်းသွားလိုက်တော့ဗျာ"

"ကျွန်တော် စောင့်နေမယ်လေ"

ကိုသင်းမောင် သူ့ကို ခပ်တွေတွေစိုက်ကြည့်ပြီးမှ မျက်နှာ ပြန်လွှဲသွားကာ –





"သဘောပဲ"

ပိုင်လင်းဦး ကားတံခါးကိုဖွင့်ပြီး အောက်ဆင်းဖို့ပြင်လိုက်လေလျှင် –

"ဒုတ်"

"အား"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထန်းတောထဲမှာ ထန်းရည်သောက်နေကြတာ ဟိုတစ်ဖွဲ့ ဒီတစ်ဖွဲ့ပါ။ ဒီအထဲမှာ မတည့်ကြတာက ဖိုးချွန်တို့အဖွဲ့နှင့် ခွေးပုတို့အဖွဲ့။ ခွေးပုတို့အဖွဲ့က ဖိုးချွန်တို့အဖွဲ့ကို မျက်စောင်းတခဲခဲ ရှိနေသည်။

"ဦးစော"

"ဟေ"

"ကျွန်တော်တို့ဝိုင်းကို အမဲကြော်ချပေးပါဦးဗျ"

"အမဲကြော်က ကုန်နေပြီ ဖိုးချွန်ရ"

"ဒါဆို ဘာရှိလဲ"





"ဂျိုကတုံးသားပဲ ရှိတယ်"

"ထွီ"

ဂျိုကတုံးသားဆိုတာ ခွေးသားကိုပြောတာမို့ ဖိုးချွန် ထွီခနဲ လုပ်တာဖြစ်၏။ မြင့်မြင့်မြတ်မြတ်နေတဲ့လူက ယုတ်ညံ့တဲ့ခွေးသားကို စားစရာလား။ ဖိုးချွန် ဘယ်တုန်းကမှမစားသလို ဘယ်တော့မှလည်း စားမှာမဟုတ်ပေ။

"ဖိုးချွန်"

"ဘာလဲ"

"မင်းမစားဘူးမို့လား"

"ခွေးဆိုတာ တိရစ္ဆာန်ထဲမှာတောင် အယုတ်ညံ့ဆုံးကွ။ တစ်သက်လုံးမစားဘူး"

"သူ့ထက် ယုတ်ညံ့တာ ရှိပါသေးတယ်ကွ"

"ဘာလဲ"

"ချေးထဲကလောက်"

"စာလေး မင်း . . . ဝေါ်"

"ဟာ . . . ဖိုးချွန်"

ဖိုးချွန်က အဲဒီလိုရှုံတတ်သူ။ ဒါကိုပဲ အခွင့်ကောင်းယူပြီး နောက်လိုသူတွေက ပြုံးစိစိနှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းညိုက အရိပ်သုံးပါးနားမလည်စွာနှင့် –

"မင်း မစားပေမယ့် ငါစားချင်တယ် ဖိုးချွန်ရ"

"ဒေါင်းညို"

"ဟေ"

"စားချင်ရင် မင်း ဒီဝိုင်းကနေ ထွက်သွား"

"မင်းကလည်း"

"ငါပြောတာ ရှင်းရှင်းလေးနော်"

"ဟုတ်သားပဲ ဒေါင်းညိုရာ။ မင်းက ဖိုးချွန်မကြိုက်တာ သိသိကြီးနဲ့"

"အေး ... အေးပါကွာ။ မင်းတို့မကြိုက်ရင် ငါမစားတော့ပါဘူး"

သုံးယောက်သား အမြည်းမရှိတဲ့နှင့် ထန်းရည်ကိုသာ မော့ရ နေကြ၏။ သူတို့က အမြဲတမ်းသောက်နေကြသူတွေလည်း မဟုတ် ပေ။ တစ်ခါတလေ ကြုံကြိုက်မှသာ ပျော်ပျော်ပါးပါး သောက်ကြတာ ဖြစ်၏။ ကြက်ခိုး ဘဲခိုး ခိုးတာက တမင်အပျော်။ တကယ်တမ်းမှာ ဖိုးချွန် ပညာတတ်တစ်ယောက်မို့ –

ကောင်းခြင်း ဆိုးခြင်းကို ခွဲခြမ်းစိတ်ဖြာနိုင်သူတစ်ဦးပဲလေ ဒါကြောင့် ဆိုးသည့်အရာမှန်သမျှ ဘာကိုမှ အစွဲအလမ်းမရှိ။





"ဖိုးချွန်"

မော့ကြည့်လိုက်တော့ ဒယီးဒယိုင်ဖြစ်နေတဲ့ခွေးပု။

"ရော့ ... မင်းအတွက် ငါ ဒါနလေးပြုချင်လို့"

"ဒါနပြုရအောင် ငါ ဘုန်းကြီးမဟုတ်ဘူး"

"ဘုန်းကြီးမဟုတ်တာ သိတယ်။ ငါက မင်းကို အမျိုးတော် ချင်လို့ပါကွ"

"ဘာ"

"ရော့ ... ယူစားပါကွ"

ဒါ ရန်စတာ။ သူ့အဖေက မုဆိုးဖိုလေ။ ဖိုးချွန်အမေကို ပိုးတာ ဖင်တစ်ပိုင်းသေလုအောင်ပါပဲ။ ဒါကြောင့် ဖိုးချွန်ထရပ်ပြီး မုဆိုးကိုပြင်ဝတ်လိုက်၏။ လက်ဝါးကြီးဖြန့်ပေးလာတာလည်း ခွေးသား တွေပဲ ဖြစ်မှာပေါ့။ စူးစူးရဲရဲအကြည့်များနှင့် ဖိုးချွန်။

"ဒါ ... ဘာသားလဲ"

"ဂျိကတုံးသား"

"ခွပ်"

"အား"

"ဟာ ချပြီ"

"လာခဲ့စမ်း ခွေးပု။ နာမည်က ခွေးဖြစ်တာကောင် ခွေး



www.burmeseclassic.com

www.burmeseclassic.com



စဉ်မမိတဲ့ ခွေးပု၊ စားတော့ ခွေးသား၊ ပြောတော့ ခွေးစကား။ ခွေးသား လာခဲ့စမ်း"

"ခွပ်"

"အား"

"ဖိုးချွန်"

"လာခဲ့"

"ဖြောင်း"

"ဟာ ... ရန်ဖြစ်ကုန်ပြီ လုပ်ကြပါဦး"

ခွေးပုအဖွဲ့က လူတွေဝင်လာကြသလို ဒေါင်းညိုနဲ့စာလေးက လည်း ဝင်ထိုးလေတော့ ရန်ပွဲက ဆဲသံ ရိုက်သံ အော်သံတွေနှင့် ဆူညံသွားလေတော့သည်။ ဖိုးချွန်က မြွေပွေးလိုကောင်မျိုးလေး။ မထိရင် အန္တရာယ်မရှိပေမယ့် ထိလာရင်တော့ ထိတာနှင့် မီးပွင့်သွားအောင် တုံ့ပြန်တတ်သူ။

"ကဲကွာ"

"ဘုန်း"

"ဟာ ... ခွေးမသား ကဲ"

"ခွပ်"

"ဟော့ကောင်တွေ ... တော်ကြတော့"





နောက်တော့ ဘေးလူတွေဝင်ဆွဲကြရင်း ရန်ပွဲက ပြေသွား ပေမယ့် လူကြီးအိမ်ကို နှစ်ဖွဲ့စလုံးရောက်ကြတော့သည်။ ရန်စတော့ သူတို့၊ အသာစီးရလို့ အလျော်ပေးရတော့ ဖိုးချွန်။ သူတို့က ဒဏ်ရာ ရတာများပြီး ဖိုးချွန်ရတဲ့ဒဏ်ရာကျတော့ မပြောပလောက်လို့တဲ့။ အမေကတော့ ထုံးစံအတိုင်း တစ်ဖက်လူတွေကိုတောင်းပန်ပြီး အလျော် ပေးလေ၏။

ဒါ သက်သက်လူပါးဝတာ။ ဖိုးချွန်တို့က ချမ်းသာတယ်ဆိုပြီး သစ်ခနဲဆို အလျော်တောင်းနေကြတာ။ ဖိုးချွန် လုံးဝမကျေနပ်ပေ။ အိမ်ကိုရောက်တာနှင့် –

"အမေကဗျာ ... သူတို့ အရင်ရန်စလို့ဖြစ်တာကို ဘာလို့ တောင်းပန်ပြီး အလျော်ပေးရတာလဲ"

"ဘာ"

"ဒီလူတွေ ဒီလိုလုပ်လို့ရမှန်းသိနေကြတာ။ ဒါကြောင့် ဒီလို ဖြစ်လာဖို့တွေ ရှိကိုရှိဦးမှာ"

"အံမယ် ... နင်ပြောပုံက ငါကပဲ ပိုက်ဆံပေါလို့ အရာရာ ကို ငွေနဲ့ဖြေရှင်းနေတဲ့အတိုင်းပဲ"

"မဟုတ်လို့လား"

"အဲဒါ နင့်ကြောင့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပြဿနာ ကျွန်တော်ဖြေရှင်းအောင် မစောင့်ဘဲ အမေပဲ တဆိတ်ရှိ အလျှော်ပေးမယ်လုပ်တာ"

"ပြောလိုက်တာ ငါကပဲ အပြစ်လုပ်နေတဲ့အတိုင်း"

ဒေါ်ရီရီ သားကို မျက်စောင်းထိုးပြီး ဆေးလိပ်ကို မီးညှိကာ ဖွာနေလိုက်တော့၏။ အဲဒီလိုငွေနဲ့ မဖြေရှင်းလို့ ရမလား။ သူမမှာ ဒီသားလေးတစ်ယောက်ပဲရှိတာ။ မတော်တဆ ထိခိုက်ဒဏ်ရာရရင် မပြောနဲ့ ဆူးစူးမှာတောင် စိုးတဲ့ဥစ္စာ။ သင်းလေးက မသိဘူးလား။

မဖြစ်ပါဘူး။ သားကို ရန်ကုန်ပို့ပစ်မှကိုဖြစ်မှာပါ။ သူ မသွားချင်ဘူးဆိုတာနဲ့ ပို့မလိုက်ရ မပို့ဖြစ်ပဲ ထားခဲ့တာ မိုးကုန်လို့ ဆောင်းကိုတောင် ကူးလာခဲ့ပြီ။

"ဟဲ့ ... ဖိုးချွန်"

"ဗျာ"

"ဒီတစ်ခါတော့ နင် ငါ့ကို ဆင်ခြေမပေးနဲ့တော့။ အဝတ် ထုပ်သာပြင်ထား။ နင် တကယ် ရန်ကုန်ကိုသွားရမယ်"

"အမေ့"

"နင့်ကို ဒီမှာထားလို့ လုံးဝမဖြစ်တော့ဘူး"

"နောက်ကို"

"ထပ်မပေးနဲ့ ကတိ။ နင်ပေးတဲ့ကတိတွေသာ စပါးလို





ဆန်လို ဝမ်းစာထည့်လို့ရရင် ဆယ်နှစ်စာလောက် ဖူလုံတယ်။ ဒီတစ်ခါ [illegible]အတည်ပြောတာ။ မနက်ဖြန် ငါကိုယ်တိုင် ကားလက်မှတ် ဖြတ်ပေး လိုက်မယ်"

"အမေရယ် ... ဒီတစ်ခါ ကျွန်တော် တကယ်ကတိပေးတာ [illegible]"

"မလိုချင်ဘူး။ ဒီတစ်ခါ ငါကလည်း တကယ်ပို့မှာ။ နင့်ကို မထိန်းနိုင်တော့ဘူး ဖိုးချွန်။ အဲဒီတော့ ရန်ကုန်ကိုသွားမလား မိန်းမယူမလား တစ်ခုပဲစဉ်းစား"

"အမေရာ"

ဖိုးချွန် စိတ်ပျက်စွာခေါင်းကုတ်လိုက်စဉ်မှာပဲ ဒေါ်ရီရီခင်က ခြေဆောင့်၍ ထသွားလေတော့သည်။ ဖိုးချွန်က မိန်းမယူဖို့ မစဉ်စား သေးဘူးဆိုတော့ ရန်ကုန်ကိုသွားရုံပဲရှိတော့တာပေါ့။ ဖိုးချွန် ရန်ကုန်ကို သွားမယ်ဆိုတာနှင့် စာလေးနှင့် ခေါင်းညှိုရောက်လာပြီး –

မျက်နှာမကောင်းကြပေ။ ပြီးတော့ ဝမ်းနည်းစကားတွေ ပြောပြီး ကားဂိတ်ကို လိုက်ပို့ကြ၏။

"ဖိုးချွန်"

"ဟင်"

"တို့ တကယ်စိတ်မကောင်းဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . မင်းတို့ကို အမြဲသတိရနေမှာပါ။ မင်းလည်း တို့ကို မခွဲချင်ဘူးဆိုတာ တို့သိပါတယ်"

"ကဲ . . . ငါ သွားမယ်ကွာ"

ဖိုးချွန် ကားပေါ်ကိုတက်တဲ့အထိ အမေပါ အားလုံးတက် လိုက်လာပြီးမှာတာတွေ တတွတ်တွတ်။

"သား"

"ဗျာ"

"အမေမှာတာတွေ မမေ့နဲ့နော်"

"ဟုတ်ကဲ့"

"မင်းဘကြီးစကားကိုနားထောင် ကြားလား"

"ဟုတ်ကဲ့"

"ကျန်းမာရေးကို ဂရုစိုက်"

ပြောပြီး ဒေါ်ရီရီက ငိုလေတော့သည်။ တောမှာနေရင် သား ဆိုးသထက်ဆိုးလာမှာ စိုးလို့သာ ရန်ကုန်ကို လွှတ်ရတာ။ တကယ်တော့ ဒေါ်ရီရီ သားကိုမခွဲနိုင်ပေ။ မခွဲနိုင်လည်း ခွဲရတော့မှာပဲ တော သင်းလေးက သူ့ဘကြီးကိုမှ ကြောက်တာကိုး။

မအေကိုကျတော့ ဖုတ်လေသည့်ငါးပိ ရှိတယ်လို့မှ မှတ် တာ။ ဒီတော့ ခွဲမှပဲဖြစ်မှာ မဟုတ်လား။





"အမေ"

"သား"

"အမေက ဘာလို့ငိုနေတာလဲ။ ကျွန်တော့်ကိုမခွဲနိုင်လို့ ဟုတ်လား။ ကားလက်မှတ် အဆုံးခံမယ် ကျွန်တော်မသွားတော့ ဘူးဗျာ"

"ဟဲ ဟဲ"

ထရပ်မလို့ပြင်တဲ့ ဖိုးချွန်ပခုံးကို ဒေါ်ရီရီ ဖိအုပ်ပြန်ထိုင်ခိုင်းရင်း မျက်ရည်တွေကိုလည်း သုတ်ပစ်ကာ –

"ငါ မငိုတော့ဘူး နင်သွားရမယ် ဒါပဲ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အား ကျွတ် ကျွတ်"

ခေါင်းက တဆစ်ဆစ်ကိုက်ခဲနေရုံသာမက တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ပိုင်လင်းဦး မျက်လုံးကို ဖွင့်ကြည့်လိုက်တော ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပေ။ သူ ဘာဖြစ်တာလဲ။ စဉ်းစားရင်း မျက်လုံးကို ပြန်မှိတ်လိုက်သည်။

"လူလေး သတိရလာပြီလား"

"ရှင်ကလည်း သတိရလို့ မျက်လုံးဖွင့်ကြည့်တာပေါ့"

ပိုင်လင်းဦး နောက်တစ်ခါမျက်လုံးကို ဖွင့်ကြည့်လိုက်တော ပထမတစ်ခါလောက် အမြင်က မှုန်ဝါးမနေတော့ပေ။ နောက်တစ်ကြိ





မျက်လုံးကို အတန်ကြာပြန်မှိတ်ထားပြီး ဖွင့်ကြည့်တော့မှ . . .

အမြင်က ကြည်လင်ပြီး သူ့မျက်နှာကို စီးမိုးကြည့်နေတာ ဦးလေးကြီးတစ်ယောက်နှင့် အဒေါ်ကြီးတစ်ယောက်။ သူတို့ ဘယ်သူတွေလဲ။ သူတို့ကို ပိုင်လင်းဦး မသိပေ။

"လူလေး . . . သတိရလာပြီနော်"

"အား ကျွတ် ကျွတ်"

"မထနဲ့လေကွယ်"

"ကျွန်တော် . . . ကျွန်တော် ဘယ်ကိုရောက်နေတာလဲ"

"ဘယ်ကိုရောက်ရမှာလဲ၊ ငါ့အိမ်ကိုရောက်နေတာလေ ဗိုးချွန်ရ"

"ဗျာ"

"လာမယ်ဆိုလည်း ဖုန်းလေး,ဘာလေး ကြိုဆက်ရောပေါ့ ဗိုးချွန်ရာ၊ ငါ ကားဂိတ်ကို လာကြိုမှာပေါ့ကွ။ ကဲ ပြောပါဦး . . . မင်း ဘာဖြစ်လာတာလဲ။ မဟုတ်မှလွဲရော . . . မင်းမှာ ပိုက်ဆံများများ ပါလာလို့ မသမာသူတွေက သတ်ပြီး ယူသွားတာပဲဖြစ်မယ်။ ဟိုလူတွေက မင်းကို သေပြီထင်ပြီး ထားခဲ့တာ။ တော်သေးတာပေါ့ တို့လင်မယားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့"

ဦးမောင်လွင်ပြောသမျှကို ပိုင်လင်းဦး ဘာမှ နားမလည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေတော့သည်။ ဦးလေးကြီးရဲ့မျက်လုံးနဲ့ ပြောပုံဆိုပုံတွေက သူ့အပေါ် တရင်းတနှီးပါပဲ။ ပြီးတော့ သူ့ကိုခေါ်တာ ဖိုးချွန်တဲ့။ သူ့နာမည်က ပိုင်လင်းဦးပဲဥစ္စာ။ ဖိုးချွန်လို့ခေါ်တာ တစ်ယောက်မှ မရှိပေ။

ငယ်ငယ်တုန်းကတော့ ပိုင်ပိုင်လို့သာ ချစ်စနိုးခေါ်ကြပြီး အခု လူအတော်များများကို ပိုင်လို့ပဲခေါ်ကြတာလေ။

"လူလေး ဖိုးချွန်"

"ဟို ... ဖိုးချွန်ဆိုတာ ကျွန်တော့်ကိုခေါ်တာလား"

"ဟုတ်တယ်လေ ... မင်းနာမည်က ဖိုးချွန်ပဲဟာ"

"ကိုလွင်"

"ဟေ"

"ရှင့်တူ ခေါင်းကိုထိပြီး ဗီဒီယိုထဲကလို အတိတ်တွေ ဘာတွေများ မေ့သွားပြီလား မသိဘူး"

"ဟာ ... မမေ့ပါဘူး။ ကျွန်တော် မမေ့ဘူး"

"မမေ့ဘူးသာ ပြောတယ်၊ ကိုယ့်နာမည်တောင် ကိုယ်သတိ မရတော့ဘူး"

"ရပါတယ်၊ ကျွန်တော့်နာမည် ပိုင်လင်းဦးပါ။ ဖိုးချွန် မဟုတ်ပါဘူး"





"ပိုင်လင်းဦး"

"ဟုတ်ပါတယ်"

လင်မယားနှစ်ယောက် အကြည့်ချင်း ဆုံသွားကြ၏။ ဖိုးချွန် ခေါင်းမှာ ဒဏ်ရာရပြီး ဝေါက်သွားပြီလားလို့လေ။ ဘယ်လိုပဲကြည့်ကြည့် ဖိုးချွန်မှ ဖိုးချွန်ပါပဲ။

"မင်းနဲ့ငါ ဘာတော်လဲ သိလား"

"ဟင့်အင်း"

"မသိရင်မှတ်ထား ... ငါက မင်းအမေရဲ့အစ်ကို၊ မင်းရဲ့ ဘကြီးအရင်းပဲကွ။ နာမည်က ဦးမောင်လွင်။ ဒါက ... ငါ့မိန်းမ၊ မင်းရဲ့ဒေါ်ကြီး မကြည်ညို"

"ဦးမောင်လွင်နဲ့ ဒေါ်ကြည်ညို"

"ဟုတ်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် မှတ်ထားပါ့မယ်"

"မှတ်ထားပါ့မယ်ဆိုတော့ မမှတ်မိတဲ့သဘောပဲ၊ အဲဒါလည်း ကောင်းပါတယ်။ မင်းလောက်ဆိုးတာ မင်းပဲရှိတယ်။ မင်းအမေ မင်းကို သူ မထိန်းနိုင်တော့လို့ ငါ့ဆီ ပြန်ပို့လိုက်တာပဲဖြစ်မယ်။ ခုတော့ မျောက်ကို ခြေထောက်ရိုက်ချိုးထားသလိုဖြစ်ပြီ၊ ဟေ ဟေ ... ကောင်းတယ် ... ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

အမေဆိုတဲ့ ဝေါဟာရလေးကြောင့် ပိုင်လင်ဦး တွေခနဲဖြစ်သွားသည်။ အမေတဲ့။ စိတ်ထဲခေါ်ကြည့်မိပြီး ရင်ထဲမှာ နွေးထွေးသွား၏။ လူမှန်းသိတတ်စအရွယ်ကတည်းက အမေဆိုတာ ဘာမှန်းမသိခဲ့ရတဲ့ သူ့ဘဝမှာ အမေ့ရင်ခွင်ဆိုတာ ဘယ်လိုနေလဲ ခိုဝင်ကြည့်ဖူးချင်လိုက်တာ။

အဖေက မိုးလင်းမိုးချုပ် စီးပွားရေးအလုပ်နဲ့ပဲ အချိန်ကုန်နေတော့ တစ်အိမ်တည်းမှာ အတူနေပြီး နွေးထွေးမှုတွေ ပပျောက်နေတာလည်းအမှန်။ တစ်နေ့တစ်နေ့ ဖေဖေ့ညီ ဦးကျော်ရဲ့မိန်းမ ဒေါ်မုန်းမာန် ချမှတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြားမှာ သူ့ထိုင်ဆိုထိုင် သူ့ထဆိုထ ဘဝနဲ့ ကြီးပြင်းလာခဲ့တာ။

ကြာတော့ ကိုယ်ဟာ နှလုံးသားမဲ့စက်ရုပ်တစ်ရုပ်လို အေးစက်ထုံထိုင်းလာခဲ့သည်။ နောက်တော့ စိတ်ထွက်ပေါက်ရှာတဲ့အနေနဲ့ နိုင်ငံခြားမှာ ကျောင်းတက်ချင်တယ်လို့ ပူဆာတာကို မျက်စိကွယ်ရာ နားကွယ်ရာမှာ သူ့ကို ပျက်စီးမှာစိုးလို့ဆိုပြီး ဦးလေးလင်မယားက တားမြစ်ခဲ့သေးသည်။ ဖေဖေက သွားပါစေဆိုပြီး ခွင့်ပြုလို့ သွားခွင့်ရတဲ့နောက်မှာ –

အခု ပြန်လာတာနှင့် လုပ်ကြံခံရ၏။ ကိုယ့်ကို ရိုက်နှက်ပြီး





သေပြီဆိုကာ ထားခဲ့ကြတာ။ တော်သေးတာပေါ့။ ကယ်တင်ရှင်နဲ့တွေ့ခဲ့လို့။ သူ အိမ်ကိုပြန်ချင်စိတ်လည်း မရှိတော့ပေ။ ဒါကြောင့် သူတို့ပြောတဲ့ ဖိုးချွန်ယောင်ဆောင်ပြီး ချော်လဲရောထိုင်လိုက်တာ အကောင်းဆုံးပါပဲ။

"ဦးလေး"

"မဟုတ်သေးဘူး"

"ဗျာ"

"မင်းခေါ်တာ ဘကြီးလေ"

"ဪ . . . အင်း ဘကြီးဆိုတော့လည်း ဘကြီးပေါ့"

ချော်လဲရောထိုင်ခြင်းအလုပ်ကို စတင်ရပြီ။

"မင်း ဘာပြောချင်လို့လဲ ပြောလေ"

"ကျွန်တော့်အမေဆိုတာ ဘယ်သူလဲဟင်"

"မင်းအမေက ရီရီခင်လေ ဖိုးချွန်ရဲ့"

"ရီရီခင်"

"ဟုတ်တယ်"

ဝင်ဖြေလိုက်သူက ဒေါ်ကြည်သိုဖြစ်ပြီး ပိုင်လင်းဦး သံယောင်လိုက်ရွတ်မိ၏။

"ကျွန်တော့်အမေနဲ့ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်း ဒီကိုလာရင်း ခုလိုဖြစ်တော့ တို့လည်း မင်းအမေကို ဖုန်းဆက်အကြောင်းကြားထားပါတယ်။ မနက်ဖြန် သူ ရောက်လာလိမ့်မယ်"

"မသေကောင်း မပျောက်ကောင်းနဲ့ တော်သေးတာပေါ့ ဖိုးချွန်ရယ်။ မင်းဘကြီးက အမှုဖွင့်ရင် ပြဿနာတွေ ရှုပ်ကုန်တာနဲ့ အလုပ်ပျက်မှာစိုးတာ။ အဲဒါကြောင့် မင်းကို ဆေးရုံမတင်ဘဲ အိမ်မှာပဲ သူတတ်တဲ့ တိုင်းရင်းဆေးပညာနဲ့ မင်းဒဏ်ရာတွေကိုကုတာ။ ခုလို ကောင်းလာတာ မင်းရဲ့ကံပဲပေါ့"

"မင်းကလည်း"

ဦးမောင်လွင် ဇနီးကို မျက်စောင်းထိုးလိုက်သလိုဖြစ်သွားခြင်း သည် မင်းဘကြီးက အလုပ်ပျက်မှာစိုးလို့ဆိုတဲ့စကားကြောင့်ပါ။ အမှန်ပေမယ့် ဟိုအရင်က တိုင်းရင်းဆေးဖြင့် ကုစားခဲ့ဖူးသော ကိုယ့်ပညာကိုလည်း ယုံကြည်လို့ဖြစ်၏။

"ကဲ . . . ဖိုးချွန်"

"ဗျာ"

ခေါ်ဖန်များရင် ဒီနာမည်က နားရည်ဝသွားမှာပါ။

"မင်း သတိရလာပြီဆိုတော့ အသက်အန္တရာယ် ဘာမှ စိုးရိမ်စရာမရှိတော့ဘူး ကြားလား"





"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဘကြီးရယ်"

"တူဝရီးချင်း မလိုပါဘူးကွာ"

"ကဲ . . . ရှင် ဒီနေ့ သွားဖြစ်ဦးမှာလား"

"သွားမှာပါကွ"

"ဘကြီး သွားစရာရှိလို့လား သွားလေ။ ကျွန်တော် နေသာပါ တယ်"

"အေး . . . ဘကြီး သစ်စက်ထဲကို သွားလိုက်ဦးမယ်ကွာ နော်"

"ဟုတ်ကဲ့"

ဘကြီးက သူ့ကို နှုတ်ဆက်၍ ထွက်သွားလေလျှင် ပိုင်လင်း ဦး သက်ပြင်းချလိုက်၏။ မိသားစုကြားမှာနေရတာထက် သူစိမ်းတွေ ကမှ ကိုယ့်အပေါ် နွေးထွေးမှုရှိပါသေးလား။ ဖေဖေ သူ့အပေါ် အရမ်းစိုက်နိုင်တဲ့ကာလတွေမှာ -

ဦးကျော်တို့လင်မယားက သူ့အပေါ် ဩဇာအာဏာတွေပြပြီး သွမ်းမိုးချင်ကြသူတွေ။ ငယ်ငယ်လေးကတည်းက သူတို့ပုံစံခွက်ထဲမှာ ကိုယ်က အရုပ်ကလေးတစ်ရုပ် ဖြစ်ခဲ့တာ။ နိုင်ငံခြားရောက်မှ ကိုယ် သည် ကိုယ့်ဘဝအတွက် ကိုယ်သာ ဆရာပါလားလို့ တွေးမိပြီး ထုံတတ်သေးဘဝကို ပြောင်းပြန်လှန်ပစ်ဖို့ အင်အားတွေ စုဆောင်းခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့တော့ –

သူတို့က ကိုယ့်ထက် ခြေတစ်လှမ်းဦးနေတာလားမသိ။ သူ့ကို လာကြိုပြီး လုပ်ကြံတဲ့သူက ဘယ်သူလဲ။ သူနဲ့ အရင်းနှီးဆုံးလူ တစ်ယောက်ယောက်က မနိုင်းဘဲ အခြားသူစိမ်းတစ်ယောက်ကတော့ မေတ္တာကြီးသက်သက် လုပ်ကြံမှာမဟုတ်ပေ။ ခိုင်းသူရှိလို့ လုပ်တာပဲ ဖြစ်မှာပေါ့။ ကိုလတ်က ဘာတွေသိထားလို့ သူ့ကို ဖုန်းဆက်သတိပေး တာလဲ။

"မိုးချွန်"

"ဗျာ"

"ဒီမှာ ဒေါ်ကြီး ဆန်ပြုတ်ယူလာတယ်။ ပူတုန်းသောက် လိုက်ဦးနော်"

"ကျွန်တော့်အတွက်နဲ့ ဒေါ်ကြီးတို့တာဝန်တွေ ပိုကုန်ပြီး စိတ်မကောင်းလိုက်တာဗျာ"

"အံမယ် . . . ခွေးဖင်က နတ်စကားထွက်လို့။ နင်တို့အိမ်ကို ရောက်လို့ ဘယ်တုန်းက အားနာဖူးလို့လဲ ပြောစမ်းပါဦး။ မလာလိုက်နဲ့ လာလိုက်တာနဲ့ မျောက်ထက်ဆိုးတယ်"

ပိုင်လင်းဦး ပြုံးလိုက်မိပြီး –

"ခုလည်း ဒဏ်ရာတွေ မပျောက်သေးလို့ပါ"





"အေး . . . ဒီတစ်ခါဆို နင့်ဘကြီး နင့်ကိုရှာပြန်မပို့ဘဲ မဲဇာ ပို့ပစ်လိမ့်မယ် သိလား"

ဒီလိုပြောခြင်းသည် ဒေါ်သမပါဘဲ စေတနာစကားသက် သက်ဆိုတာ မျက်နှာအမူအရာက ရုပ်လုံးကြွနေတာပဲလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကားပေါ်ကဆင်းပြီး သက်ပြင်းကို ဟင်းခနဲချလိုက်မိ[illegible] တောမှာ သဘာဝလယ်ကွင်းထဲကလေကို ရှူရှိုက်ရတာပဲ ဖိုးချွန်က သဘောကျတာလေ။ မြို့ရောက်လာတာနဲ့ မျက်စိလည်းရှုပ် နားလည်း ပူရသည့်ကြားထဲ အနံ့အသက်က တောမှာ ရှူရတဲ့လေလောက် သန့်ရှင်းလတ်ဆတ်မနေ။

ဖိုးချွန် လျှောကျသွားတဲ့ အိတ်ကြိုးကို ပခုံးပေါ်သို့ ပြန်ဆွဲ တင်ရင်း ဒုတိယအကြိမ် သက်ပြင်းချလိုက်မိ၏။ "သားလိမ္မာပါတော့ မယ် အမေ" ဆိုပြီး တောကိုပြန်ပြေးရကောင်းမလား။

"ကွိ ငွိ"





"ဟာ"

ဗိုက်ထဲက ဆန္ဒပြလာသဖြင့် ခြေလှမ်းကို စတင်အလုပ်ပေး လိုက်ရသည်။ တစ်ခုခုတော့ စားဦးမှဟု ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ခဲ့လေ လျှင် –

"အစ်ကို ... ဘာစားမလဲ ဘာသောက်မလဲ"

"ထမင်းပဲစားမှာ"

"ဘာနဲ့စားမှာလဲ"

"လက်နဲ့"

"ရှင်"

လာမေးတဲ့ကောင်မလေး မျက်လုံးအဝိုင်းသားနဲ့ ဖြစ်သွားပြီး ... 

"ဟိုလေ ... ဘာ ဘာဟင်းနဲ့စားမှာလဲလို့ မေးတာ၊ [illegible]ကိုရဲ့"

"မသိဘူးလေ၊ နင်မေးတာက အမည်နာမမှမပါတာ။ ကြက် [illegible]နဲ့"

"ဟုတ်ကဲ့ ... ခဏစောင့်နော်"

ဖိုးချွန်တစ်ယောက်တည်းမို့ အေးအေးဆေးဆေး ကြည့်ချင် [illegible] လိုက်ကြည့်နေ၏။ ဗိုက်ကဆာနေတော့ ကြာလိုက်တာဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးနေရင်းပဲ ထမင်းတွေ ဟင်းတွေရောက်လာတော့ ခေါင်းမဖော်တမ်း စားလေတော့သည်။

စားသာစားရတယ် တောမှာရိုးချက်စားရတဲ့ ကာလသားချက်လောက် ခံတွင်းမတွေ့။ အင်း ဘကြီးအိမ်ရောက်ရင်လည်း ဒီလိုအချိုချက်တွေပဲ စားရမလားပဲ။ ဖိုးချွန် မြို့ရောက်လာတာကိုပဲ စိတ်ထဲမှာ ဒုက္ခဆင်းရဲရောက်နေသလို ခံစားရသည်။

"ဟာ . . . ဟိုမှာ"

"ဘာလဲကွ"

"ကိုပိုင်"

"ဟုတ်လို့လား"

"သေသေချာချာကြည့် . . . ကိုပိုင်မှ ကိုပိုင်အစစ်ပဲ"

"တိုက်ဂေါ်ကြီး"

"မင်းကလည်း သူ ပုံစံပြောင်းထားတာဖြစ်မှာပေါ့"

"အင်း"

"လာ . . . သွားရအောင်"

ထိုအသံတွေသည် ကိုယ်နှင့်မဆိုင်တာမို့ ဖိုးချွန် ထမင်းကိုသာငုံ့စားနေတာ ဘယ်ကိုမှမကြည့်။

"ကိုပိုင်"





"___"

"ကိုပိုင်"

"ဟင်"

"ကိုပိုင်"

"ဟင်"

"ထူးတယ် တွေ့လား၊ အဲဒါ ဟုတ်လို့ပေါ့"

"ခင်ဗျားပခုံးကိုပုတ်လို့ အသံထွက်သွားတာ။ ထူးတာမဟုတ်ဘူး"

ဖိုးချွန် ဖြေလိုက်ပုံက ကောက်ကာငင်ကာ၊ ဟုတ်တယ်လေ သူထူးလိုက်တာမှ မဟုတ်တာ။ အံ့ဩခြင်းကြောင့် ထွက်သွားတဲ့ အာမေဋိတ်သံကို။ သူနဲ့မသိဘဲ ရယ်ပြကာ ဝင်ထိုင်လေတော့ မျက်မှောင်ကြုတ်သွား၏။

မြို့ကလူလည်တွေပေါ့တယ်လေ၊ သိသလိုလုပ်ပြီး ကိုယ့်မှာပါတဲ့ ပိုက်ဆံလေး သမသွားရင် ဒုက္ခဆိုတဲ့အတွေးက ကျောပိုးအိတ်ကို ကျစ်နေအောင် ဆုပ်လိုက်မိခြင်းသို့ရောက်၏။

"ကိုပိုင်"

"____"

"ကျွန်တော်တို့ ကိုပိုင့်ကို လိုက်ရှာနေကြတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုဒီဒီ ငေ့ကြည့်ပြီးမှ –

"ခင်ဗျား ဘယ်သူ့ကိုပြောတာလဲ"

"ကိုပိုင့်ကိုလေ"

"ကျွန်တော့်ကို"

"ဟုတ်တယ်"

"ဟား ဟား ဟား"

ဖိုးချွန် သဘောကျစွာရယ်ပြီးမှ ပတ်ဝန်းကျင်ကို သတိရကာ ပါးစပ်ကို လက်နှင့်ပိတ်လိုက်မိ၏။ သတိထားဖိုးချွန်ရေ သတိထား။ ဒါ တောမဟုတ်ဘူးကွ မြို့။

"ကိုပိုင်က ဘာကိုရယ်တာလဲ"

"ဒီမှာ"

"ဗျာ"

"ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် မပိုင်လို့ဘဲ အမေ မဲဇာလို့ တာကို ခံရတာဗျ။ ဒီရန်ကုန်ကို လုံးဝလာချင်တာ မဟုတ်ဘူး"

"အမေ ဟုတ်လား"

"ဟုတ်တယ်လေ"

ကိုလတ်နဲ့ နောင်နောင် အကြည့်ချင်းဆုံသွားကြ၏။ ခုံဆို ကိုပိုင်မှာက အမေမှမရှိဘဲလေ။ ပြီးတော့ ဟိုလူတွေ ကိုပိုင့်ကို လုပ်ကြ





တိုင်ပင်နေကြတာ ကိုလတ်ကိုယ်တိုင် ကြားခဲ့တာပဲ။ ကိုလတ် ဖုန်းဆက်ပြီးသတိပေးပေမယ့် ကိုပိုင် အိမ်ကို ပြန်ရောက် မလာခဲ့ပေ။

သူတို့လိုက်စုံစမ်းတော့ သတင်းအစအနပင်မရ။ သတ်ပြီး အစဖျောက်လိုက်တာလား။ ကိုပိုင်က အိမ်မပြန်ဘဲ တမင်ရှောင်နေတာ လား။ အခုတွေ့နေရတဲ့လူက ကိုပိုင် ဟုတ်လား မဟုတ်ဘူးလား ဆိုတာ။

"ဟာ . . . ကိုပိုင်ကလည်း ကိုပိုင့်မှာ အဖေပဲရှိတာလေ။ အမေမှမရှိတာဗျ"

"ကျွန်တော်က ခင်ဗျားတို့ပြောတဲ့ ကိုပိုင်မှ မဟုတ်ဘဲဗျ"

"ဒါဆို"

"ကျွန်တော့်အမေက ဒေါ်ရီရီခင်။ ကျွန်တော်က ဒေါ်ရီရီခင် ရဲ့တစ်ဦးတည်းသောသား ဖိုးချွန်။ နာမည်ရင်းက မိုးချိုဦး။ တောက တက်လာတာ ရှင်းပြီလား"

ကိုလတ် နောင်နောင့်ကိုကြည့်လိုက်တော့ –

"ဒါဆို ကိုမိုးချိုဦး"

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော့်ကို လူတိုင်းက ဖိုးချွန်လို့ပဲ ခေါ်ကြတာ။ အဲဒီလိုပဲခေါ်။ သူများတွေထက် ပိုပြီး လွန်လွန်းချွန် လွန်းလို့ ဒီနာမည်ကို အမေက အမွေပေးထားတာ။ ရာဇဝင် အပျက်



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး''

''ဆောရီးဗျာ . . . ကိုဖိုးချွန်က''

''ကိုမထည့်နဲ့ ဖိုးချွန်ပဲခေါ်''

''ဟုတ်ပါပြီ၊ ဖိုးချွန်က ကျွန်တော်တို့ဆရာ ကိုပိုင်နဲ့ ရုပ်ချင်းခွဲမရအောင် တူနေလို့ ကျွန်တော်တို့လူမှားတာပါ''

''ကျွန်တော်နဲ့တူတယ် ဟုတ်လား''

''ဟုတ်တယ်၊ ချွတ်ပြီး စွပ်ထားတဲ့အတိုင်းပဲ''

''ဟေ့ကောင်''

''ရုပ်ကိုပြောတာလေ''

သူနဲ့ ရုပ်ချင်းခွဲမရအောင် တူတယ်ဆိုတော့ ဖိုးချွန် စိတ်ဝင်စားသွား၏။

''သူက ဘယ်မှာလဲ''

''ကျွန်တော်တို့ သူပျောက်လို့ လိုက်ရှာနေကြတာ''

''ဗျာ''

''ကိုပိုင်တို့က အရမ်းချမ်းသာတယ်လေ။ အဲဒါကြောင့် အမွေကိစ္စတွေကြောင့် အသားထဲက လောက်ထွက်ပြီး သူ့ကို အန္တရာယ်ပေးမယ့်သူတွေက ရှိနေတယ်''

ဖိုးချွန် စိတ်ဝင်စားသွား၏။ သူက ဝတ္ထုဆို စွန့်စားခန်းတွေ





ဖတ်ပြီး ဗီဒီယိုဇာတ်ကြမ်းကားတွေမှ ကြည့်တဲ့သူ။ ကိုယ်ကိုယ်တိုင်ကလည်း စွန့်စားရမယ့်အလုပ်ကို ဝါသနာကြီး၏။ ဒါကြောင့် ဒီအရှုပ်အထွေးဆိုတာကို စိတ်ဝင်စားတာဖြစ်သည်။

''ဆက်ပါဦး''

''ကိုပိုင်က အရမ်းနုံးညံ့တယ်ဗျ''

''အင်း''

''နုံးညံ့တာကောင်းပေမယ့် သည်းခံလွန်းတော့ ကြောက်တာ ပျော့ညံ့တာ ဖြစ်ကရော။ ဒါ ကြမ်းတမ်းယုတ်မာတဲ့သူတွေနဲ့ အတူရှိနေရင် ပြောတာပါ''

အစချီပြီးကိုလတ်က ကိုပိုင်တို့မိသားစုအကြောင်းကို ရှင်းပြနေလတော့သည်။ ဦးဇော်ဦးက တစ်ဦးတည်းသောသားလေးကို ညီဖြစ်သူ လင်မယားလက်ထဲမှာ ယုံယုံကြည်ကြည်အပ်ပြီး စီးပွားရေးကိုခေါင်းတောက်အောင်ရှာသူ။

ဦးကျော်ဦးလင်မယားက ထိုယုံကြည်မှုကို အခွင့်ကောင်းယူပြီး အုပ်ထိန်းသူလို့ ကြွေးကြော်ကာ ရေ့တင်တစ်မျိုး ကွယ်ရာတစ်မျိုးပါပဲ။ ကွယ်ရပ်မှာ ကိုပိုင့်ကို ဖိနှိပ်ချုပ်ချယ်သည်။ နှိပ်စက်တဲ့အခါရှိလို့ ဦးဇော်ဦးသိသွားတဲ့အခါ ကလေးကို ပျက်စီးမှာစိုးလို့ဆိုတာတွေ။

နားဝင်ချို့အောင်ပြောတော့ ဦးဇော်ဦးက ယုံသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာတော့ သူ့သားကို ရွှေပေါ်မြတင်ထားတာကို။ တကယ်တော့ ညီဖြစ်သူ လင်မယား လောဘဇောတိုက်ပြီး ဘာတွေကြံစည်နေတယ်ဆိုတာကို သူမသိ။

ကိုပိုင်ကလည်း ထွက်ပေါက်ရှာပြီး နိုင်ငံခြားကို ထွက်သွားတော့ ဦးဇော်ဦး အက်ဆီးဒင့်ဖြစ်ပြီး ဒုက္ခိတဖြစ်တာကို ကလေးစိတ်ဆင်းရဲမှာစိုးလို့ဆိုပြီး လုံးဝမပြောခဲ့ကြ။ နောက် သူတို့ကြံတာ ကိုပိုင်အိမ်ကို ပြန်ရောက်မလာတာတွေအားလုံးကို ပြောပြလိုက်တော့ –

"အင်း ... တော်တော် စိတ်ဝင်စားဖို့ကောင်းတယ်"

"ဖိုးချွန်"

"ဗျာ"

"ခင်ဗျား ကျွန်တော်တို့ကို ကူညီနိုင်မလား"

"ဘာကူညီရမှာလဲ"

"ဦးကျော်ဦးတို့ကို ကျွန်တော် မျက်စိလှည့်ချင်တယ်"

"ဘယ်လို"

"ကူညီပါဗျာ ... နော်"

ဖိုးချွန် တွေခနဲ ဖြစ်သွား၏။ စွန့်စားရမှာကို ဝါသနာတော့ အကြီးသား။ ဒါပေမဲ့ အမေက ဘကြီးဆီ ဖုန်းဆက်လို့ ရောက်မလာဘူးဆိုရင်။





ဟာ ... ဘာပဲဖြစ်ဖြစ် ယောက်ျားလေးပဲဟာ။ မသေရင် ပြန်တွေ့ရမှာပေါ့။

"ကျွန်တော် ဘာလုပ်ရမလဲ ပြော၊ ကူညီမယ်"

"ဟာ ... တကယ်"

"အင်း"

"ဝမ်းသာလိုက်တာ ဖိုးချွန်ရာ။ အဲ ... ကိုပိုင်"

"ဖိုးချွန်လေ"

"မကြာခင် ကိုပိုင်ဖြစ်ရတော့မှာလေ။ အဲဒီတော့ ကိုပိုင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လိုက်တော့"

"ကဲ ... တို့သွားရအောင်"

ကိုလတ်ဆိုသူက ဖိုးချွန်စားထားတာတွေအတွက် ရှင်းပေး၏။ ပြီး သူတို့နဲ့ ဖိုးချွန် လိုက်ခဲ့ပြီးနောက် နောင်နောင်က –

"ငါက မင်းရဲ့သူငယ်ချင်း နောင်နောင်နော် မှတ်ထားဦး"

"နောင်နောင်"

"အင်း"

"ကိုပိုင်"

"----"

"ခေါ်နေတယ် ထူးလိုက်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုထူးရမှာလဲ"

"ဗျာလို့ ထူးရမှာ"

"ဟုတ်လား"

"ပြန်ခေါ်ကြည့်မယ်"

"ခေါ်"

"ကိုပိုင်"

"ဗျာ"

"ကိုပိုင်"

"ဗျာ"

သုံးယောက်သားရယ်လိုက်မိကြ၏။ နောင်နောင်က ဖိုးချုန်ကို သူ့အိမ်ခေါ်သွားဖို့ တာဝန်ယူပြီး ကိုပိုင်နဲ့တူအောင် အများကြီး လေ့ကျင့်ပေးရဦးမည်။ ကျားကို သိုးယောင်ဆောင်ခိုင်းရတာကတော့မလွယ်။ နေတာကတော့ ခုစရိုက်နဲ့မှ ဟိုလူတွေ ရှုံကုန်မှာ။ ပြောတာ ဆိုတာနဲ့ သိသင့်သိထိုက်တာတွေကို လေးငါးရက်လောက် သင်တန်း ပို့ချပေးမှ။ ကိုလတ်နဲ့နောင်နောင် နှစ်ယောက်ဝိုင်းပြီး သင်တန်းပေးရမှာပဲပေါ့။

"အဲဒီအိမ်မှာ အားလုံးကို ချုပ်ကိုင်ခြယ်လှယ်နေတာက ဒေါ်မုန်းမာန်"





"ဦးကျော်ဦးရဲ့မိန်းမလား"

"ဟုတ်တယ်"

"ဖိုးချုန်နဲ့ တွေ့ကြသေးတာပေါ့"

"ကိုပိုင်လေ"

"ဟော့ကောင် ... ဒီအချိန်မှာ ငါ ဖိုးချုန်ဖြစ်ခွင့် ရှိသေးတယ်"

"အေးပါ ... အေးပါ"

နောင်နောင်က ရယ်ပြီး ခေါင်းညိတ်လိုက်၏။

"ဆက်ပြော"

"ကိုပိုင့်ကို ငယ်နိုင်ငြဖြစ်နေတာက ကျော်မိုးနိုင်ပဲ။ သူက ဆစ်ခနဲဆို ကိုပိုင့်ကို ထိုးမယ် ကြိတ်မယ်ဆိုတဲ့လူလေ"

"သူက"

"ဦးကျော်ဦးရဲ့သားပေါ့"

"ကျွန်တော်ကတော့ ကိုယ့်အသားအနာမခံဘူးနော် ကိုလတ်၊ ကြိုပြောထားတာ"

"အေးပါ"

"မင်းပြန်ချရင် ပိုကောင်းတာပေါ့။ အဲဒါမှ ဦးကျိုးပြီး ငေးဆက်ထောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြသေးတာပေါ့။ ဖိုးချွန်ဆိုတဲ့ကောင်က မတရားတာဆို လက်ပိုက်ကြည့်မနေတတ်တဲ့ကောင်။ ပါးစပ်ချင်းပဲဖြစ်ဖြစ်၊ လက်ချင်းပဲဖြစ်ဖြစ် ကြုံက်သလိုစစ်ထိုး ရှေ့ပဲတိုးမည့်ကောင်ဆိုတာ။

❋ ❋ ❋



## အခန်း (၉)

ဖိုးချွန်ကို ကိုပိုင်နဲ့တူအောင် တော်တော်အချိန်ကုန်ယူရမည်။ ဘာလို့လဲဆိုတော့ ခဏာနဲ့အစားထိုးလို့ရမယ်ထင်တာ ထင်သလောက် ခိုးမပေါက်ခြင်းသည် ကားမမောင်းတတ်ခြင်းကြောင့်ပါ။ ကိုပိုင်က ကားမောင်းတတ်ပြီး ဖိုးချွန်က ကားမမောင်းတတ်။

ဒါကြောင့် ကားမောင်းတတ်အောင် အရင်သင်ပေးရဦးမည်။ ဗိုလ်လင်းဦးဘက်မှာတော့ ဘကြီးနဲ့ဒေါ်ကြီးက ဂရုစိုက်လှ၏။ ဒေါ်ရီရီခင် ရောက်လာတော့ –

"ဘယ်လိုဖြစ်တာလဲ သားရယ်။ အမေ ရင်တုန်လိုက်တာ။ ဘကြီးမုန်းဆက်ပြောတုန်းက ကြားကြားချင်း သတိတောင်လစ်သွားတယ်"

www.burmeseclassic.com



အဲဒီလောက်တောင် သားကို ချစ်တဲ့အမေပါလား။

"သား"

"ဗျာ"

"ဘယ်လိုဖြစ်တာလဲ အမေ့ကို ပြောပါဦးကွယ်"

"ကျွန်တော် ပြန်မပြောချင်ဘူး အမေ။ အမေ အခု သားကို အသက်ရှင်လျက် ပြန်တွေ့နေရပြီပဲ။ စိတ်ပူမနေနဲ့တော့နော်"

အမေလို့ခေါ်ရတာ ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ အရသာ ရှိပေမယ့် ကိုယ်က မေတ္တာသူခိုးပဲလေ။

"ဘယ်လိုပြောလိုက်တာလဲ သားရယ်။ သား လူကောင်း ပကတိ ပြန်မဖြစ်သေးသရွေ့ အမေ စိတ်ပူနေရဦးမှာပဲပေါ့"

"အမေရယ်"

သူ့လက်ကို ဖိဆုပ်ထားတဲ့ အမေ့လက်ကို ပိုင်လင်းဦး ထပ်ဖိဆုပ်လိုက်၏။ လူချမ်းသာပေမယ့် စိတ်မချမ်းသာခဲ့ရတဲ့ သူ့ဘဝ ထက် ယှဉ်လျှင် ဒီဘဝလေးက အေးချမ်းလှပါသည်။ သူ တကယ်ပဲ အမေ့သားဖြစ်ခဲ့လျှင် အကောင်းသား။

ဒါနဲ့ ဘကြီးဖုန်းဆက်ခေါ်တာနဲ့ အမေရောက်လာပုံထောက် တော့ ဖိုးချွန်အစစ်က ဘယ်မှာလဲ။ တစ်ခုခုတော့ လွဲနေပြီထင်ပါရဲ့

"သား"





"အမေ"

"သား နေကောင်းရင် အမေနဲ့ တောကိုပြန်လိုက်ခဲ့မလား ဟင်"

"ဗျာ"

ပိုင်လင်းဦး အဖြေရခက်သွား၏။ သူ တောကို လိုက်သွား ပြီး အေးအေးချမ်းချမ်းတော့ နေချင်ပါတယ်။ ဒါပေမဲ့ လိုက်လို့မဖြစ် ဘူးလေ။ သူ့ကိုလုပ်ကြံတဲ့ကိစ္စ သူ ရန်ကုန်မှာရှိနေမှ ဖော်ထုတ်လို့ ရမှာ။

ပြီးတော့ ဖေဖေ၊ အန္တရာယ်ကြားမှာ ဖေဖေ့ကိုထားခဲ့ပြီး ကိုယ်လွတ်ရုန်းဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။

"နော် သား"

"ဗျာ"

"နေကောင်းရင် အမေနဲ့တောကို ပြန်လိုက်ခဲ့လို့ပြောတာ"

"မဖြစ်ဘူး အမေ"

"ဟဲ့ . . . ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာလို့မဖြစ်ရမှာလဲ"

"ဩော် . . . ဟို သား ရန်ကုန်ကိုရောက်တုန်း တိုးတက်ရာ တိုးတက်ကြောင်း လေ့လာစရာတွေ ရှိလို့ပါ အမေ"

"ဘုရားရေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီရီခင် ဘုရားတလေလေတော့၏။ ဒီစကား သားပါးစပ်က ပြောတာမှ ဟုတ်ရဲ့လားလို့ သံသယပင် ဖြစ်မိ၏။ ရန်ကုန်ကို မလာချင်လို့ အကျောက်အကန် ငြင်းတဲ့ သား။ ခုတော့ –

"ဖိုးချွန်"

"ဗျာ"

"နင် ဖိုးချွန်မှ ဟုတ်ရဲ့လားဟယ်"

"ဗျာ"

ပိုင်လင်းဦး အမှန်တရားကိုသိသွားပြီလားလို့ မျက်လုံးပြူးနှင့် ကြည့်နေစဉ် –

"အစကတော့ ရန်ကုန်မှာ မနေချင်ဘူး။ ရန်ကုန်ကို မသွားချင်ပါဘူးဆိုဟဲ့"

"ဟဲ့ ... အရီ"

"ရှင်"

"နင့်သားက ခေါင်းမှာ ဒဏ်ရာရထားလို့ ဟိုဟာမေ့ ဒီဟာမေ့ ဖြစ်နေတာလေ။ နင်က ဘာတွေပြောနေတာလဲ"

"သြော် ... ဟုတ်သားပဲ"

ဒေါ်ကြီးဝင်ပြောမှပဲ ကိုပိုင် အသက်ရှူချောင်တော့၏။ ချော်လဲ ရောထိုင်ရတာလည်း မလွယ်ပါလား။





"ကဲ ... ရော့ နင့်သားကို ဆေးတိုက်လိုက်ဦး"

"ဟုတ်ကဲ့ မမညို"

"ဒါက လိမ်းဖို့ လိမ်းဆေး"

"ဟုတ်ကဲ့"

ရှေ့ကနေ စကားလမ်းကြောင်းပြောင်းသလိုဖြစ်အောင် လုပ်ပေးတဲ့ဒေါ်ကြီးကိုပဲ ကျေးဇူးတင်ရမလိုပါလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"သူပြန်လာမှာပေါ့ အစ်ကိုကြီးရယ်။ အစ်ကိုကြီးဆီကို သူ ဖုန်းမဆက်တာက သူသွားတုန်းက သူကိုင်တဲ့ဖုန်း မေ့ကျန်ခဲ့တာနဲ့ စိတ်ပျက်လို့ အသစ်မဝယ်တော့ဘူးတဲ့"

"ဟုတ်ရဲ့လားကွာ၊ ငါ စိတ်တွေလေးနေတယ်။ သား တစ်ခုခုများဖြစ်"

"ဘာမှမဖြစ်ပါဘူး။ အစ်ကိုကြီးဖုန်းကို မဆက်တာက အစ်ကိုကြီးက အလုပ်မှာ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့တဲ့။ အိမ် ဖုန်းကိုဆက်ပြန်တော့ သူဆက်တဲ့အချိန်ဆို အစ်ကိုကြီးက ဖုန်းနားမှာမှ မရှိတာကိုး"





"ငါက ဒုက္ခိတလေကွာ"

"ဟုတ်တယ်လေ၊ အစ်ကိုကြီး ဒုက္ခိတဖြစ်တာ ကလေးသိ မှာ စိုးလို့ ကျွန်တော်တို့က ဖုံးဖိထားရတာပဲ"

"ဟင်း"

ဦးဇော်ဦး သက်ပြင်းကြီးချလိုက်မိ၏။ သားနဲ့သူ့ကြားမှာ တစ်ခုခုတော့ လွဲနေပြီထင်ပါရဲ့။ ဘာတွေ ဘယ်လိုလွဲနေတာလဲ။ သားက သူ့ဆီကိုဖုန်းမဆက်။ သူက ဆက်ဖို့ကျ ဘယ်နံပါတ်နှိပ်ပြီး ဆက်ရမှန်းမသိ။

သူ့ရဲ့ ပထမဟန်းဖုန်းက ဘယ်လိုပျောက်သွားမှန်း မသိတာ ကိုက ကံဆိုးတာပဲ။

သား ထွက်သွားပြီးမှ အသစ်ပြန်ဝယ်ရတာဆိုတော့ သားက လည်း သူ့လက်ကိုင်ဖုန်းနံပါတ်ကိုမသိ။

"ကျော်ဦး"

"ဗျာ"

"သားကို မင်းတို့ ငါ့လက်ကိုင်ဖုန်းနံပါတ် ပြောမပြဘူးလား"

"အဲ . . . အဲဒါ ဟို ကလေးဖုန်းဆက်ရင် အစ်ကိုကြီးက အစ်ကိုကြီးအကြောင်းပြောပြပြီး ငိုချင်ငိုမိမှာလေ။ ကလေးသိရင် စိတ်မကောင်းဖြစ်ပြီး အလုပ်မှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ ... ငါက ဒုက္ခတဆိုတော့ မင်းတို့ပြုသမျှ နေရတဲ့ကောင်ပဲ"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ကျွန်တော်တို့က အစ်ကိုကြီးတို့သားအဖအတွက် စေတနာနဲ့ပါ"

ပြောပြီး ဦးကျော်ဦးက ခေါင်းငုံ့သွားလေလျှင် ဦးဇော်ဦးလည်း တိတ်ဆိတ်စွာ မျက်နှာချင်းဆိုင်နံရံကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိ၏။

စေတနာနဲ့တဲ့။ ဟုတ်မှာပါလေ ... ကျော်ဦးက သူ့ညီအရင်းပဲ ဟာ။

သူတို့သားအဖအပေါ် မဟုတ်တာတော့ မလုပ်လောက်ပါဘူး။

"ငါ သားကို ပြန်လာစေချင်ပြီ"

ဦးကျော်ဦး ဆတ်ခနဲမော့ကြည့်ပြီး –

"ပြန်လာမှာပေါ့ အစ်ကိုကြီးရယ်"

"အခုအချိန်မှာ ငါ အတောင့်တဆုံးအရာက သားကို ငါ့အနားမှာ ရှိနေစေချင်တာပဲ ကျော်ဦး"

"ကလေး ခုတစ်ခါ ဖုန်းဆက်ရင် ပြန်လာခဲ့ဖို့ ကျွန်တော် ပြောလိုက်မယ်လေ"





လေးတွဲစွာ ခေါင်းညိတ်ပြတာကိုကြည့်ပြီး ဦးကျော်ဦး စိတ်ထဲကပြုံးနေမိသည်။ သူ သားအဖနှစ်ယောက်စလုံးရဲ့ ဖုန်းတွေကို နှိုးယူပြီး ဖျက်ဆီးပစ်ခဲ့တာ ဒီလိုတွေဖြစ်ဖို့။ လူကြီးရင် ထရံတောင် ဖြစ်သေးတာပဲ။ တစ်နေ့ သူတို့ အကြံအစည်တွေလည်း အောင်မြင် ရမှာပဲလေ။

"ဆရာ ... ဆရာ"

"ဟေ"

"ဟင်"

"ဆရာ့သား ကိုပိုင်ပြန်လာပြီ"

"ဘာ"

ဘာသံထွက်သွားတာက ဦးကျော်ဦးနှုတ်မှဖြစ်၏။ ကိုပိုင် ပြန်လာပြီတဲ့။ ဘာလဲ သေရာကထပြီး သရဲလာခြောက်တာလား။

"သား ... သားပြန်လာပြီ ဟုတ်လား"

"ဟုတ်တယ် ဆရာ"

"မဖြစ်နိုင်ဘူး"

ဦးဇော်ဦးက ညီဖြစ်သူကို ဆတ်ခနဲ ကြည့်လိုက်ပြီး –

"ဘာလို့မဖြစ်နိုင်တာလဲ"

"ဟို ... ကြိုပြီးအကြောင်းမကြားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညှိုဝင်း"

"ဗျာ"

"ဘယ်မှာလဲ ငါ့သား"

"ဒီမှာပါ ဖေဖေ"

"ဟင်"

"ဟာ"

ဦးဇော်ဦးက ဝမ်းသာအားရဖြစ်သွားပြီး မျက်နှာကပြုံးသွာ ပေမယ့် မယုံနိုင်ခြင်းများနှင့် အံ့ဩစွာ လက်ညှိုးထိုးရမလို မထိုး မလို ဖြစ်နေသူက ဦးကျော်ဦးပါ။

"သား"

"ဖေဖေ"

သားက ဖအေကို ပြေးမတတ်လာပြီး ဖက်ကာ –

"ဖေဖေ နေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်၊ ဒါနဲ့ သားက အသားနည် နည်း ညိုသွားသလိုပဲနော်"

ခေါင်းသာညိတ်ပြီး ဖိုးချုန် ပြုံးလိုက်သည်။ နိုင်ငံခြားပြ တော့ သား ဒီလောက်တော့ ကျဦးမှာပေါ့။

"ဟင် ... ဖေဖေ ဖေဖေ့ခြေထောက်က"





"ကားအက်ဆီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားခဲ့တာပဲ သား"

"ဖြစ်မှဖြစ်ရလေ ဖေဖေရာ"

ဝမ်းနည်းဟန်နှင့်ပြောလိုက်ပုံက အသံတွေ ဘာတွေပင် တုန်လို့။ ကြိုးစားထား ဖိုးချုန်ရေ၊ အကယ်ဒမီပဲကွ။ ဒီအခန်းမှာ မျက်လုံးကို တံတွေးစွတ်ပြီး ငိုတောင် ငိုပြသင့်သေးတာ။ ဟန်ဆောင် တယ်ဆိုတာ ပီပြင်မှလေ။ ဟိုကောင်တွေ သင်ထားတဲ့အတိုင်း လုပ်ပြရမှာပဲ မဟုတ်လား။

ဖိုးချုန် ဖေဖေ ... အဲ ဖေဖေပဲထားပါတော့။ ဖေဖေ့ရှေ့မှာ ဒူးထောက်ထိုင်နေရင်းမှ ဦးကျော်ဦး၏မျက်နှာကို ဆတ်ခနဲ မော့ကြည့် လိုက်၏။ ဒေါသပါဝါလေးထည့်ပေးလိုက်လို့ ထင်ပါရဲ့ ဦးကျော်ဦး မျက်နှာလွှဲသွားခြင်းမှာ ကြောက်လို့တော့ မဟုတ်တန်။

"ဦးကျော်"

"ဟင်"

"ဦးကျော်ဗျာ ကျွန်တော့်ကို ဒီအကြောင်းတွေ ဘာလို့ မပြောတာလဲ"

"ကလေးကိုပြောရင် စိတ်ဆင်းရဲမှာစိုးလို့ပါ"

"အဓိပ္ပာယ်မရှိတာဗျာ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

ဦးဇော်ဦး သားရဲ့လက်မောင်းအိုးကို ဆုပ်ကိုင်ပြီး အပြုံးတွေ နှုတ်ခမ်းက ဆောင်ကြဉ်းပေမယ့် မျက်ဝန်းမှာက မိုးရာသီ။

"သားပြန်လာပြီဆိုတော့ ဖေဖေ သားကိုပဲ အားကိုးရတော့မယ်"

"သားလည်း ဖေဖေ့ကို လွမ်းလို့ ပြန်လာချင်တာ ကြာပါပြီ။ အကြောင်းကြောင်းတွေကြောင့်သာ"

"ကလေး ကိုပိုင် . . . ခရီးရောက်မဆိုက် စိတ်မကောင်းစရာတွေ ပြောမနေကြပါနဲ့ကွာ။ နောက်လည်း တွေ့နေရမှာပဲဥစ္စာ၊ နားလိုက်ဦးနော်"

ဒါ . . . ဘာပြောမယ်ထင်လို့ စကားလမ်းကြောင်းလွှဲတာလဲ။ ကိုလတ်ပြောပုံအရဆို ကိုပိုင်က မြန်မာပြည်လေဆိပ်အထိ ပြန်ရောက်လာပြီးမှ ပျောက်သွားတာ။ ဘယ်လိုပျောက်ပြီး ဘယ်ကိုရောက်သွားသလဲ မသိကြ။ သေသလား ရှင်သလားဆိုတာ သူတို့မသိပေမယ့် သိတဲ့သူက သိမှာပဲလေ။

"ဩော် . . . ညိုဝင်း"

"ရှာ"

ညိုဝင်းက လက်နှစ်ဖက်ကိုပိုက်၍ ရပ်နေရာမှ ပျာပျာသလဲ





ထူးလေသည်။

"ဒါ အစ်ကိုကြီးရဲ့သား ငါတူဆိုတာလေ။ နာမည်က ပိုင်လင်းဦးတဲ့။ အားလုံးက ကိုပိုင်လို့ပဲ ခေါ်ကြတယ်"

"ဟုတ်ကဲ့"

"ကိုပိုင်"

သူက မထူးဖြစ်ဘဲ အကြည့်သာရောက်သွားလေလျှင်–

"သူက ကိုသာခင် တောပြန်သွားလို့ အသစ်ခန့်ထားတဲ့ ဒရိုင်ဘာ ညိုဝင်းလေ"

"ဦးကျော် . . . ဦးသာခင်ရဲ့နေရာမှာ ဒရိုင်ဘာအသစ် ဘယ်နှစ်ယောက် ခန့်ထားလဲ"

"ဘာဖြစ်လို့လဲ ကလေးရဲ့။ ညိုဝင်းတစ်ယောက်တည်းပဲလေ"

"သေချာလား"

"သေချာပါတယ်"

"နောက်ထပ် အသစ်ခန့်ထားတဲ့ အလုပ်သမား ရှိသေးလား"

"မရှိ . . . အဲ ရှိတယ်"

"ဘယ်သူလဲ"

"ပထမ ထမင်းချက်က လင်နောက်လိုက်သွားလို့ အသစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့တစ်ယောက်က နီနီမာတဲ့"

"ဟုတ်ပြီ ... ဦးကျော်ကို တစ်ခုပြောရဦးမယ်"

"ပြောလေ"

"ကျွန်တော့်အဖေအတွက် နာစ့်တစ်ယောက် ငှားချင်တယ် အဲဒါ ဦးကျော် စီစဉ်ပေးပါ"

ခွေးကောင်လေး၊ နိုင်ငံခြားသွားပြီး လူရည်လည်လာပြီ ထင် ပါ့။ စကားပြောတာ မာရေ ကြောရေနဲ့။

မင်း ဘယ်လောက် မာနိုင်မလဲ တွေ့ကြသေးတာပေါ့ ပိုင် လင်းဦးရယ်။ ဒီအိမ်မှာရှိတဲ့ အလုပ်သမား မှန်သမျှ ငါ့လူတွေ တာ မင်း မသိသေးလို့ပါ။ မင်းရဲ့ကံကြမ္မာက ငါ့လက်ထဲမှာပဲ ပိုင်လင်း ဦး။

"ကျွန်တော်ပြောတာ ကြားရဲ့လား ဦးကျော်"

"ကြား ... ကြားပါတယ်"

"အဲဒီကိစ္စ ကျွန်တော် တာဝန်ယူပါရစေ ကိုပိုင်"

"ဟင် ... ဝင်းလတ်"

ဝင်းလတ်က ဒီအိမ်မှာ အရေးမပါတဲ့ခြံစောင့်ပါ။ ခြံစောင့် ခြံကို စောင့်ရုံအပြင် ဘာကိုဝင်ပါချင်တာလဲ။ အရင် လူဟောင်း အစား အသစ်တွေပဲ အလုပ်ခန့်ထားတဲ့အထဲမှာ ဝင်းလတ်ဆိုတဲ့ ကော





တင်ကျန်ရစ်ခဲ့ခြင်းသည် ကိုယ့်ဘက်ပါမလားလို့ ချန်ထားပေး တာတောင် စည်းရုံးလို့ သိပ်မရ။

ဒီကောင်က သခင့်အပေါ် သစ္စာရှိချင်တဲ့ခွေးလေ။ ဒင်း ဘာသားနဲ့ထုထားတာမှတ်လို့။ တွေ့ကြသေးတာပေါ့။

"မလိုဘူး ဝင်းလတ်။ ငါ အစ်ကိုကြီးအတွက် အကောင်းဆုံး နာ့စ်တစ်ယောက်ကို ငါကိုယ်တိုင် ရှာငှားမယ်"

"ကျွန်တော်က"

"ဘာလဲ ... မင်းက ငါ့ကို မယုံလို့လား"

"ဟာ ... မဟုတ်ပါဘူး"

"မဟုတ်ရင် မင်းဝင်မပါနဲ့။ ကိုယ့်နေရာကိုယ်နေ။ ကိုယ့် အဆင့်အတန်း ကိုယ်သိ"

ဖိုးချွန်နဲ့ဝင်းလတ် အကြည့်ချင်းဆုံသွားကြသည်။ အစက တည်းက ဘီလူးဆိုင်းတီးလိုက်ရင် သူတို့လိမ်တာတွေ ပေါ်ကုန်မှာစိုး လို့ ငြိမ်နေလိုက်ရ၏။ မီးစင်ကြည့်ကရမှာပဲလေ။

"ကောင်းပြီလေ ... ဒီကိစ္စ ဦးကျော်ပဲ စီစဉ်ပါ"

"သား"

"ဗျာ ... ဖေဖေ"

"သား ခရီးပန်းလာတယ် မဟုတ်လား။ လန်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးလိုက်လေ"

"ဟုတ်ကဲ့ ဖေဖေ၊ ဒါဆို သား ပြီးမှပြန်လာပြီး ဖေဖေနဲ့ အေးအေးဆေးဆေး စကားပြောမယ်နော်"

"အေး အေး"

သူ အခန်းထဲကထွက်လိုက်တာနှင့် အားလုံး အလျှိုလျှို ထွက်သွားကုန်ကြ၏။ ဒီအိမ်ကလူတွေအားလုံး သူ့အကြံနဲ့သူ ရှိနေ ကြသလို အားလုံးရဲ့မျက်လုံးတွေက စကားပြောနေကြသည်။ သတိ ထားနေမှ။

ကိုလတ်က ဒီအိမ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ၊ ဘယ်နေရာမှာ ဘာရှိသည်ဆိုတာကအစ ဘယ်သူက ဘယ်လိုစိတ်ဓာတ်ရှိသည်အထိ ပြောပြထားတော့ သူ့အတွက် သိပ်အခက်အခဲမရှိ။ ဒါပေမဲ့ မမှားအောင် သတိနဲ့နေမှ ဖြစ်မှာပါ။ သတိဆိုတာ ပိုတယ်မှမရှိဘဲလေ။

"ဖြန်း"

"အား"

ကိုယ့်အခန်းလို့ သတ်မှတ်ထားတဲ့ အခန်းထဲကို ဝင်ကာနီး ဖိုးချွန်မျက်နှာ လည်ထွက်သွား၏။ ရိုက်ချက်က ပြင်းတာကြောင့် မျက်လုံးထဲမှာ မီးပွင့်မတတ်ပါပဲ။ နားကျင်ခြင်းကို လက်ဝါးနှင့်ဖိပွတ်ရင် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ စူးစူးရဲရဲကြည့်နေတဲ့ မျက်လုံးတစ်စုံ





တ သူ့ရင်ဘတ်ကို ဖောက်ထွက်မတတ်ပါပဲ။

"ခင်ဗျား"

"နင်က နင့်အဖေရှေ့မှာ 'လူတွင်ကျယ်လုပ်တာမှုပ်ါလေ ဟုတ်လား"

"ဒေါ်မှန်းမာန်"

"တို့ကို နင် ဘယ်တုန်းက အာခံဖူးလဲဟင်။ ရမယ်ရှာ သင်လို့လား"

"ဒီမှာ"

"အံမယ် ... လေသံက မလျှော့ပါလား"

"ကျွန်တော် အရင်ပိုင်လင်းဦးမဟုတ်တော့ဘူး ဒေါ်မှန်းမာန်။ များ မှတ်ထားလိုက်။ ဒီတစ်ခါတော့ ယောက်ျားနဲ့မိန်းမမို့ ခွင့်လွှတ် တ်မယ်"

"နောက်တစ်ခါဆို ဘာဖြစ်နိုင်သလဲ"

"ကိုဥပဒေလိုပဲပေါ့"

"ဘာ"

"ကျွန်တော် နိုင်ငံခြားကိုထွက်သွားတာ အကောင်းမထင်နဲ့။ များတို့ကို တုံ့ပြန်နိုင်မယ့်ပညာတွေ သွားသင်တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တက်ခေါက်ပြီး လှမ်းသွားတဲ့ ခြေလှမ်းတွေက တကယ့်ကို စိန်ခေါ်သွားသလိုပါပဲလား။

❋ ❋ ❋



## အခန်း (၁၁)

"တောက်"

ဦးကျော်ဦးတို့လင်မယား အကြီးအကျယ် ဒေါသထွက်နေကြ[illegible] ဗိုက်ကြီးဆိုတဲ့ကောင် အသုံးမကျလိုက်တာ။ ပြောတော့ ပိုင်လင်း[illegible]ကို အပြတ်ရှင်းပြီးပါပြီတဲ့။ အခု သူတို့လုပ်တာ မသေချာလို့ ပိုင်[illegible]င်းဦးဆိုတဲ့ကောင် အိမ်ပြန်ရောက်လာပြီလေ။ ကြည့်လိုက်တဲ့ မျက်[illegible]တွေက သံသယတွေနဲ့။

ဒီကောင် ရိပ်မိလို့ ပုံစံပြောင်းသွားတာလား။ ခွေးတောင် [illegible]ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်တတ်တယ်တဲ့။ ပိုင်လင်းဦးက ခွေးထက် [illegible]သိရှိတဲ့လူဆိုတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ကြီးတို့ကို ထပ်အသုံးချလို့ မဖြစ်တော့ဘူး ကိုကျော်။ တော်ကြာ . . . ကျွန်မတို့ လုပ်တာတွေ ပေါ်ကုန်လို့ ထောင်နန်းစံနေရဦးမယ်"

"ဟုတ်တယ်၊ ဒီတစ်ခါတော့ တို့ကိုယ်တိုင် လူပ်ရှားမှ ဖြစ်တော့မယ်"

"ညိုဝင်းကရော အခြေအနေ ဘယ်လိုလဲ"

"သူက တို့ဘက်တော်သားလေး။ စိတ်ချရပါတယ်ဟ"

"တော်ကြာ . . . ဗိုက်ကြီးတို့လို ဖြစ်မှာစိုးလို့ ဒီကမေးတာ"

"ညိုဝင်းက ဗိုက်ကြီးတို့ထက် အစွမ်းအစရှိတယ်။ ပိုရှု လည်းရှိမယ်လို့ ငါ ယုံကြည်တယ်"

"သူများကိုရှည်းပဲလည်း ယုံကိုမနေနဲ့ဦး ကိုကျော်၊ ရှင့်တူက တော်တော်အချိုးပြောင်းနေတယ် သိလား"

"ရှပ် ရှပ် ရှပ်"

သူတို့ဆီကို ဦးတည်လာနေတဲ့ ခြေသံတရှပ်ရှပ်ကြောင့် အသံက တိတ်သွားသည်။ ဘယ်သူများပါလိမ့်လို့ နားစွင့်နေရင်းပဲ ခြေသံက ပို၍ နီးကပ်လာကာ –

"ဆရာသမား"

"ဟာင် . . . ညိုဝင်း"





"ဆရာသမား ခေါ်ခိုင်းတဲ့ နဘ်စ် ပါလာပါပြီ"

"စိတ်ချရပါ့မလား"

"စိတ်ချ . . . သူလည်း ကျွန်တော့်လိုလူမျိုးပဲ။ ငွေရမယ်ဆို ဘာမဆိုလုပ်ရဲတဲ့သူ"

"အခု ဘယ်မှာလဲ"

"ဒီမှာ"

ညိုဝင်း ရပ်နေရာကနေ ဘေးကို ရွှေ့ပေးလိုက်တော့ နောက်ကပေါ်လာတဲ့မိန်းကလေးကိုကြည့်ပြီး အံ့ဩသွားကြသည်။ ဦးဆုံးခေါင်းဆုံး နှစ်ခါပြန်ကြည့်ပြီးမှ ဒေါ်မုန်းမာန်က –

"အလုပ်သမားရှာတာ မင်းက မင်းသမီးကိုခေါ်လာရ သလား"

"သူက မမုန်းတို့ကစားကွက်ထဲက ဘုရင်မလေး။ လူတာ က်တဲ့ကောင် လက်ညှိုးထိုးပြစမ်း။ ကိုပိုင်ဆိုတဲ့ကောင်က ဘာသား ဆုထားတာမှတ်လို့"

"အင်း . . . ဒါလည်း ဟုတ်တာပဲ"

ဦးကျော်ဦးက မေးစေ့ကိုပွတ်ရင်း ပြောလေသည်။ ဟုတ် ပေါ့။ ဒီကောင်မလေးရဲ့အလှကို အသုံးချပြီး ပိုင်လင်းဦးကို ဆောက်ကျအောင် လုပ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး"

ညိုဝင်းတို့ ခေါ်မှန်းမာန်မေးဆတ်ပြတဲ့နေရာမှာ ဝင်ထိုင်လိုက်ကြသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"ဝိုင်"

"ဘယ်လို"

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားကြ၏။ ဒီနာမည်မျိုး လူတွေဆိုတာထက် သက်ရှိတွေ မမှည့်တတ်ကြဘူးထင်၏ မိုးစက်ဝိုင်ဆိုတာတော့ရှိပါတယ်။ ဝိုင်ဆိုတာနဲ့ တွဲဖက်တလေးတွေပါ တော့ ချစ်စရာကောင်းသလောက် သူက တစ်လုံးတည်း။ ဒီလို တစ်လုံးတည်း သီးသန့် ထီးထီးမားမား မမှည့်တတ်ကြတာကို ပြော တာပါ။

"ဝိုင်လား . . . ဝိုင်းလား"

"ဝိုင်ပါ"

"တစ်လုံးတည်းနော်"

"ဟုတ်ကဲ့"

"ကြိုက်သွားပြီ"

"ရှင်"





"မင်းက နာမည်နဲ့တင် အရည်အသွေးကို ဖော်ပြနိုင်လို့ပါ"

ဝိုင် လွန်ခနဲ ပြုံးလိုက်၏။

"လူမမာတော့ မင်း ကောင်းကောင်းပြုစုတတ်ပါတယ်နော်"

ဒီတစ်ခါမေးသူက ဦးကျော်ဦးပါ။

"ကျွန်မ လေဖြတ်တဲ့လူမမာကို ပြုစုခဲ့ဖူးပါတယ်"

"ဟုတ်ပြီ ညိုဝင်း"

"ရှာ"

"သူကို ဟိုသားအဖနဲ့ တွေ့ပေးလိုက်"

"ဟုတ်ကဲ့"

ညိုဝင်း ဝိုင်နဲ့အတူ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ဦးဇော်ဦးတို့သားအဖနဲ့တွေ့တော့ –

"ဦးကျော်ရှာထားတာ မဟုတ်လား။ ကျွန်တော်တို့ဘက်က ပြောစရာမရှိပါဘူး။ ဖေဖေ့ကိုပြုစုမယ့်နေရာမှာ စေတနာပါရင် ပြီး တာပဲ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး နှုတ်ခမ်းမွေးအတုတပ်ထားတဲ့ကိုပိုင်။ ဘောင်းဘီနွမ်းနွမ်းနှင့် လောင်းကုပ်အင်္ကျီဖားဖားကြီးကို ဝတ်ထားတော့ လူကြမ်းပုံပေါက်နေ၏။ ကိုယ့်အိမ်ကိုယ့်ခြံရှေ့ ပြန်လာတာတောင် ရုပ်ဖျက်ပြီးလာရတဲ့ဘဝ။

ဟော ဟိုမှာ ကောင်မလေးတစ်ယောက်ထွက်လာပြီ။ သူ့ရှိ စဉ်အခါက ထမင်းချက်ကောင်မလေး မဟုတ်တာတော့ သေချာ တယ်။ သူ ခြံထဲကိုဝင်နိုင်အောင်ကြိုးစားမှ။

"ပိုင်လင်းဦး"

"ဟင်"





ဖိုးချွန် ခြံထဲသို့ဆင်းလာခဲ့ရာ ခေါ်သံနှင့်အတူ ပန်းရုံကွယ်မှ လူတစ်ယောက် ခုန်ထွက်လာပြီး –

"ဝှစ်"

"ခွပ်"

"အ"

သူ့ကို အလစ်ချောင်းပြီး လက်သီးနှင့်ထိုးတာမို့ ခေါင်းငုံ့ရှောင်ပေးလိုက်ပြီး ကိုယ်က တုံ့ပြန်လိုက်တဲ့ လက်သီးချက်ကျတော့ တစ်ဖက်လူက မရှောင်နိုင်။

"ပိုင်လင်းဦး မင်း"

"ခင်ဗျားက ကျွန်တော့်ကို အလစ်ဝင်ထိုးတာကိုး"

"မင်း ဟော့ကောင်"

ကျော်မိုးနိုင်က ဖိုးချွန်အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်ပြီး...

"မင်းက ငါ့ကို ထိုးရဲတယ်ပေါ့"

"ကိုယ့်ကို ရန်မူလာရင် ကာကွယ်ခွင့်ရှိတာပဲ"

"မင်း ငါ့ကို ဘယ်တုန်းက လွှန်ဆန်ရဲလို့လဲ။ တော်တော် သတ္တိကောင်းနေတယ်ပေါ့ ဟုတ်လား"

"ကြောက်ကွဲပြန်ခတ်ရင် သေတတ်တယ်ဆိုတာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မကြားဖူးဘူးလား"

"မင်း"

ကျော်မိုးနိုင်က ရင်ဘတ်ကို မလွှတ်သေးဘဲ ကျန်လက်တစ်ဖက်က ဖိုးချုန်ကို ထိုးဖို့ အားယူလိုက်စဉ် ဟိုတုန်းကလို ကြောက်လို့ မျက်စိစုံမှိတ်လိုက်တာမျိုးမဟုတ်ဘဲ မျက်နှာကို စောင်းငဲ့ပေးကာ ခပ်ရှုးရှုး ပြန်ကြည့်လေတော့ –

ကျော်မိုးနိုင် လက်သီးနှင့်မထိုးဖြစ်သေးဘဲ မိုးကာ လေထဲမှာ ရပ်တန့်သွားလေလျှင် ဖိုးချုန် ခပ်ထွေထွေ ပြုံးလိုက်ပြီး –

"ထိုးလေ၊ အသွားတစ်ချက်ဆိုရင် အပြန်က နှစ်ချက် သုံးချက်လည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

"ဘာ"

"ခင်ဗျားတို့ နိုပ်စက်တိုင်း ငြိမ်ခံနေရအောင် ကျွန်တော် အရုပ်မဟုတ်ဘူး"

"မင်း . . . တောက်"

လောလောဆယ် ကိုယ်ပဲ တစ်ချက်အထိုးခံရပြီးပြီမို့ ကျော်မိုး နိုင် ရှေ့မတိုးရဲပဲရှိနေ၏။ ဒီကောင် နိုင်ငံခြားကပြန်လာမှ အချိုးပြောင်း သွားလိုက်တာ အရင်ကနဲ့ လုံးဝမတူ။ ဗိုက်ကြီးပြောတော့ ဒီကောင့်ကို အပြတ်ရှင်းခဲ့ပြီးပြီတဲ့။





အခု မသေလို့ ပြန်လာတာပေါ့။ တစ်လကျော်လောက်က ဘယ်မှာ အောင်းပြီး ပျောက်နေတာလဲ။ သူတို့အကြံတွေဆိုတာ သိသွားပြီလား။

"ဒီမှာ ကိုကျော်မိုးနိုင်"

"ပြောကောင်"

"ဘာလဲ"

"မင်း အဲဒီလေသံနဲ့ ငါ့ကို ခေါ်ခွင့် ရှိလို့လား"

"အခု ခေါ်ရဲလို့ခေါ်တာလေ"

"မင်းက သတ္တိတွေကောင်းနေတယ်ပေါ့ ဟုတ်လား"

"အမြဲတမ်း အရှုံးပေးနေရတဲ့လူက နိုင်ချင်စိတ်ရှိလာတာ သတ္တိနဲ့အင်အားပဲ။ အမြဲတမ်း နိုင်နေတဲ့လူကလည်း ရှုံးတတ်တာပဲ လေ"

"မင်းက ငါ့ကို နိုင်မယ်လို့ထင်ထားတာလား"

"ခင်ဗျားဘက်က တပ်မကြီးဖွဲ့ထားရင်တော့ ကျွန်တော် ရှုံးစားရမှာပေါ့"

ကျော်မိုးနိုင် မဲ့ပြုံးပြုံးလိုက်၏။ ဒီအိမ်မှာရှိသမျှလူတွေ အတော်များများက ကိုယ့်တပ်မကြီးဆိုတာ သူမှမသိဘဲ။ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးခြင်းက ရှုံးနိမ့်ခြင်းရဲ့ လမ်းစဆိုတာ မင်းမကြားခင်



www.burmeseclassic.com

www.burmeseclassic.com



သိလာလိမ့်မယ် ပိုင်လင်းဦး။ တမလွန်ရောက်မှ မင်း နောင်တရ

"ဒါပေမဲ့ . . . လက်နက်ချမှာ မဟုတ်ဘူးနော်။ ဇျူဟာပြောင်

ပြီး ပြန်တိုက်မှာ"

"ဟ . . . မင်းက အလာကြီးပါလား"

"အဟွန်း"

ဖိုးချွန် ပခုံးတွန့်၍ ရယ်လိုက်၏။

"သိပ်လည်း လေလုံးထွားမနေပါနဲ့။ ဘယ်သူ့ကံကြ

ဘယ်လိုရှိမလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ကျော်မိုးနိုင်ထွက်သွားတော့ ဟိုတစ်ယောက်ဘလည်း ဖ

ဆက် လျှောက်သွားလေ၏။

ပိုင်လင်းဦး စဉ်းစားပြေ။ သူ့နေရာမှာ အစားထိုးဝင်ရော

နေတဲ့ ပိုင်လင်းဦးက ဘယ်သူလဲ။ ဘာအကြံအစည်နဲ့ သူ့အယော

ဆောင်နေရတာလဲ။ သူက ဖိုးချွန်အဖြစ်နဲ့ ဖိုးချွန်နေရာရောက်နေသ

ဖိုးချွန်များ သူ့နေရာကိုရောက်နေသလား။ ဒီကောင် ဘယ်က

ဘယ်လိုရောက်လာပါလိမ့်။

အင်း . . . ဖြစ်နိုင်တယ်။

ဖိုးချွန်က တောမှာလည်းမရှိ၊ ဘကြီးအိမ်ကိုလည်း ရော

မလာဆိုတော့ တစ်ယောက်ယောက်နဲ့ တွေ့ပြီး လူမှားခေါ်လာတ





ဖြစ်မည်။ ဖိုးချွန်က ကျော်မိုးနိုင်ကို ပြန်ထိုးပြီး ခံပြောရဲသည်ဆိုတော့ ကိုယ့်ထက်တော့ သတ္တိရှိတာပါပဲ။ ကိုယ့်မှာသာ ပြန်မပြောရဲဘဲ ခေါင်းငုံ့ခံနေရတာ။

မင်းတော်တယ် ဖိုးချွန်။ ဒါပေမဲ့ မင်းအတွက် စိတ်တော့ မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းရောက်နေတဲ့နေရာက အန္တရာယ်စက်ကွင်းထဲမှာလေ။ မင်း ကံကောင်းပါစေလို့ ငါ ဆုတောင်းပေးပါတယ် ဖိုးချွန်။

ပြီးတော့ အဖြစ်မှန်တွေပေါ်အောင် ငါ လှုပ်ရှားပါ့မယ်။

"ကိုပိုင် . . . ကိုပိုင်"

"ဟင်"

မေ့ပြီး အသံထွက်သွားပြီးမှ ပိုင်လင်းဦး ကိုယ့်ပါးစပ်ကို အမြန်ပိတ်လိုက်ရ၏။

"ကိုပိုင်"

"ငါ ဒီမှာ"

"ဝိုင်က ကိုပိုင့်ကို လိုက်ရှာနေတာ"

"ဘာကိစ္စရှိလို့လဲ"

"ကိုကျော်မိုးနိုင်နဲ့ ဘာဖြစ်သလဲလို့ပါ"

"ဘာဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်က ကိုပိုင့်ကို စိုးရိမ်လို့မေးတာကို"

"မလိုဘူး"

ဝိုင်ဆိုပါလား။ ဝိုင်ဆိုတာ ဘယ်သူလဲ။ ဒီအိမ်မှာ သူက ဘာလဲ။ အင်း စဉ်းစားစရာတွေကတော့ အများကြီးဖြစ်လာပြီ။ မင်းဖေဖေ့ကို ငါ့ကိုယ်စား ဂရုစိုက်ပေးပါ မိုးချွန်။ အဲဒီအတွက် မင်းကိုငါ ကျေးဇူးတင်မှာပါ။

"မင်းက ငါ့ကို ဘာသဘောနဲ့ စိုးရိမ်တာလဲ"

"ဩော် . . . စိုးရိမ်ပါတယ်ဆိုမှ စိုးရိမ်လို့ပေါ့"

"မင်း စိုးရိမ်ပေးစရာ မလိုဘူး။ ဘာသဘောနဲ့ မင်း ငါ့အနားကို ချဉ်းကပ်လာတယ်ဆိုတာ ငါသိတယ်နော်"

"ကိုပိုင်ကလည်း"

"မင်း ငါနဲ့ ဝေးဝေးနေတာ အကောင်းဆုံးပဲ ဝိုင်"

"ကိုပိုင်"

"မင်း မသွားသေးဘူးလား"

"-----"

"အေး . . . မင်းမသွားရင် ငါသွားမယ်"

မိုးချွန်ထွက်သွားတော့ ဝိုင်က တစ်ယောက်တည်း ရပ်ကျန်ခဲ့ပါ၏။





ဝိုင်လင်ဦးအစစ်ဖြစ်တဲ့ ကိုယ်သာဆိုလျှင် နူးညံ့တဲ့စိတ်က မိန်းကလေးတစ်ယောက်အပေါ် ခုလို ပြတ်သားနိုင်မှာမဟုတ်။ မင်းသိပ်တော်တယ် မိုးချွန်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"သား"

"ဟင် . . . အမေ"

ပိုင်လင်းဦး အံ့သြသွားရ၏။ အမေက အခုထိ မအိပ်သေးဘဲ သူ့ကို ထိုင်စောင့်နေတာပဲ ဖြစ်မည်။ အတွေးနဲ့ ရင်ထဲမှာ နွေး ဖြစ်သွား၏။ ဒါ မိခင်တစ်ယောက်ရဲ့ သားသမီးအပေါ်ထားတဲ့ မေတ္တာ တရားပဲ။ အမေသာ ကိုယ့်အမေအရင်းဖြစ်ရင် သိပ်ကောင်းမှာပဲလို့ တွေးလိုက်တော့ –

မိဘရင်ခွင်နဲ့ စိမ်းသက်တဲ့ ရင်ထဲမှာ ဝမ်းနည်းမိသလိုလို ဦးလေးလင်မယားရဲ့လက်ထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ သူ့ဘဝက ဖိနှိ





ချုပ်ချယ်ခြင်းတွေ၊ နှိပ်စက်ကလူပြုခံရခြင်းတွေနဲ့ပဲ ဂျာအေး သူ့အမေ က်ဖြစ်နေခဲ့တာ။

"သား"

"အမေ မအိပ်သေးဘူးလား"

"ဘယ်လိုလုပ်ပြီး အိပ်ပျော်မှာလဲ သားရယ်။ သားပြန်မလာ သေးတော့ အမေစိတ်ပူနေတာ။ ဘယ်တွေကို လျှောက်သွားနေတာလဲ သား။ အခု ဘယ်အချိန်ရှိနေပြီလဲ"

"သား အလုပ်တစ်ခုခု လုပ်ချင်တယ်အမေ။ အဲဒါကြောင့် အလုပ်လိုက်ရှာနေတာပါ"

"အဲဒါ ငါ့ကို ပြောပါလားကွ။ မင်း တကယ်အလုပ်လုပ်ချင်ရင် အခြားမှာ အလုပ်သွားရှာဖို့တောင် မလိုဘူး"

"ဟင် . . . ကိုကြီး"

"ဘကြီး"

ဘကြီးလျှောက်လာတာကိုမြင်တော့ ပိုင်လင်းဦး အပြစ်လုပ်မိ သူ့ကလေးလို ခေါင်းငုံ့ကာ တွေတွေကြီး ရပ်နေမိ၏။

"မင်း တကယ်အလုပ်လုပ်ချင်ရင် ငါ့သစ်စက်ထဲမှာ လုပ်လို့ ရသားပဲကွ"

"ဟုတ်သားပဲ သားရယ်။ သားဘကြီးမှာက သားတော်က်



www.burmeseclassic.com

www.burmeseclassic.com



သမီးခံ ရှိတာမှမဟုတ်တာ။ ပြီးတော့ အသက်ကလည်း ရနေပြီ။
သား ဝင်ကူလုပ်ပေါ့သားရဲ့"

"ဟုတ်ကဲ့ပါ အမေ"

"ကဲ . . . သား သွားအိပ်တော့"

"ဟုတ်ကဲ့"

ပိုင်လင်းညီး လှုကြီးတွေရှေ့မှာ ခေါင်းငုံ့၍ ဖြတ်လျှောက်သွား
လေလျှင် ဦးမောင်လွင် ခေါင်းတဆတ်ဆတ်ညိတ်၍ လိုက်ကြည့်မိ
တော့၏။

ပြောမကောင်း ဆိုမကောင်းနဲ့ သူမှန်တယ်ထင်ရင် ဖွတ်လုပ်
တတ်သော ဖိုးချွန်။

အခုတော့ လိမ္မာနေလိုက်တာ ဖိုးချွန်မှဟုတ်ရဲ့လားလို့ သံသယ
ဝင်မိ၏။

ခေါင်းမှာ ဒဏ်ရာရပြီးလို့ ပြောင်းလဲသွားတာဆိုရင် ရိုက်တဲ့
သူကိုတောင် ကျေးဇူးတင်ရဦးမယ့်အဖြစ်ပါလား။

အင်း . . . သူကတော့ ရောက်စမှာ သူ ဖိုးချွန်မဟုတ်ဘူး
လို့တော့ ပြောတာပဲ။

သူ့နာမည် ဘယ်သူဆိုပါလိမ့်။ နောက်ဆုံးအလုံးက ဦးပါ
သလားလို့။





ဖိုးချွန်နာမည်ရင်းနဲ့ ခပ်ဆင်ဆင်လား ဘာလားမသိ။ အဲဒီ
ဘုန်းက သေသေချာချာ မှတ်ထားလိုက်ရ အကောင်းသား။

သူ့ခေါင်းက ဒဏ်ရာကြောင့် ကယောင်ချောက်ချား ပြောတာ
ပဲ ဖြစ်မှာပါ။

"အရီ"

"ရှင် ကိုကြီး"

"နင် သတိထားမိရဲ့လား"

"ဘာကိုလဲ ကိုကြီးရဲ့"

"နင့်သား တော်တော်ပြောင်းလဲသွားတာလေ"

ဒေါ်ရီရီခင် တွေခနဲဖြစ်သွားပြီးမှ –

"ဟုတ်တယ်နော် ကိုကြီး။ သားက ကိုကြီးကိုကြောက်လို့
ဘားမသိဘူး။ ရန်ကုန်ရောက်မှ တော်တော်လိမ္မာလာတာ"

"အဲဒီလိုဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်"

"ဟင် . . . ကိုကြီး ဘာကိုပြောချင်တာလဲ"

"ဘာမှမဟုတ်ပါဘူး။ ကဲ . . . နင်လည်း အိပ်တော့"

ဦးမောင်လွင် ပြန်ထွက်သွားတော့ ဒေါ်ရီရီခင် သားအခန်းထဲ
သို့ ဝင်လာခဲ့သည်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အမေ"

"သားကို သားဘကြီးက ပြောနေတယ်"

"ဘာတဲ့လဲ အမေ"

"သားကို တော်တော်လိမ္မာလာတယ်တဲ့၊ ဟုတ်တော့လည်း ဟုတ်ပါတယ်။ သားက ရွာမှာတုန်းကဆို ဟိုလူနဲ့ရန်ဖြစ်လိုက်၊ ဒီလူနဲ့ရန်ဖြစ်လိုက်နဲ့၊ တစ်နေ့တစ်နေ့ အမေ့မှာ သားရဲ့ပြဿနာတွေကိုပဲ လိုက်ဖြေရှင်းနေရတာ။ တကယ်စိတ်ညစ်ဖို့ ကောင်းတယ်သိလား"

ဖိုးချွန်က အဲဒီလောက်တောင်ဆိုးခဲ့သလား။ ဟုတ်မှာပါ။ ဒါကြောင့် ပြောရဲဆိုရဲရှိနေတာ။ အင်း သူက ဆိုးရလို့ဆိုးတာပဲနေမှာပါ။ မိုက်ရိုင်းတာ ယုတ်မာတာတော့ မဖြစ်နိုင်ပါဘူး။

"အမေ"

"ဟင်"

"သားက အဲဒီလောက်တောင် ဆိုးခဲ့တာလားဟင်"

"ဟယ် . . . သားက ရန်ကုန်ရောက်တာမှ မကြာသေးဘူး ရွာက အကြောင်းတွေကို မေ့သွားပြီလား"

ပိုင်လင်းဦး အဖြေ ခက်သွားပြီးမှ ခေါင်းကို ပြန်စမ်းမိကာ . .

"အမေကလည်း . . .သားက ခေါင်းမှာ ဒဏ်ရာရဖူးထား





တယ်လေ။ အချို့ကိစ္စတွေဆို မနည်း ပြန်စဉ်းစားကြည့်ရတာ အမေ ရဲ့"

"ဟုတ်သားပဲ"

"အမေ"

"ဟင်"

"အိပ်တော့လေ"

"အေး အေး . . . သားလည်း အိပ်တော့နော်၊ ဘာပဲဖြစ်ဖြစ် . . အမေကတော့ သားလေးလိမ္မာလာလို့ အရမ်းဝမ်းသာတယ် သိသား"

"သား တစ်သက်လုံး လိမ္မာသွားမှာပါအမေရယ်"

"သာဓုပါတော် . . . သာဓု၊ နှစ်ခွန်းပဲခေါ်ပြီး တစ်ခွန်းကတော့ ချန်ထားဦးမယ် သိလား"

ဒေါ်ရီရီခင် သားကို ချစ်စနိုးနှင့် မျက်စောင်းထိုးပြီး ထသွားသတော့သည်။ ပိုင်လင်းဦးအတွက် အမေ့မေတ္တာကြောင့် ညတိုင်း ဘယာလှပပြီး အိပ်ပျော်ခဲ့ပေမယ့် ဖိုးချွန်ကတော့ နိုင်လိုမင်းရချင်လိုသူတွေကြားမှာ အိပ်လို့ပျော်ပါ့မလား။

ပိုင်လင်းဦး နောက်နေ့ကစပြီး ဘကြီးရဲ့ သစ်စက်မှာ ဝင်ကူညီဆိုရင်ပဲ ဘကြီးက ဝမ်းသာအားရ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် ဖိုးချွန်"

"ဗျာ ဘကြီး"

"မင်း စာရင်းလုပ်နေတာ ညာလက်နဲ့ရေးနေပါလား"

"ဗျာ"

ပိုင်လင်းဦး အူကြောင်ကြောင်ဖြစ်သွားလေလျှင် –

"အရင်က မင်း ဘယ်လက်နဲ့ စာရေးတာလေ"

"ဩော် ... ဒါလား"

"ဟုတ်တယ်"

လက်နှစ်ဖက်ကိုတစ်လှည့်စီကြည့်ပြီးမှ –

"အဲဒါ ဘကြီးမေ့နေတာပါ။ ကျွန်တော့်ဘယ်လက်က ခေါ် မှာ ဒဏ်ရာရလာတုန်းကတည်းက ကျိုးထားတယ်လေ ဘကြီးနဲ့ ဘကြီးရဲ့ဆေးက အစွမ်းထက်လို့ ကံကောင်းထောက်မစွာ ပြ ကောင်းလာတဲ့ဟာကို"

"ဟုတ်သားပဲ"

"အဲဒီတုန်းက ကျွန်တော့်လက် ပြန်မကောင်းတော့ ထင်ပြီး ညာလက်နဲ့ စာရေးကျင့်ခဲ့တာ ဘကြီးမှ မသိတာကို"

"ဟော ... ဒီလိုလား"

"ဟုတ်ကဲ့ ... ဒီလိုပါပဲ"





ပိုင်လင်းဦး ဘကြီးရှေ့မှ လစ်ထွက်ခဲ့တော့၏။ ဖိုးချွန်နဲ့ သူကြားမှာ ဘာကွာဟမှုတွေရှိနေသေးလဲ။ ဖိုးချွန်ရော သူ့လိုပဲ တစ်ခါမဟုတ်တစ်ခါ ကြုံရမှာ ကြိမ်းသေပါပဲ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဝိုင်"

"အမေ့"

"လန့်သွားတာလား . . . ဟဲ ဟဲ"

တဟဲဟဲ ရယ်နေတဲ့မျက်နှာကြီးက ရှေ့တိုးလာသဖြင့် ဝိုင်
ကိုယ်လေးကျုံ့ပြီး နောက်ဆုတ်လိုက်သည်။

"ဘာ . . . ဘာလိုချင်လို့လဲ"

"ဝိုင်"

"ဘာရှင့်"

"မဟုတ်ဘူးလေ၊ မင်းက ကိုယ့်စကားကိုမှ ဆုံးအောင်





ားမထောင်တာ။ ကိုယ် ဒိုက်ဆာလို့ ထမင်းတွေ ဟင်းတွေ ကျက်ပြီ
သား မေးမလို့ပါ ဝိုင်ရဲ့"

"အဲဒါ ကျွန်မက ထမင်းချက်မဟုတ်ဘူးလေ။ ထမင်းချက်
နီမာကို သွားမေးပါလား"

"နီမာ ဘယ်ရောက်သွားမှန်း မသိလို့ မင်းကို မေးမိတာ
ပါ"

ပြီးရောလို့ စိတ်ထဲမှသာပြောမိပြီး သူ ထွက်သွားလိမ့်မယ်လို့
ထင်လိုက်တာ။

ထို့ကြောင့် ကော်ဖီကိုသာ ဆက်ဖျော်နေတဲ့ ဝိုင်ကို
ကျော်မိုးနိုင် စိမ်ပြေနပြေ ရပ်ကြည့်နေ၏။ ပြီး မျက်နှာကြီးကပြုံးပြီး
ဝိုင့်ကို စိတ်နဲ့ပစ်မှားနေသလား မသိ။ အကြည့်တွေက ခပ်ရှိန်းရှိန်းပါ
ပဲ။

"ဟင်"

ဝိုင် ကော်ဖီဖျော်ပြီး ပြန်အလှည့်မှာ ကျော်မိုးနိုင်ကို မြင်လိုက်ရ
သော် —

"ရှင် ရှင် မသွားသေးဘူးလား"

"ဝိုင်က လှလို့ကြည့်နေမိတာပါ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး . . . ဒေါ်သအရင်မလို့နဲ့ ဝိုင်ရဲ့။ လှလို့လှတယ်ပြောတာ စိတ်ဆိုးစရာလား"

ဆက်ပြောမနေချင်တော့တာကြောင့် ဝိုင် ကော်ဖီပန်းကန်ကို ကောက်ကိုင်ပြီး ထွက်သွားဖို့ပြင်လေလျှင် –

"နေပါဦး ဝိုင်ရဲ့"

"ဟင်"

ဝိုင်လက်ကို ဆုပ်ကိုင်ပြီး ရွှေ့မှုရစ်နေသဖြင့် –

"ရှင်ဖယ်နော်"

"ခဏလေး"

"မနေဘူး"

"ကိုယ် ဝိုင့်ကို ပြောစရာရှိလို့ပါ ဝိုင်ရယ်"

"ရှင်နဲ့ကျွန်မကြားမှာ ပြောစရာစကား မရှိဘူး"

"မင်းမှာ မရှိပေမယ့် ကိုယ့်မှာရှိတယ်လေ"

"ကျွန်မ နားမထောင်နိုင်ဘူး ဖယ်ပါ"

"အဲဒါ ဘာဖြစ်နေကြတာလဲ"

"ဟင်"

"ကိုပိုင်"

ကိုပိုင်ရောက်လာတာမို့ ဝိုင် ထွက်ပေါက်ရသွားသည်။





ကျော်မိုးနိုင်က လက်ကိုလွှတ်ပေးသဖြင့် ကိုပိုင့်ဘေးကို ပြေးကပ်လိုက်သည်။

"အမြင်မတော်စရာတွေ မြင်နေရအောင် ဒါ ကလပ်မဟုတ်ဘူးနော်"

"ကိုပိုင် ဝိုင်ကလေ"

"မပြောနဲ့ သွားတော့"

ဝိုင် မျက်လွှာလေးချ၍ ထွက်သွားလေတော့သည်။ ကိုပိုင်က ဝိုင့်ကိုဆိုရင် အမြဲတမ်း အော်ငေါက်နေတာပဲ။ ဝိုင်က ကိုပိုင်တို့အိမ်မှာ အိမ်ဖော်မဟုတ်ဘူးဆိုတာ သတိရရဲ့လား။ နှစ်တစ်ယောက်ကို လေးလေးစားစား ဆက်ဆံရမယ့်အစား အခုတော့ အိမ်ဖော်ကို ဆက်ဆံတဲ့အတိုင်း။

ဝိုင်ကလည်း ဝိုင်ပါပဲ။ ဒေါ်မုန်းမာန်တို့လင်မယားရဲ့ ညွှန်ကြားချက်အတိုင်း ကိုပိုင် တစ်နေ့ မင်းပြောသမျှ ခေါင်းညိတ်နေအောင် မြှူဆွယ်ဖြားယောင်းရမယ်တဲ့။

ဒါကြောင့်ပဲ ကိုယ်က အရင်သူပြောသမျှ နာခံနေရတာလေ။ မဟုတ်ရင် ဝိုင်မှာလည်း မာနနှင့်။

ဖိုးချွန်ကရော၊ အရင်စပ်ဖြိုဖြိုနဲ့ ကလေးဆန်သလောက် အိမ်ရောက်မှ စိတ်ကြီးဝင်ကာ တည်တည်ကြည်ကြည် ပုံစံနေရတာ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်ကြောင့်လေ။ သူ တစ်ချက်ကလေး ဖတ်ရုပ်ပြ
တာနှင့် ကိုလတ်က သတိကို သံပတ်ပေးနေတာ။

ကိုယ်တိုင်ကလည်း စွန့်စားရတာကို ဝါသနာကြီးသူပီပီ
ဒီမှာလာပြီး ဟန်ဆောင်နေရတာ။ ပိုင်ကို ရုပ်တည်ကြီးနဲ့ပေါက်ပြီးရင်
ငါ မိုးချုန်မှ ဟုတ်သေးရဲ့လားလို့ တွေးမိ၏။ သူ ဘာကြောင့်
လှုကြီးဆန်မိနေပါလိမ့်။

"ကိုပိုင်"

"ပြော"

"ဦးဇော်က ကော်ဖီအတူသောက်ရအောင် လာခဲ့ပါတဲ့"

"အင်း"

မိုးချုန် အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။ သူက ဖေဖေ
နဲ့ပဲ ဖေဖေ့အခန်းထဲမှာ ကော်ဖီအတူတူသောက်၏။ ကိုယ့်အဖေ
မဟုတ်ပေမယ့် အဖေဆိုတာ ဘာမှန်းမသိခဲ့ရတဲ့ သူ့ဘဝမှာ ဖေဖေ့ကို
ကိုယ့်အဖေလို့ပဲ သတ်မှတ်ခင်တွယ်နေမိပြီပဲလေ။

"ဖေဖေ"

"လာ သား"

"ကော်ဖီသောက်ပြီးရင် ဖေဖေ လမ်းလျှောက်ကြည့်ရမယ်
နော်"





"အင်း ... သားပြန်ရောက်လာမှပဲ ဖေဖေ့ကျန်းမာရေး အခြေ
အနေ တိုးတက်လာတော့တယ်။ အရင်က ခုလို လမ်းတွဲလျှောက်နိုင်း
မယ့်သူက မရှိဘူးလေ။ သူတို့လည်း သူတို့အလုပ်နဲ့ သူတို့ကိုး"

"အခု သားရှိနေပြီပဲ ဖေဖေရာ။ ပြီးတော့ ပိုင်လည်းရှိနေ
တာပဲ။ မကြာခင် ဖေဖေ့ခြေထောက်တွေ ပြန်ကောင်းလာမှာပါ"

သားအဖနှစ်ယောက်စကားပြောရင်း ကော်ဖီသောက်ကြစဉ်
ပိုင်က လှစ်ခနဲ ပြန်ထွက်သွား၏။

"သား"

"ဗျာ"

"သားကို ဖေဖေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ... ပြောပါ ဖေဖေ"

ဦးဇော်ဦး ကော်ဖီပန်းကန်ကို ပြန်ချပြီး တွေတွေငေးငေးလေး
ဖြစ်ကာ သက်ပြင်းချ၏။ ပြီးမှ –

"ဖေဖေ့ကျန်းမာရေး အခြေအနေက ဘာမှန်းမသိတော့
သားကို ဖွင့်ပြောချိန်တန်ပြီလို့ ထင်ပါတယ်။ တကယ်လို့ ဖေဖေ
သေသွားခဲ့ရင် သားကို အထီးကျန်မဆန်စေချင်ဘူး"

"ဖေဖေကလည်း"

"ပြေးကြည့်မှ ဒီသားအဖနှစ်ယောက်တည်းလို့ တွေးမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့သား၊ တကယ်တော့ သားမှာ မိသားစုရှိတယ်''

''ဖေဖေ ဘာပြောချင်တာလဲ၊ သားနားမလည်ဘူး''

''တကယ်တော့ သားမှာ သားမေမေနဲ့ ညီလေးရှိတယ် သား''

''ဗျာ''

ဖိုးချွန် အံ့ဩသွားတာကိုကြည့်ပြီး ဦးဇော်ဦး ပြုံးမိ၏။ သူ့ကို အိမ်ထောင်ရေးဖောက်ပြန်တယ်လို့ စွပ်စွဲပြီး အိမ်ပေါ်က ဆင်းသွားတဲ့ ဇနီးကို နားလည်မှုမရှိတဲ့မိန်းမဆိုပြီး သူ လိုက်မခေါ်ခဲ့ပေ။

နောက်ပိုင်း လိုက်ရှာတော့ ဘယ်မှာမှ ရှာလို့မတွေ့ခဲ့။ တစ်ယောက်နဲ့တစ်ယောက် မာနတွေပြိုင်ပြီး သူက သားကြီးကို ခေါ်ထားပြီး ဇနီးသည်က သားငယ်ကိုခေါ်ပြီး အိမ်ပေါ်က ဆင်းသွားခဲ့တာ။

''သား''

''ဗျာ''

''သားရဲ့မေမေနဲ့ သားညီလေးကို လိုက်ရှာပါ သားရယ်။ သူတို့ ဒုက္ခဆင်းရဲများ ရောက်နေကြသလား မသိဘူးကွာ''

''မေမေ့နာမည်က''

''ဒေါ်ကေသီနိုင်ဆိုတာ သားကို ဖေဖေ ညာခဲ့တာပါ။ တကယ်တော့ သားရဲ့မေမေက ရီရီခင်ပါ။ သားငယ်လေးနာမည်က





မိုးချိုဦးတဲ့။ သားကြီးကိုမွေးပြီးမှ သားငယ်လေးကို မွေးကာနီးမှာ မိုးတွေရွာလို့ ဒီနာမည်ကို ဖေဖေမှည့်ခဲ့တာ''

ဖိုးချွန် ဘာမှ ပြန်မပြောနိုင်လောက်အောင် ဆွံ့အသွားသူပမာ။ ကံကြမ္မာက ဒီလောက်တောင် ဆန်းကြယ်သလား။ မိသားစုတွေ ပြန်ဆုံကြဖို့ ကံကြမ္မာက ဖန်တီးပေးလိုက်သည်ဆိုလျှင် အစ်ကိုဆိုတဲ့ ပိုင်လင်းဦးက အခု ဘယ်မှာလဲ၊ သေသလား ရှင်သလားလည်း မသိရ။ ပျော်ရွှင်မှုနဲ့ ဆုံရမယ့်အစား ဝမ်းနည်းမှုတွေ ထည့်မပေးပါနဲ့။

အမေပြောတော့ အဖေက သေသွားပြီတဲ့။ အခု ကိုယ်ရောက်နေတာ အဖေ့ရဲ့အသိုက်အမြုံထဲမှာ။ ရှုပ်ထွေးနေတဲ့ အိမ်တွင်းရေးပြဿနာတွေက ကိုယ်နဲ့မဆိုင်ဘူးလို့ ထင်ထားပေမယ့် အခုဆိုင်လာပြီ။ ရောက်လာခဲ့တာက စွန့်စားချင်တာနဲ့ စုံစမ်းချင်တာ သက်သက်ပေါ့။

အခုကျတော့ ကိုယ့်ပခုံးပေါ်မှာပဲ ဒီတာဝန်က ကျလာပြီ။ သူ့ အမှန်တွေ ဖွင့်ပြောလိုက်ရင် ကိုပိုင့်အတွက် ဖေဖေ သောက ရောက်ရဦးမည်။

လောလောဆယ် ဖွင့်မပြောနိုင်သေးတာအတွက် သားကို ခွင့်လွှတ်ပါ ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်နဲ့ပတ်သက်ပြီး ဘာမှန်းမသိတဲ့ အရှုပ်ထုပ်ကို ဖြေပါရစေဦး။

ဖေဖေ့အနားမှာ အန္တရာယ်တွေ ရှင်းသွားပြီဆိုတဲ့နေ့။

"သား"

"ဖေဖေ"

"သားမေမေနဲ့ သားညီလေးကို ရှာပါနော်"

"စိတ်ချပါ ဖေဖေ။ သား ကတိပေးပါတယ်"

"သားမေမေက ဖေဖေ့ကို အိမ်ထောင်ရေးဖောက်ပြန်တယ်လို့ အထင်လွဲပြီး သားငယ်နဲ့ အိမ်ပေါ်က ဆင်းသွားတာ"

"ဖေဖေက လိုက်မရှာဘူးလား"

"ရှာတာပေါ့သားရယ်။ ဒါပေမဲ့ . . . ပုန်းနေတဲ့သူကို ဘယ်ရှာလို့ တွေ့ပါ့မလဲ"

"ဪ"

ဖိုးချွန် စိတ်မကောင်းစွာနှင့် သက်ပြင်းချလိုက်မိ၏။ အခု ဖေဖေရှာနေတဲ့သားငယ်က ဖေဖေ့ရှေ့ရောက်နေပြီ။ ဖေဖေ့သားကြီးက ပျောက်နေတာပါ ဖေဖေ။

"ဒီမှာလေ ဖေဖေတို့မိသားစုရိုက်ထားတဲ့ ဓာတ်ပုံ"

လှမ်းပေးတဲ့ဓာတ်ပုံကိုယူပြီး ကြည့်လိုက်တော့ ဖေဖေက





သားတစ်ယောက်ကို ချီထားပြီး မေမေက ချီထားတာတစ်ယောက်။ နှစ်ယောက်စလုံး ရုပ်ချင်းတူပြီး . . . ရှစ်လ, ကိုးလသားအရွယ်လေးတွေ။

"သားတို့ညီအစ်ကိုက အမွှာတွေပေါ့နော်"

"ဟုတ်တယ်သား"

ဟုတ်တယ်ဆိုပြီး ရီဝေဝေမျက်ဝန်းတွေနှင့် ငေးငေးငိုင်ငိုင်ဖြစ်သွားတဲ့ ဦးဇော်ဦးရဲ့စိတ်တွေ အတိတ်ဆီသို့ အလည်ပြန်ရောက်သွားသည်ထင်၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဝုတ် ဝုတ် ဝုတ်"

တိုက်နောက်ဖေးဘက်ကနေ ခွေးဟောင်သံကြောင့် ဝင်းလတ် ရေပိုက်ကို ခေါက်တင်ခဲ့ပြီး လျှောက်လာခဲ့သည်။

"ဝုတ် ဝုတ် ဝုတ်"

"ဘယ်က ခွေးတွေပါလိမ့်"

ခွေးဆိုတာ စည်းကမ်းမဲ့မျိုးမို့ စည်းမရှိ ကမ်းမရှိ ဘယ်က ရောက်လာတဲ့ခွေးတွေမသိ။ သူရောက်သွားတော့ ခွေးနှစ်ကောင်က မြေကြီးတွေကို အသည်းအသန်ယက်နေသည်။

"ဟဲ့ခွေးတွေ ... မြေကြီးတွေ မွကုန်တော့မှာပဲ"





"ဂါး"

သူမောင်းတော့ ခွေးတွေက သူ့ကိုပဲ မာန်ဖီလေလျှင် ခဲလုံးကို ကောက်ပြီး ပစ်ထည့်လိုက်တော့ –

"ဂိန် ဂိန် ဂိန်"

တစ်ကောင်က အော်ပြီး နောက်ဆုတ်သွားပေမယ့် ပြေးတာမဟုတ်။ သူ့ကိုသာ မာန်ဖီလျက် ကျန်တစ်ကောင်က မြေကြီးတွေကို ယက်နေဆဲပါ။

"ဒီခွေးတွေ ခက်တော့တာပဲ"

"ဝင်းလက်"

"ဗျာ"

နောက်ကိုလှည့်ကြည့်လိုက်တော့ ဦးကျော်နဲ့ ကိုညို့ဝင်းပါ။ ဦးကျော်က ခါးကြီးထောက်လျက်။

"မင်း ပြန်လာခဲ့"

"ဗျာ"

"အဲဒီခွေးတွေကို ညို့ဝင်း ရှင်းလိမ့်မယ်"

"ဟုတ်ကဲ့"

ဝင်းလတ် လှည့်ပြန်ခဲ့စဉ်မှာပဲ –

"ဝှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဂိန်"

ကိုယ့်အနားက ဝုန်းခနဲဖြတ်သွားသောအရာသည် ဘာလဲလို့ ပြန်ငဲ့ကြည့်ရုံပဲရှိသေး။ ခွေးတစ်ကောင်မှာ ဓားတန်းလန်းစိုက်လျက် လဲကျသွားသည်။ လျင်လိုက်တဲ့လက်။ ဝင်းလက် မယုံနိုင်လောက်အောင် အံ့ဩသွားရ၏။ ကိုညိုဝင်းက အဲဒီလောက်တောင် ဓားပေါက်ကျွမ်းသည်ဆိုလျှင် –

"ဟော့ကောင် . . . လာလေ ဘာလုပ်နေတာလဲ"

"ဟုတ် . . . ဟုတ်ကဲ့"

"သွား . . . ကိုယ့်အလုပ်ကိုယ်လုပ်"

ဝင်းလတ်ကလည်း ခြံစောင့်အလုပ်သမားဆိုတော့ ဦးကျော်ကို ပြန်ပြောရဲသူမဟုတ်ပေ။

ထို့ကြောင့် ခပ်သုတ်သုတ်ပဲ တိုက်ရှေ့သို့ ပြန်ထွက်သွားလေလျှင် –

"ညိုဝင်း"

"ဗျာ . . . ဆရာသမား"

"မင်း ငပိုင့်ပါးစပ်ကို အရင်မပိတ်ခင် ဝင်းလတ်ပါးစပ်ကို အရင်ပိတ်မှ ဖြစ်မယ်"





"ဝင်းလတ်ကို"

"ဟုတ်တယ်၊ ဒီကောင်က စပ်စုလွန်းတယ်။ အဲဒါကြောင့် ဒီကောင့်ကို မင်း အရင်ရှင်းရမယ်"

"ကောင်းပြီလေ . . . ဆရာသမား စိတ်ချပါ"

ဦးကျော်ဦးရဲ့ တစ်ချက်လွှတ်အမိန့်က လူတစ်ယောက်ရဲ့ အသက်ကို တိရစ္ဆာန်တစ်ကောင်လောက်ပဲ တန်ဖိုးထားခြင်းပါပဲ။ ဝင်းလတ်ရဲ့ ကံကြမ္မာက တကယ်ပဲ မှိုးမှောင်ကျတော့မလားဆိုတာ။

"ဒေါက် ဒေါက်"

"ဟင်"

"ဒေါက် ဒေါက်"

ညအချိန်မတော်မှ တံခါးခေါက်တာ ဘယ်သူလဲ။ ကိုပိုင်လား။ ကိုပိုင်ပဲဖြစ်မှာပါလို့ ခုတင်ပေါ်က လျှောဆင်းပြီး တံခါးဆီသို့ လျှောက်လာခဲ့ကာ –

"ဒေါက် ဒေါက်"

"ချပ်"

"ဟင်"

တံခါးဝမှာ ရပ်နေတာက ညိုဝင်းပါ။

"ကိုညိုဝင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ ဆွေးနွေးစရာရှိလို့"

"ဗျာ"

"လာကွာ . . . ခြံထဲသွားရအောင်"

"ကျွန်တော်နဲ့ ဆွေးနွေးစရာရှိလို့ ဟုတ်လား"

"ဟုတ်တယ်"

"ဘာများပါလိမ့်"

"လာပါကွာ . . . ပြောတဲ့အခါ သိရမှာပေါ့"

ဝင်းလတ် တံခါးကို ပြန်စေ့ခဲ့ပြီး မလိုက်ချင်လိုက်ချင်နှင့် လိုက်ခဲ့ရတော့၏။

❋ ❋ ❋



## အခန်း (၁၆)

"ဘာ . . . ဝင်းလတ်ကို ရှာမတွေ့လို့ ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး။ ခါတိုင်းဆို သူက အစောကြီး အိပ်ရာကနိုးတာ။ ဒီနေ့ အိပ်ရာထနောက်ကျလို့ သွားနိုးတော့ အခန်းထဲမှာ သူမရှိဘူး။ ဘယ်မှာမှလည်း ရှာလို့မတွေ့ဘူး"

"အခြားလူတွေရော မသိကြဘူးလား"

"အကုန်မေးပြီးပြီ။ ဘယ်သူမှ မသိကြဘူးတဲ့"

"ကျွတ်"

"မဟုတ်သေးပါဘူး"

သားက မဟုတ်သေးပါဘူးဆိုပြီး တစ်ခုခုကို စဉ်းစားဟန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ဦးဇော်ဦးလည်း စိတ်ရှုပ်သွားသည်။ ဒီအိမ်မှာ ဘာတွေဖြစ်နေတာလဲ။ ဒီအိမ်ကနေ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြတာ ဘာသဘောလဲ။

ပထမ သာခင်။

သူ့ကို ဘာညာကွိကွ တစ်ခွန်းမှမပြောဘဲ တောကိုပြန်သွားသည်တဲ့။

ဒုတိယ ထမင်းချက်ကောင်မလေး။

သူကတော့ လင်နောက်လိုက်သွားသည်ဆိုလို့ ထားတော့။ အခု လာပြန်ပြီတစ်ယောက်။ ဝင်းလတ်က တစ်နေရာရာ သွားမယ်ဆိုရင် သူတို့ကို ပြောပြီးမှသွားနေကျပါ။ ဘယ်သူ့ကိုမှမပြောဘဲ ပျောက်နေတယ်ဆိုတော့ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

"ကျော်ဦးရော ... ကျော်ဦးဘယ်မှာလဲ"

"ရှိပါတယ် အစ်ကိုကြီး"

"ဘယ်မှာရှိတာလဲ"

"အောက်ထပ်မှာပါ"

"သွားခေါ်စမ်း"

"ဟုတ်ကဲ့"

ဒေါ်မုန့်မာန် အခန်းထဲကနေ ပြန်ထွက်သွားလေ၏။ ဦးဇော်





ဦးက အကြောင်းအရာတော်တော်များများကိုမသိသူ။ ဖိုးချုန်က ကိုလတ်ပြောလို့ သိထားတာတွေရှိတော့ ဒီကိစ္စကို မသက်ာ။ ကိုလတ်မရှိရင် သူ ဘယ်သူနဲ့တိုင်ပင်ရမလဲ။

"ကိုညိုဝင်း"

"ဟင်"

"ဒီကိစ္စကို ခင်ဗျား ဘယ်လိုထင်လဲ"

"သူ ပစ္စည်းတစ်ခုခုကိုများ ခိုးပြီးထွက်သွားသလားပဲ"

"မဖြစ်နိုင်ဘူး"

"ဝင်းလတ်က ဒီအိမ်မှာ ငါ့ညီကျော်ဦးထက်တောင် ယုံကြည်စိတ်ချရသေးတယ်။ မင်းပြောတာ လုံးဝမဖြစ်နိုင်ဘူး"

ဖိုးချုန်ပြောတဲ့ မဖြစ်နိုင်ဘူးရဲ့နောက်မှာ ဦးဇော်ဦး ဖြည့်စွက်ပြောသွားတာက ရှည်လျားစွာ။

"ဒါတော့ ဆရာရယ် ... သစ်ကောက် ဝါးကောက်သာ မြင် ရတာ။ လူ့ရဲ့စိတ်ထဲမှာ ကောက်တာကို မြင်မှမမြင်နိုင်ပဲ"

"ကိုလတ်သာ အဲဒီလိုစိတ်ရှိရင် အစောကြီးကတည်းက သူလိုချင်တာ မ,သွားလို့ရတယ်။ သူ မီးခံသေတ္တာသော့ကို သုံးရက်လောက် ကိုင်ဖူးတယ်လေ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်၊ ကျွန်တော် သူ့ကို ခဏပေးထားရင်း မေ့သွားခဲ့တာ”

“ဩော် . . . မင်းက တို့လင်မယားကိုတော့ တစ်ခါမှ ပေးမကိုင်ဖူးဘူး။ သူစိမ်းကိုတော့ ပေးကိုင်တယ်ပေါ့လေ ဟုတ်လား”

“ဦးကျော်”

“ကျော်ဦး”

“ဘာလဲ . . . မင်းက ဦးလေးအရင်းခေါက်ခေါက်ဖြစ်တဲ့ ငါ့ကိုကျ မယုံဘူးဆိုတဲ့ သဘောလား”

“တော်စမ်း ကျော်ဦး”

ဦးဖော်ဦးအော်လိုက်တော့ အားလုံး တိတ်သွားကြသည်။ ဝင်းလတ်ပျောက်တဲ့ကိစ္စကျမှ တစ်အိမ်လုံး ရုတ်ရုတ်သဲသဲပါပဲ။ ထမင်းချက် နီနီမာကစ အားလုံး ဦးဖော်ဦးအခန်းထဲမှာ တရားခံတွေလို ခေါင်းငုံ့အစစ်ခံနေရသည့်အဖြစ်။

စစ်ဆို ဦးဖော်ဦးရင်ထဲမှာ မတင်မကျ ဖြစ်နေတာလေ။ အလုပ်သမားတွေအပေါ် သူ့လောက်ကောင်းတာ သူပဲရှိတယ်။ ဒါကို ဘာလို့ တစ်ယောက်ပြီးတစ်ယောက် ပျောက် ပျောက်သွားကြတာလဲ။ ပြီးတော့ ပျောက်သွားတဲ့လူတိုင်းက ဘာမှမယူဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ဖြစ်နေကြတာ စဉ်းစားစရာ။





“ဦးဖော်ကို ကျွန်တော် တစ်ခုတော့ ပြောချင်တယ်”

“ဘာလဲ”

ဝင်ပြောလိုက်သူက ကျော်မိုးနိုင်မို့ ဘာကိုစိုးရိမ်မှန်းမသိ ဝိုင်ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

“ကျွန်တော့်အထင် အရင်က ကိုပိုင်နဲ့ အခု ဦးဖော်ရှေ့မှာရောက်နေတဲ့ကိုပိုင်က အရာရာ ဆန့်ကျင်ဘက် ဖြစ်နေသလားလို့[illegible]”

“ဘာကွ”

“ဟုတ်တယ်၊ ဒီကောင်ကို ငါမသင်္ကာဘူး”

“ဘာလဲ . . . မင်းတို့က ငါ့သားကို ငါ့အနားက ပထုတ်ချင်နေတာလား”

“မဟုတ်ဘူး အစ်ကိုကြီး”

ဦးကျော်ဦးတို့ သားအဖတွေ အကြည့်ချင်းဆုံသွားကြသည်။ အစကတော့ အမှတ်တမဲ့ပါပဲ။ နောက်တော့ ပိုင်လင်းဦးက အရင်လို [illegible]ဟုတ်စွာ သူတို့က ပြန်ကြောက်ရမယ့်အနေအထားဖြစ်လာတော့ ဒါကို ကျေနပ်စွာ သတိထားမိသွားတာ ဖြစ်နိုင်၏။

ပစ္စည်းတစ်ခုခုကိုင်ပြီဆို ဘယ်လက်နဲ့ကိုင်တာ တွေ့ဖူးတော့ သံသယဖြစ်မိတာ မဆန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တကယ်ပြောနေတာ ဦးဖော်။ ကိုပိုင်ဆိုတဲ့ ဒီကောင် ကိုပိုင်အစစ် မဟုတ်ဘဲ အခြားတစ်ယောက် ဟန်ဆောင်နေတာလို့ ကျွန်တော်ထင်တယ်"

"မင်း မဟုတ်တာတွေ မပြောနဲ့။ ဒါဆို ငါ့သားက ဘယ်မှာလဲ ပြော"

"အင်"

မြားဦးက သူတို့ဘက်ပြန်လှည့်လာတာမို့ ဒေါ်မှန်းမာန် သားကို လက်ကုတ်လိုက်သည်။

"ကိုပိုင်က နိုင်ငံခြားမှာပဲ ရှိချင်ရှိနေမှာပေါ့"

ကျော်မိုးနိုင်က အကြံသမားမို့ မျက်လုံးက အငြိမ်မနေဘဲ တစ်ခုခုကို ရှာနေသလို။ နောက်တော့ ဘောင်းဘီအိတ်ထဲက ဖုန်းကို သတိရပြီး ထုတ်ယူလိုက်ကာ –

"ဦးဖော်"

"ပြော"

"ဒီမှာကြည့်"

ဖုန်းကို ပိုင်လင်းဦးဆီသို့ လှမ်းပစ်လိုက်လေလျှင် ပိုင်လင်းဦး မဟုတ်တဲ့ ဖိုးချွန်ဆိုတော့ ဖမ်းဆုပ်လိုက်တာ ဘယ်လက်နဲ့။

"တွေ့လား ဦးဖော်၊ ဒီကောင်က ဘယ်သန်"





"ဟော့ကောင် ... မင်း ဘယ်သူလဲ"

"ရပ်စမ်း"

ဦးကျော်ဦးက ရှေ့တိုးလာတော့ ဦးဖော်ဦးက တားလိုက်သည်။ ကိစ္စကို ဖော်ဖော်မြစ်မြစ် မသိသေးဘဲ အကြမ်းပရမ်းလုပ်လို့ ရမလား။ ဒီကောင် မရိုးသားဘူးဆိုလည်း ထောက်ထားစရာရှိနေပြီး သူတို့ကိုပဲ မယုံသင်္ကာဖြစ်မိလာတာက ပိုဆိုး၏။ ဦးဖော်ဦး သားကို စူးစူးစိုက်စိုက် ကြည့်လိုက်တာနှင့် –

"ဖေဖေ သားက"

"မင်း ဘယ်သူလဲ"

ရည်ရွယ်တာမဟုတ်ဘဲ လိမ်လည်ရာကျနေသည်မို့ ဖိုးချွန် ခေါင်းကို ငုံ့ချလိုက်သည်။

"ဖြေလေ"

"ကျွန်တော် မိုးချိုဦးပါ ဖေဖေ"

"မိုးချိုဦး"

"ဟုတ်ပါတယ်"

အားလုံး အကြောင်သား ငေးကြည့်နေမိကြ၏။ ပိုင်လင်းဦး မဟုတ်တဲ့လူကို ဦးဖော်ဦး ဘာကြောင့် ဒေါသမထွက်တာလဲ။ ကိုယ့်သား ဟန်ဆောင်ပြီး လိမ်လည်ဟန်ဆောင်တဲ့သူကို ဒေါသဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်းမထုတ်ဘဲ နှုတ်ခမ်းတွေ ပြုံးလာတာက ဘာသဘောလဲ။

ဦးကျော်ဦးတို့ ဖြစ်စေချင်တာက ဒီကောင်ကို ဆွဲထုတ်ခိုင်းစေချင်တာ။ အစကတော့ သူတို့ ကိုပိုင်အစစ်လို့ထင်ပြီး ဗိုက်ကြီးရဲ့ မပိရိမှုကြောင့် သွေးပျက်နေခဲ့တာ။ ဗိုက်ကြီးကိုလည်း လုံးဝ အိမ်မလာဖို့ မှာထားသည်။ ဒါဆို ကိုပိုင်ကသေပြီပေါ့။ ဗိုက်ကြီးကို ဒီအိမ်လာခိုင်းလို့ရပြီ။ သူ့ခမျာ စွန့်လည်းစွန့်စားရသေး။

ကိုပိုင်မသေဘဲ ပြန်ရောက်လာတယ်ဆိုတော့ သူ ပေါ်ဆလို့ဆိုပြီး မျက်နှာငယ်နေရရှာတာ။

"သား . . . သားငယ်"

"ဖေဖေ"

"ခုလို သားငယ်ကို ပြန်တွေ့ရတာ ဖေဖေ ဝမ်းသာလိုက်တာ သားရယ်။ ဒါနဲ့ သားမေမေရော"

"ရှိပါတယ် ဖေဖေ။ မေမေက ရွာမှာကျန်ခဲ့တာလေ။ သားက ရန်ကုန်က ဘကြီးအိမ်ကိုလာရင်း"

ဗိုးချွန် စကားစကို ဖြတ်ထားလိုက်၏။ သူ ဒီကိုရောက်လာရတဲ့အကြောင်းကို လူစိမ်းတွေရှေ့မှာ ပြောလို့ ဖြစ်ပါ့မလား။ ကိုပိုင် ပျောက်နေတဲ့အကြောင်းကို ပြောလိုက်ရင် သူတို့ကို သတိပေးလိုက်သလို ဖြစ်မှာပေါ့။





"ဘာကြောင့်ပဲရောက်လာလာ ဖေဖေ ဝမ်းသာပါတယ်သားရယ်။ ဒါနဲ့ သားကို သားမေမေ အကြောင်းစုံပြောပြတယ်လား"

"မဟုတ်ဘူး ဖေဖေ"

"ဖေဖေ မင်းမေမေကို တွေ့ချင်တယ်ကွာ"

"တွေ့ရမှာပေါ့ ဖေဖေရာ"

"အစ်ကိုကြီး"

"ဟေ"

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲဗျာ"

မကျေမနပ်နှင့် ဦးကျော်ဦး မေးလိုက်၏။ ဒီသားအဖကို တစ်ယောက်ခြင်းဖြုတ်မယ်ဆိုမှ တစ်ယောက်အင်အား တိုးလာပြန်ပြီ။ ဆချဦးတဲ့။ ဒီကောင်ကတော့ ဖရိုပြီး ပိုင်လင်းဦးလောက် ခပ်လွယ်လွယ် ရှင်းလို့ရမှာမဟုတ်။

"ငါက သားနှစ်ယောက်ရဲ့ အဖေလေ။ သားတို့ညီအစ်ကိုက အမွှာတွေပေါ့။ မင်းတို့ ဒီအိမ်ကိုရောက်လာတော့ ငါ့မိန်းမနဲ့သားငယ်မှ ကွဲတော့တာ။ ငါလည်း စိတ်ညစ်စရာမို့လို့ ပြန်ပြောမပြခဲ့တာ"

မှန်ပါသည်။ ဦးကျော်ဦးက မိန်းမရပြီးကတည်းက နယ်က မိန်းမနောက်ကို လိုက်သွားခဲ့တာ။ မိဘတွေက မုန်းမာန်ဆိုတဲ့မိန်းမနဲ့ သဘောမတူလို့ အမွေပြတ်ခဲ့တာလေ။ အမွေအားလုံး သားကြီးကော်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းကို လွှဲပေးခဲ့ပေမယ့် –

မိဘတွေ ဆုံးသွားတော့ ဦးဇော်ဦးက တစ်ကိုယ်ကောင်း မဆန်ဘဲ ညီဖြစ်သူကို လိုက်ရှာခေါ်ပြီး အမွေတစ်ဝက်ခွဲပေးသည်။ ပြီးတော့ ညီအစ်ကိုတွေ မိဘတွေ ချန်ခဲ့သည့်အိမ်ကြီးမှာ စည်းစည်းလုံးလုံးနေဖို့ ခေါ်ထားတုန်းက သားကြီး ဆယ်နှစ်သားဖြစ်နေပြီ။ ဦးကျော်ဦးတို့လင်မယားက အသုံးဖွာ၏။

ရတဲ့အမွေတွေကို လင်မယားနှစ်ယောက် တက်ညီလက်ညီ ဘောလောင်း၊ နှစ်လုံးထီထိုး လုပ်ပစ်လိုက်တာ ပြောင်ရောပါပဲ။ အခုကျတော့ ဦးဇော်ဦး ရှာဖွေစုဆောင်းထားတဲ့ စည်းစိမ်ဥစ္စာတွေကို လောဘဇောတိုက်ပြီး မတရားလိုချင်နေတာ ဦးဇော်ဦးကတော့မသိရှာ။

"ဒါဆို သူကလည်း အစ်ကိုကြီးရဲ့သားပဲပေါ့"

"ဟုတ်တယ်၊ မင်းရဲ့တူ အငယ်ပေါ့"

"ဦးကျော် ဦးကျော် ဝမ်းသာပါတယ် ငါ့တူရာ"

"ဟုတ်တယ်၊ ကိုပိုင်ကိုတောင် အန်တီမုန်းက သားအရင်းလိုချစ်ခဲ့တာ။ သားငယ်လည်း အတူတူပဲပေါ့ကွယ်"

အပြောင်းလဲမြန်တဲ့ စပရိန်မျက်နှာတွေ။ ဒီစကားတွေက ရင်ထဲကလာတာမှမဟုတ်တာ။ မိုးချွန် ခပ်မဲ့မဲ့ ဖြစ်ချင်တာကို ဟန်ဆောင်ပြီး ပြုံးပြရတာ ဒုက္ခအရောက်ဆုံးပါပဲ။





"ကဲ ... မင်းတို့သွားကြတော့"

"ဟုတ်ကဲ့"

တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြတာ အခန်းထဲမှာ တစ်ယောက်မှမရှိတော့။ မိုးချွန် အခန်းဝထိလျှောက်လာပြီး လိုက်ကြည့်ကာ တကယ် အောက်ထပ်ကို အကုန်ဆင်းသွားကြပြီဆိုမှ တံခါးကို သေသေချာချာ ပိတ်ခဲ့၏။

"ဖေဖေ"

"သား"

"သား ဒီအိမ်ကိုရောက်လာတာ ကိုလတ်အကူအညီတောင်းလို့ ဘုမသိ ဘမသိနဲ့ ရောက်လာတာပါ။ တကယ်တော့ ကိုပိုင် နိုင်ငံခြားက ပြန်လာတဲ့နေ့မှာပဲ မြန်မာပြည်ရောက်မှ ပျောက်သွားတာ"

"ဘယ်လို"

"စုံစမ်းတာလည်း စုံစမ်းလို့မရဘူး။ အဲဒါကြောင့် သား ကိုပိုင့်နေရာမှာ ဟန်ဆောင်ခဲ့တာပါ"

"ဒါဆို ... သားကြီး ဘယ်မှာလဲ၊ သူ ဒုက္ခများရောက်နေပြီလား သားငယ်ရယ်"

မိုးချွန် သက်ပြင်းချလိုက်မိ၏။



www.burmeseclassic.com

"ကိုလတ်က အဲဒါကိုပဲ စုံစမ်းနေတာလေ။ အခု သူကပ် ပျောက်နေတယ်ဆိုတော့"

"ဒါဆို ဒီအိမ်မှာ အကြံသမားတွေများ ရှိနေပြီလား သား ငယ်ရယ်။ ဒါမှမဟုတ် အပြင်ကလူ"

"ဖေဖေ"

"ဟင်"

"ဒီအိမ်မှာ ကိုလတ်ကလွဲရင် ကျန်တဲ့လူအားလုံး မရိုးသား ကြဘူးလို့ သားထင်တယ်"

ဦးဇော်ဦး တွေခနဲဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်သည် ကိုယ်က ကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးဆိုတဲ့ စကားရှိနေတာပဲ

❋ ❋ ❋



## အခန်း (၁၃)

"ဟင်"

ဖိုးချွန် အမှတ်တမဲ့ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ရာ ရိုပ်ခနဲ ကွယ်လိုက်တဲ့လူရိပ်ကို မြင်လိုက်ရသဖြင့် –

"ဘယ်သူလဲ"

"ရှပ် ရှပ်"

ထွက်ပြေးတဲ့ခြေသံကို ကြားလိုက်ရသဖြင့် ဖိုးချွန် ထလာခဲ့ တော့၏။

ဘယ်ရောက်သွားပြီလဲလို့ လိုက်ရှာနေစဉ်မှာပဲ –

"ဟော"

www.burmeseclassic.com



မြင်လိုက်ရတဲ့လူရိပ်နောက်ကို မီအောင်လိုက်ဖို့ ခြေလှမ်းတွေက တလွှားလွှား။ နောက်ကမြင်နေရတဲ့ပုံစံက ယောကျ်ား တစ်ယောက် မဖြစ်နိုင်။

ဒီအရပ်အမောင်းနဲ့ ကိုယ်လုံး ကိုယ်ပေါက်က မိန်းမ တစ်ယောက်ပဲဖြစ်ရမယ်။ ဘယ်သူလဲ၊ ဒီအိမ်မှာ –

ဒေါ်မုန်းမာန်

နီနီမာ

ပြီးတော့ ပိုင်။

မိန်းမဆို ဒီသုံးယောက်ပဲရှိတာ။ အဲဒီအထဲက တစ်ယောက်ပဲ ဖြစ်မှာပေါ့။ ဘာအကြံအစည်နဲ့ သူ့ကို လာချောင်းတာလဲမသိ။

"အင့်"

'အမေ့"

"ဟာ"

ရုတ်တရက် မီးဖိုချောင်ဘက်သို့သွားသောလူနှင့် ပြန်ထွက်လာတဲ့လူ ဝင်တိုက်မိပြီး တစ်ဖက်လူလဲကျသွားမှာစိုးလို့ လှမ်းဆွဲလိုက်တဲ့ ဖိုးချွန်။

"အင့်"

"အား"





ဆွဲတာက အရှိန်လွန်ပြီး ရင်ဘတ်နှင့်ပစ်တိုက်ကာ နှစ်ယောက်စလုံး မထိန်းနိုင်ကြဘဲ လဲကျကုန်၏။

"အား"

"အမယ်လေး"

"သေပါပြီ"

လဲကျတော့ ဆွဲမိဆွဲရာ ဆွဲကြရင်း တစ်ဖက်လူက ဖိုးချွန်ကို ဖက်ထားသလို ဖိုးချွန်က တစ်ဖက်လူ၏ရင်ဘတ်အင်္ကျီစကို ဆုပ်ကိုင်ထားလျက်သား။

"အား ... နာလိုက်တာ"

"ဟင် ... မင်း ပိုင်"

"အို ... ဘယ်ကိုကိုင်ထားတာလဲ လွှတ်ပါ"

"အဲ ... ဆောရီး"

ဖိုးချွန် အယောင်ယောင် အမှားမှားနှင့် လွှတ်ပေးလိုက်တော့ ပိုင့်မျက်နှာလေး ရဲတွတ်သွားသည်။

"ဟ ... ဘာလုပ်နေတာလဲ ထလေကွာ"

"ဩော် ... အင်း"

ပိုင် အတင်းကုန်းထလေလျှင် –

"အား ... သေပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုင် ... အဲ မဟုတ်ပါဘူး"

"မိုးချိုဦး"

"အင်း ... ကိုမိုးချိုက ရုတ်တရက် ဝင်လာတာကိုး"

"မင်းက ထွက်လာတာလေ"

"ကိုမိုးချိုက ဘာလုပ်တာလဲ"

"မင်းကရော မအိပ်သေးဘဲ ဘာလုပ်နေတာလဲ"

"ပိုင်က ဗိုက်ဆာလို့ ထမင်းလာစားတာ"

"ကျွတ် ... မင်းလုပ်တာနဲ့ လွတ်သွားပြီ"

"ဟင် ... ဘာလဲ"

"လူတစ်ယောက် ငါ့ကို လာချောင်းပြီး ထွက်ပြေးတာ။ အဲ လူက မိန်းမပဲဖြစ်ရမယ်"

"ဟုတ်လို့လား"

"သေချာတယ်"

မိုးချုန် ခါးကိုထောက်လိုက်ပြီး ပိုင့်ကို ခပ်စူးစူးကြည့်လိုက် ၏။

ဒီအချိန် ဆာတဲ့ဗိုက်ကို မသက်ာချင်။ ဆာတတ်ရင် စား ကိုယ့် အခန်းထဲ မုန့်တွေ ဘာတွေ ယူထားပါလား။

"ပိုင်"





"ရှင်"

"မင်းလား"

"မဟုတ်တာ ကြိုကြိုဖန်ဖန်"

"မင်းကို ငါမယုံဘူး"

"ဘာ"

ပိုင် သူ့ကို ဆတ်ခနဲမော့ကြည့်လိုက်ကာ –

"မယုံရအောင် ပိုင်က ဘာလုပ်နေလို့လဲ"

"မသိဘူးလေ၊ မင်းက ငါ့ကိုကြိုက်လို့ အရိပ်လိုလိုက်ကြည့် နေသလားလို့"

"ဝေးသေးတယ်"

"မင်းပဲ ငါ့အတွက်ဆို အမြိုးရိမ်ပူပန်နေတာလေ"

"အဲဒါ ကိုယ့်အလုပ်ရှင်မို့လို့ တာဝန်အရ"

"ရယ်ရတယ်"

မိုးချုန် ပန်းတွန့်၍ရယ်လိုက်၏။ ဟိုအရိပ်နောက်ကိုလိုက်ရင် မိမှမမီတော့တာ။ ရှိပါစေတော့။ အဲဒီအရိပ်ပိုင်ရှင်က လျင်မြန်တော့ သူ့ကို မျက်စိလှည့်ပြီး မီးဖိုချောင်ထဲက ထွက်လာတဲ့ ပိုင်လည်း ဖြစ်နိုင်တာပဲလေ။

ဒီအိမ်မှာက ပဟေဠိတွေအများကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ့်ကိုယ်ကိုယ်ရော ဖေဖေ့အတွက်ရော သတိရှိရှိနဲ့ ကာကွယ်ရမည်။ သူတို့က သေသေချာချာ Plot လုပ်နေကြတာ။ ကိုယ်တို့က အလင်းမှာရပ်နေပြီး သူတို့က အမှောင်ထဲကလူ။ အလင်းကလူက အမှောင်ကို ရမ်းပစ်နေရတာပေမယ့် အမှောင်ကလူက အလင်းကလူကို ချက်ကောင်းချိန်ပြီး ပစ်လို့ရတာဆိုတော့ –

"ဝိုင်"

"ဟင်"

"စောစောကထွက်ပြေးတဲ့လူကို မင်း မမြင်လိုက်ဘူးလား"

"ဟင့်အင်း ... ဘယ်သူ့ကိုမှ မမြင်ပါဘူး"

"ငါ့ကိုတော့ မြင်တယ်မို့လား"

"ရှင်နော်"

"ဘာလဲ ... မင်းက ယုန်ကလေးနှာစေးနေတယ်ဆိုတဲ့ အဖြေမျိုး ဖြေတာလား"

"ကိုမိုးချိုဦး"

"ဘာလဲ"

"ရှင်ခေါင်းနဲ့မျက်စိကို အမှန်အမှား ခွဲခြားတတ်အောင် ပါဝါ မြှင့်လိုက်ဦး"

"ဘာ"





"ကြားတဲ့အတိုင်းပဲ"

ပြောပြီး ဝိုင်က သူ့ရှေ့မှ ထွက်သွားလေသည်။ သူပြောတိုင်း ယုံစရာလား။ မိန်းမဟူသည် စောင်းလေ့ပမာ အတည်အတွင်း သဘောရယ်မည်ဦ ပြောင်းလဲတတ်သည်တဲ့။

မိန်းမတွေက ပိုပြီး မာယာများတတ်ကြတော့ သူပြောတိုင်း ယုံလိုက်ဖို့ဆိုတာ မဖြစ်နိုင်။

ဖိုးချွန် အတွေးစတွေနှင့် နစ်မျောရင်း အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ ဖေဖေ့အခန်းထဲက မီးရောင်မြင်တာနှင့် –

"ဒေါက် ဒေါက်"

"ဖေဖေ"

"သားလား"

"ဟုတ်တယ် ဖေဖေ"

"ဝင်ခဲ့သား"

တံခါးက ပိတ်မထားတာမို့ တွန်းပြီးဝင်လာခဲ့လေလျှင် –

"သား မအိပ်သေးဘူးလား"

"ဖေဖေ့အခန်းထဲက မီးရောင်မြင်လို့ ဖေဖေ။ ဖေဖေ မအိပ်သေးဘူးလား"

"ဖေဖေ သားကြီးအကြောင်း စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဖေဖေ့အဖြစ်က သားငယ်ကိုတွေ့ပြန်တော့ သားကြီးက ပျောက်နေတာ။ မပဋ္ဌာလိုမဖြစ်တာဘဲ ကျေးဇူးတင်ရဦးမည်။

❋ ❋ ❋

## အခန်း (၁၈)

"ဗျာ"

"ဘာဖြစ်တာလဲ"

"ဘကြီးပဲ ကျွန်တော့်ကို မိန်းမပေးစားမယ်ဆို"

"အေးလေ ... မင်း- အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေလို့ မိန်းမပေးစားမယ်လို့ပြောတာ။ ငွေမိတ်ဆွေတစ်ယောက်ရဲ့ သမီး။ ရုပ်ချော ဥစ္စာပေါ၊ ပညာတတ်"

"ဘကြီးရာ"

ပိုင်လင်းဦး ခေါင်းကိုသာ တွင်တွင်ကုပ်လေတော့၏။ ဘကြီး စကားကို သူ နားထောင်ချင်ပါသည်။ ဒါပေမဲ့ သူ့မှာ လူမသိသူမသိ


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပူမိနေတာ ခက်သား။ ဖြေရှင်းရဦးမည့် ပြဿနာတွေ၊ ရင်ဆိုင်ရဦးမယ့် အကြောင်းအရာတွေက အများကြီး။

မိန်းမယူဖို့ မစဉ်းစားနိုင်သေးလို့ ကျွန်တော် ဖိုးချွန် မဟုတ်ပါဘူးလို့ ရှင်းပြရင် ရှင်းလေ ရှုပ်လေ ဖြစ်ဦးမှာ။ အမေကလည်း ဘကြီးစကားကို လက်ခံသည့်ပုံနှင့် ငြိမ်သက်နေလိုက်တာ ဘာစကားတစ်ခွန်းမျှ ဝင်မဆို။ ခက်တော့ခက်ပြီး ဒေါ်ကြီးကိုပဲ အကူအညီတောင်းရမလား။

"ဒေါ်ကြီး"

"ဟင်"

"ဘကြီးကို ပြောဦးလေဗျာ"

"ဟဲ့ . . . ငါက ဘာပြောရမှာလဲ"

"ကျွန်တော် မိန်းမ မယူချင်သေးဘူးဗျ"

"ဒီအရွယ်ရောက်နေပြီ မင်းက ဘာလို့ မိန်းမ မယူချင်သေးတာလဲ"

"မယူချင်သေးတာ မယူချင်လို့ပေါ့ ဘကြီးရာ"

"အေး . . . အဲဒီမယူချင်ရတဲ့အကြောင်းရင်းကို ပြောလေ"

"ကျွတ်"

ပိုင်လင်းဦး ခေါင်းကုပ်မိပြန်၏။ အမေ့ကို စစ်ကူတောင်းဖို့





လှမ်းကြည့်တော့ အမေက မတုန်လှုပ်။ "သားရေ မင်းဘကြီးပေးစားတဲ့မိန်းမကို ယူသာယူလိုက်" လို့ ပြောနေသလို။

"ဘကြီး"

"ပြော"

"ဘကြီးစကားကို နားထောင်ရင် ဘယ်တော့ယူရမှာလဲ။ အဲဒီမိန်းမကို"

"ငါ့ဆန္ဒအရဆို တစ်လအတွင်းတောင် ဖြစ်ချင်တာ"

"အဲဒါတော့ ဘကြီးလွန်တာပေါ့"

"ဘာကွ"

"ဟိုလေ . . . အချိန်နည်းနည်းလောက်ပေးဖို့ပြောတာ"

ခုဆိုရင် ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ဖိုးချွန်အဖြစ်ခိုတည်နေရတဲ့ ပိုင်လင်းဦး။ ဦးကျော်တို့လက်အောက်မှာတုန်းကလို ခုတ်တတ်တဲ့ကြောင်လေး မဟုတ်တော့ပေ။ နိုင်ငံခြားပြန်ဖြစ်တာရယ်၊ သူသိရသလောက် ဖိုးချွန်က သွက်လက်ထက်မြက်သည်ဆိုတာရယ်။

ပြီးတော့ အေးချမ်းတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရထားသည်ရယ်ကြောင့်ထင်ပါရဲ့ အရင် ပိုင်လင်းဦး မဟုတ်တော့ဘဲ သွက်လက်စွာ ပြောရဲဆိုရဲ ရှိလာပြီ။

"ကျွန်တော့်မှာ စဉ်းစားခွင့်မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် သားအကြီးက သင့်တော်မယ်ထင်လို့ စီစဉ်တာကို လက်ခံလိုက်ပါကွယ်"

"အမေ့ အမေမသိဘူးနော်"

သူသာသိတဲ့ကိစ္စကို အမေက ဘယ်လိုသိမှာတဲ့လဲ။

"သားကလည်း အပြတ်ငြင်းတာမဟုတ်သေးဘူးလေ။ အချိန်နည်းနည်းလောက်ပေးပါလို့ ပြောတာ"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ"

"ပြဿနာတွေ ရှင်းတဲ့အထိ"

"ဘာကွ"

"အဲ . . . မဟုတ်ဘူး ဘကြီးရဲ့။ ဟိုဟာ"

ဒီပါးစပ်က ဘာလို့လွှတ်ခနဲထွက်သွားပါလိမ့်။ ဒါ လျှို့ဝှက်ချက်ဆိုတာ မသိဘူးလား။

"ဘာလဲ . . . ဟိုဟာဆိုတာ"

"ဘာမှမဟုတ်ပါဘူး။ လက်ခံနိုင်တဲ့နေ့ ဘကြီးကို ကျွန်တော်ပြောမယ်လေ။ အခုတော့ လစ်လိုက်ဦးမယ်"

"သား"

"ဟော့ကောင် . . . မင်း ဘယ်ကိုလဲ"

"မြို့ထဲခဏသွားမလို့"





"နေဦး . . . ဟော့ကောင်"

တားနေရင်းပဲ ပိုင်လင်းဦး မကြားချင်ယောင်ဆောင်ပြီးနှတ်ထွက်လာခဲ့၏။ ဖိုးချွန်က ကားမမောင်းတတ်ဘူးတဲ့။ ဒါကြောင့်ဘကြီးက သူ့ကို ကားမောင်းသင်ရမယ်တဲ့လေ။ အိမ်မှာကားကဘကြီးစီးတဲ့ကားတစ်စီးပဲရှိတော့ မကျင်လည်သယောင်နှင့် တက်မောင်းခဲ့။

ခုလည်း ကိုယ့်အစီအစဉ်နဲ့ကို ဘတ်စ်ကားတိုးစီးလာခဲ့၏။ ကားမပါတော့ နောက်ဆံတင်းစရာလည်း မလိုဘူးပေါ့။ တကယ်လို့ အိမ်ကလူတွေနဲ့ မတော်တဆတွေ့ရင်တောင် ကြိုက်တဲ့နေရာ ပြေးပုန်းလို့ရတာပေါ့။

"ဟာ . . . ကိုပိုင်"

"အင်"

"ကိုပိုင်"

ကိုပိုင်လို့ခေါ်ပြီဆိုကတည်းက ပိုင်လင်းဦးကိုသိတဲ့ လူတစ်ယောက်လို့ ခန့်မှန်းလိုက်ပြီး ခြေလှမ်းက ပိုသွက်သွားစဉ် –

"ဟော့ကောင် ငပိုင်"

နောက်ကနေ အင်္ကျီကုတ်ကို လှမ်းဆွဲထားတာကြောင့် မြစ်ခနေ လှည့်ကြည့်လိုက်ရကာ –



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . နှောင်နှောင်"

"အေး . . . ကိုပိုင်။ အဲ . . . ဖိုးချွန်"

"ငါ ကိုပိုင်အစစ်ပါ"

"ဟေ"

နှောင်နှောင်က ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးနဲ့ အမှန်ကို ဖွင့်ပြောလိုက်ခြင်းဖြစ်၏။

"မင်းက ကိုပိုင်အစစ် ဟုတ်လား"

"ဟုတ်တယ်"

"ရှုပ်ကုန်ပါပြီကွာ"

"ဘာရှုပ်တာလဲ"

"တို့က မင်းပျောက်နေလို့ ဖိုးချွန်ဆိုတဲ့ကောင်ကို ကူညီပါ ပြောပြီး မင်းနေရာကို ပို့ထားတာကွ"

တိုးတိုးကြိတ်ကြိတ်ပြောရင်း နှောင်နှောင်က ဟိုကြည့် ဒီကြည့်။

"အဲဒါ ကောင်းသားပဲ"

"အခု မင်းက"

"စိတ်မပူပါနဲ့။ ငါကလည်း ဖိုးချွန်နေရာကိုရောက်နေတာ"

"ဘယ်လို"





"ဟုတ်တယ်၊ ငါက ဖိုးချွန်ရဲ့ဘကြီးအိမ်ကို ရောက်နေတာ"

"ကဲ လာ . . . မင်းနဲ့ငါ တစ်ဆိုင်ဆိုင်သွားပြီး စကားပြောရအောင်"

"ကောင်းသားပဲ"

သူတို့နှစ်ယောက် စားသောက်ဆိုင်တစ်ဆိုင်ကိုသွားပြီး ချောင်ကျကျ စားပွဲမှာ နေရာယူလိုက်ကြသည်။ နောက်တော့ စားရင်းသောက်ရင်းပဲ ကိုပိုင် သူလုပ်ကြံခံခဲ့ရတဲ့အကြောင်းကို ပြောပြသလို နှောင်နှောင်ကလည်း ကိုလတ် သူ့ကို အကူအညီတောင်းပြီး ကိုပိုင့်ကို လိုက်ရှာခဲ့တာတွေကိုပြောပြသည်။ ပြီး ဖိုးချွန်နဲ့တွေ့ပြီး အကူအညီတောင်းခဲ့ရတာတွေကို ပြောပြ၏။

"နှောင်နှောင်"

"ဟေ"

"တို့အိမ်မှာ အခု ကိုသင်းမောင်ဆိုတဲ့ ဒရိုင်ဘာ တကယ်ရှိလား"

"ဘယ်ကလာ ရှိရမှာလဲ။ ကိုညိုဝင်းဆိုတဲ့လူပဲ ရှိတာကို"

"သူ့ပုံစံက ဘယ်လိုလဲ၊ ငါ့ကိုပြောပြပါလား"

"အင်း"

ကိုသင်းမောင်နဲ့ ကိုညိုဝင်းက တစ်ယောက်တည်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမလားလို့ သံသယဝင်ခဲ့တာ။ တကယ်တမ်း နောင်နောင်ပြောပြ
တဲ့ ကိုညိုဝင်းဆိုတာ။ သူ့ကိုလာခေါ်တဲ့ ကိုသင်းမောင် လုံးဝမဖြစ်
နိုင်။

ဘာကြောင့်လဲဆို ကိုညိုဝင်းဆိုတဲ့လူက အသားဖြူဖြူ
ထောင်ကောင်းကောင်းနဲ့ ခပ်ဝဝတဲ့။ သူ့ကိုလာခေါ်ပြီး လုပ်ကြံတဲ့
ကိုသင်းမောင်က အသားမည်းမည်း နှုတ်ခမ်းမွေးစစနှင့် ပိန်ပိန်ပါးပါး
ရယ်။

"ဒါဆို တစ်ယောက်တည်း မဟုတ်ဘူးပေါ့"

"မင်းကို လုပ်ကြံတယ်ဆိုတော့ အတွင်းလူပါလောက်တယ်
ကွ"

"ဟုတ်တယ်၊ ငါလည်း အဲဒါပဲ စဉ်းစားနေတာ"

လုပ်ကြံတာက အသက်ကိုသေစေတဲ့အထိဆိုတော့ စဉ်းစား
ခက်သား။ ဦးကျော်က ဦးလေးအရင်းလေ။ ဒေါ်မှုန်းမာန်တို့သားအမိ
မကောင်းကြံချင်ရင်တောင် ဦးကျော်က လုပ်ပါ့မလား။ လူ့စိတ်ဆိုတာ
တော့ ခန့်မှန်းရခက်သား။

"ကိုပိုင်"

"ဟင်"

"မင်းအဖေ အက်ဆီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားတာ





ကိုရော မင်းသိလား"

"ဘာ"

နားထဲမှာ မိုးကြိုးပစ်သွားသလိုပါပဲ။

"ဖေဖေက"

"ဟုတ်တယ် ကိုပိုင်၊ ခုတော့ ဖိုးချွန်က ဂရုစိုက်ပြီးပြုစုလို့
မတ်တတ်တော့ရပ်နိုင်နေပြီလို့ ပြောတာပဲ။ လမ်းတော့ မလျှောက်နိုင်
သေးဘူးပေါ့ကွာ"

"ဟင်း"

ကျေးဇူးတင်ပါတယ် ဖိုးချွန်။ ဖေဖေ့ကို ဂရုစိုက်ပေးတဲ့
အတွက် တစ်နေ့ မင်းကို ငါ ကျေးဇူးဆပ်ပါ့မယ်။

"ငါလည်း တစ်နေ့တော့ သွားလိုက်ပါဦးမယ်"

"နောင်နောင်"

"ဟင် ... ဘာလဲ"

"မင်း အဲဒီအိမ်ကို ခဏခဏသွားပေးပါကွာနော်။ ငါ ဖေဖေ
နဲ့ ဖိုးချွန်ကို စိတ်မချဘူး။ သူတို့ တစ်ခုခုဖြစ်မှာကို ငါစိုးရိမ်တယ်"

"အေးပါ ... ဒါနဲ့ မင်းရော ဘယ်တော့ပြန်မှာလဲ"

"လောလောဆယ် ငါ အိမ်ပြန်လို့ မဖြစ်သေးဘူး နောင်
နောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ငါ လုပ်ကြံခံရတဲ့ကိစ္စပေါ်အောင် ကြိုးစားရဦးမယ်"

သူ ပြန်သွားရင် အကြံသမားတွေကို သတိပေးသလိုဖြစ်ပြီး အမှန်တရားတွေပေါ်ဖို့ နှောင့်နှေးသွားမှာစိုးလို့ပါ။

❋ ❋ ❋



## အခန်း (၁၉)

"ဝုတ် ဝုတ် ဝုတ်"

"____"

"ဝုတ် ဝုတ် ဝုတ်"

ခွေးဟောင်သံကြောင့် ဝိုင် နောက်ဖေးဘက်ကိုထွက်လာခဲ့၏။ ခွေးက မြေကြီးတွေကို သည်းသည်းမည်းမည်း ယက်နေတာ ဘာ[illegible]ွင်းကို တွေ့လို့ပါလိမ့်။ ကြွက်တွင်းများလား။ တစ်ခုခုတော့ တစ်ခုခု[illegible]။ ဝိုင် အနားရောက်အောင် မသွားဘဲ ရပ်ကြည့်နေရာ –

"ဝိုင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်တော့ ဝိုင့်ကို စူးစူးရဲရဲ ကြည့်နေတာ ဒေါ်မုန်းမာန်ပါ။

"အဲဒါ ဘာလုပ်နေတာလဲ"

"ဟိုလေ ချွေး"

"သူ့ဘာသာဟောင်တာ ဘာဖြစ်လဲ။ စပ်စုတာ ငါမကြိုက်ဘူးနော်။ ဒီအိမ်မှာနေရင် ဒီအိမ်စည်းကမ်းကို လိုက်နာပါ"

"အခု ဝိုင်က ဘာလုပ်နေလို့လဲ"

"နင့်ကို နာ့စ်အဖြစ်ငှားထားတာလေ။ လူမမာကိုပဲ ပြုစုပေါ့ ပြီးတော့ တို့ခိုင်းထားတဲ့ကိစ္စ"

"အဲဒါ မဖြစ်နိုင်တော့ဘူး"

"ဘာ"

ဝိုင် ဆတ်ခနဲ မျက်နှာလွှဲလိုက်၏။ သူတို့က အစက ကိုပိုင် အခု မိုးချုပ်ပေါ့။ ဝိုင်က သူ့ကို မြူဆွယ်ဖြားယောင်းပြီး မီး သေတ္တာသော့ကို ရအောင် ယူပေးရမယ်တဲ့။

"အစက မင်းလက်ခံ ခေါင်းညိတ်လို့ တို့က ဒီအိမ်မှာ အလုပ်ခန့်ထားတာနော်"

"မအောင်မြင်တော့ အလုပ်ထွက်စေချင်တာလား"

"မင်းထွက်ရင် အသေထွက်ပဲ ထွက်လို့ရမယ်"





"ရှင်"

ဝိုင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဒါပေမဲ့ ကြောက်တော့မကြောက်ပေ။ ဒါ . . . မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ သူတို့ လုပ်ချင်တိုင်းလုပ်လို့ရမလား။ ဒီလူတွေ တော်တော်အကြံပက်စက်ပြီး ယုတ်မာကြတာ။ ဟိုသားအဖကတော့ မသိရှာပေ။ ဝိုင်ကလည်း မြူဆွယ်မယ်ဆိုပေမယ့် မာနရှင့်သိက္ခာရှင်။

ကိုယ့်ကိုမယုံပါဘူးဆိုတဲ့လူကို ဘယ်လိုနီးစပ်အောင် ကြိုး စားရမလဲ။

"ဒီမှာ ဝိုင်"

"---"

"မင်းက ဒီလောက်လုပ်တာ မအောင်မြင်ဘူးဆိုတာ မဖြစ်နိုင် ဘူး"

"ဝိုင်လည်း ကြိုးစားနေတာပဲလေ။ သူက ဝိုင့်ကိုမယုံဘူး ဖြစ်နေတာ။ ဒါကို ဝိုင်ကစပြီး သူ့ကို မဟားတရားလုပ်ရမှာလား ပြောပါဦး"

"လုပ်သင့်ရင် လုပ်ရမှာပဲ"

"ဘာ"

"မင်း ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အနိတ်မုန်း"

ဝိုင် လိုက်ခေါ်ပေမယ့် ဒေါ်မုန်းမာန်က လုံးဝလှည့်မကြည့်တော့ပေ။ အသေထွက်ပဲထွက်ရမယ်တဲ့။ သူတို့ တကယ်ပဲလုပ်ရဲသလား။ ဝိုင်မှာ သူတို့နိုင်းတာမအောင်မြင်ရင် တကယ်ပြန်လမ်းမရှိတော့ဘူးလား။

"ဘာလဲ ကြောက်နေပြီလား။ နင်က စပ်စုတာကိုး"

"ဟင် . . . နီမာ"

လှည့်ကြည့်လိုက်တော့ နီမာက ဟွန့်ခနဲမဲ့ကာ –

"ဖြစ်နိုင်ရင် မျက်စိကိုမှိတ် နားကိုပိတ်ထား ဝိုင်။ အနေမတတ်ရင် အန္တရာယ်က ကိုယ့်ခါးပိုက်ထဲမှာဆိုတာ မှတ်ထား"

"နီမာ ဘာတွေပြောနေတာလဲ"

"နင့်ကို အေးအေးဆေးဆေးနေဖို့ ပြောနေတာ။ ဒီအိမ်အကြောင်းကို ဖြစ်နိုင်ရင် ဘာမှမသိချင်နဲ့။ သိတာနည်းရင် အန္တရာယ်ကင်းမယ်။ သိတာများလေလေ သေဖို့နီးစပ်လေလေဆိုတာ နင်သိထားရမှာ"

နီနီမာကပြောပြီး မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားလေလျှင် ဝိုင်ပါးစပ်ကလေးပွင့်ဟကာ ကျန်ရစ်ခဲ့၏။ ညရောက်တော့ အတွေးပေါင်းစုံနှင့် အိပ်လို့မပျော်။ သူမ ခွေးဟောင်သံကြားလို့ သွားကြည့်တာဘာများဖြစ်သွားမှာမို့လို့လဲ။ ကြီးကျယ်စရာမရှိ ကြံဖန်ပြီး ကြီးကျယ်တာ။

အင်း . . . ဝိုင် ကိုမိုးချိုကို ဘယ်လိုလုပ်ရမလဲ။ အခြားယောကျ်ားတစ်ယောက်ဆိုလျှင် ဝိုင့်အလှမှာ ပျော်ဝင်ယစ်မူးသွားမှာပေမယ့် ဒီလူကတော့ မလွယ်။

အလှအပကို မခံစားတတ်ဘူးထင်ပါရဲ့။ မပျော်ဝင်တဲ့လူကို ဝိုင်က ဘယ်လိုဖျော်ရမလဲ။

"ရှပ် ရှပ် ရှပ်"

"ဟင်"

ခြေသံလိုလိုကြားတာကြောင့် ဝိုင် ခေါင်းထောင်ကြည့်လိုက်၏။

"ရှပ် ရှပ် ရှပ်"

"ဟော"

ခြေသံက ပို၍နီးကပ်လာသလိုမို့ ဝိုင် ထထိုင်လိုက်ပြီးနောက်

"ရှပ် ရှပ်"

အသံက သူမအခန်းရှေ့မှာ ရပ်သွားတာမို့ ဝိုင် ရင်ကတော့ ခပ်တုန်တုန်။ ဘယ်သူပါလိမ့်။ သိချင်စိတ်ကြောင့် အားတင်းပြီး တံခါးကိုဖွင့်လိုက်စဉ် –







www.burmeseclassic.com

www.burmeseclassic.com



"ချပ်"

"ဟင်"

"ဝိုင်"

"ရှင် . . . ရှင် . . . ဘာလာလုပ်တာလဲ"

အခန်းဝမှာ ဘွားခနဲပေါ်လာတာက ကိုကျော်မိုးနိုင်မို့ ဝိုင် လန့်ဖျတ်ပြီး နောက်ဆုတ်မိ၏။ အဆီပြန်နေတဲ့မျက်နှာကြီးက ခပ်ဖြီး ဖြီး။ သူက အခန်းထဲကို တိုးဝင်လာတော့ –

"ဟင် . . . ရှင် ဘာလုပ်တာလဲ"

"ကိုယ် ဝိုင့်ကို ပြောစရာရှိလို့"

"ရှင် ထွက်နော်။ ပြန်ထွက်"

"ဩော် . . . ပြောစရာရှိလို့ပါဆို။ ပြောပြီးရင်သွားမှာပေါ့"

"ပြောစရာရှိရင် နောက်မှပြော။ ရှင် ဒီအခန်းထဲကို ဝင်လာ စရာလား"

"ဒါ ကိုယ်တို့အိမ်လေ။ ကြိုက်တဲ့အခန်းကို ဝင်ခွင့်ရှိတယ်။ ဟုတ်တယ်ဟုတ်"

"ရှင် မသွားဘူးလား"

"ဟင့်အင်း"

"ရှင် မသွားရင် ကျွန်မ သွားမယ်"





"ဝိုင်"

"အမေ့"

ထွက်သွားဖို့ပြင်လိုက်တဲ့ ဝိုင်လက်ကိုဆွဲပြီး ကျော်မိုးနိုင်က အတင်းဖက်ထားလေလျှင် –

"လူယုတ်မာ . . . ရှင် လွှတ်နော်"

"ကိုယ် ဝိုင့်ကိုချစ်တယ်"

"လွှတ်"

"ကိုယ့်ကို ပြန်ချစ်ပါ ဝိုင်ရယ် နော်"

"ကယ်ကြပါ"

"ဝိုင်"

ကျော်မိုးနိုင်က ဝိုင့်ပါးစပ်ကို အတင်းလိုက်ပိတ်လေ၏။ ဝိုင့်ကို ကယ်သူမရှိတော့ဘူးလား။ ဝိုင် ဘာဝပျက်ရတော့မှာလား။ မြတ်စွာဘုရား ကယ်တော်မူပါ။

"ဟော့ကောင်"

"ဟင်"

"ခွပ်"

"အ"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

လက်သီးနှစ်ချက်ကြောင့် ကျော်မိုးလွင်၏မျက်နှာမှာလည်း ထွက်သွားပြီး ဝိုင်က ကယ်တင်ရှင်၏ နောက်ကျောကို ပြေးကပ်လေသည်။ ကျော်မိုးနိုင်က မီးဝင်းဝင်းတောက်မျက်လုံးတွေနှင့်ကြည့်ပြီး အံကြိတ်သံနှင့်။

"ညိုဝင်း . . . မင်း"

ညိုဝင်းမျက်ဝန်းမှာလည်း မီးတောက်လုမတတ် စူးရဲနေလျက်။

"မင်း လူယုတ်မာ"

"ဟေ့ကောင် . . . မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်တာလဲ"

"ဆိုင်တာ မဆိုင်တာ မင်းမပြောနဲ့။ ဒီမှာ ကျော်မိုးနိုင်"

"ဘာလဲ"

"မင်း မိုက်ချင်သလောက်မိုက်၊ ဆိုးချင်သလောက်ဆိုးလို့ရတယ်။ ဒါပေမဲ့ . . . ယုတ်မာတာကိုတော့ ငါအမုန်းဆုံးပဲ"

"မင်းလိုကောင်က"

ကျော်မိုးနိုင် သရော်သလို ရယ်လိုက်၏။ လူသတ်တဲ့လူက ယုတ်မာတာကိုမုန်းသတဲ့။

"နားမို့လို့သာကြားရတယ်။ ဟိုဟာသာဆို ရှုံ့ထားတယ်





သိလား"

"ဟေ့ကောင် . . . မင်းထွက်သွားစမ်း"

ညိုဝင်းက ကျော်မိုးနိုင်ကို အတင်းဆွဲထုတ်လိုက်လေလျှင်

"တောက်"

ဆိုးတာမိုက်တာ အကြောင်းပြချက်ရှိပေမယ့် ယုတ်မာတာအတွက်ပြောလာမယ့်အကြောင်းပြချက်ကို ဘယ်သူက ခွင့်လွှတ်နိုင်ပါ့မလဲ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ဖိုးချွန် ဖေဖေ့အခန်းထဲမှာ ဖေဖေ့ကို အိပ်ရာပေါ်တင်ပေးပြီး စောင်ခြုံပေးလိုက်သည်။

"ဖေဖေ"

"ဟင်"

"သား ခြံထဲဆင်းလိုက်ဦးမယ်နော်"

"အေး အေး ... ညဥ့်နက်အောင်မနေနဲ့နော် သား"

"ဟုတ်ကဲ့"

ဖေဖေ့အခန်းထဲက ထွက်လာပြီး အောက်ထပ်သို့ဆင်းလာ လေလျှင် -





"ကလေး"

"___"

"ဘယ်ကိုလဲ"

"ခြံထဲ"

"ကော်ဖီသောက်မလား၊ ဦးကျော် ဖျော်ပေးမယ်လေ"

"နေပါစေ"

"အစ်ကိုကြီး အိပ်သွားပြီလား"

"ဟုတ်တယ် အိပ်သွားပြီ"

ပြီးပြီးရောဖြေကာ ဖိုးချွန် ထွက်လာခဲ့၏။ တောမှာတုန်းက ဆိုရင် သူငယ်ချင်းတွေနဲ့ ဗရုတ်ကျပြီး ကျွဲစီးခဲ့တာတွေ၊ ကြက်ခိုး ချက်စားတာ၊ ရန်ဖြစ်ကြတာတွေကို သတိရမိတော့ ရွာကိုလွမ်းလိုက် တာ။

ရွာမှာတုန်းကဆို သူ့ဘဝလေးက လွတ်လပ်အေးချမ်းစွာနဲ့ ပျော်စရာကောင်းလှသည်။ ဒီမှာကျတော့ အန္တရာယ်စက်ကွင်းထဲမှာ ငါးကို ထောင်ဖမ်းတဲ့ ငါးစာလိုပါပဲ။ ဖေဖေ့ကိုလည်း စိတ်ချပြီး ထားခဲ့ရက်။

"အိ အိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောအသံတစ်ခုကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့်သွား၏။

ဘာသံပါလိမ့်လို့ နားကို ပိုစွင့်လိုက်တော့ –

"အင့် . . . အဟင့်"

ဒါ တစ်ယောက်ယောက်ငိုနေတဲ့အသံပဲ။ ဘယ်သူလဲ။ မိန်းမသံဆိုတော့ သူ ခြေဖွ၍ တဖြည်းဖြည်း ကပ်သွားလိုက်ပြီး –

"ဟဲ့တ်"

"အမယ်လေး"

"ဟင် . . . ဝိုင်"

"ရှင် ရှင်"

ဝိုင်က သူ့ကို လက်ညှိုးလေးတထိုးထိုးဖြစ်ပြီးမှ ခဏရပ်ဆိုင်းထားတဲ့ ငိုကြွေးခြင်းအလုပ်ကို ဆက်လုပ်လေသည်။

"ဟာ . . . ဝိုင်"

"ဘာလဲ"

"မင်း ဘာလို့ ဒီမှာလာငိုနေတာလဲ"

"စိတ်ညစ်လို့"

"စိတ်ညစ်လို့ ဟုတ်လား"

"ဟုတ်တယ်"

"မင်းက ဘာကိုစိတ်ညစ်တာလဲ။ ဘယ်သူက ဘာပြောလို့လဲ"

"ကျော်မိုးနိုင်ဆိုတဲ့လူပေါ့"

"ဟင်"

"ဝိုင့်ကို ဝိုင့်ကို"

"ဘာဖြစ်လဲ ဆက်ပြောလေ"

"ကိုညိုဝင်းကြီးရောက်လာလို့သာပေါ့။ မဟုတ်ရင် ဝိုင် အဝပျက်ပြီ"

"ဘာ"

ဖိုးချွန် စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။ ဒီလူ့ရုပ်က နှာရုပ်မို့ သူထင်တော့ထင်သားပဲ။ တစ်နေ့ ဒီလိုဖြစ်နိုင်ဖွယ်ရှိလို့ သူ တတ်နိုင်သလောက်တော့ ဝိုင့်ကို တစေ့တစောင်းကနေ စောင့်ရှောက်ခဲ့သားပဲ။ တည့်ကြတာက မယုံလို့လေ။ ဝိုင့်ကို အလုပ်ခန့်တာ ဦးကျော်မို့။

ဦးကျော်လူမှန်သမျှကို သူမယုံပေ။ မယုံတာက သပ်သပ်။ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့ ဂုဏ်သိက္ခာကို မထိနိုက်စေချင်တာက သပ်သပ်။

"တောက် . . . ဒီလူကွာ"

"ကျွန်မ ဒီအိမ်မှာ မနေချင်တော့ဘူး ကိုမိုးချို"

www.burmeseclassic.com



"ဟင်"

ဝိုင့်စကားကြောင့် ဖိုးချွန် တွေခနဲဖြစ်သွား၏။ ဖေဖေ့ကို သူ ဂရုစိုက်ပေမယ့် အချို့ကိစ္စတွေကျ သူ နားမလည်တာ မလုပ်တတ်တာတွေ အများကြီးလေ။ အဲဒါမျိုးကျ ဝိုင်ရှိနေမှ။

"ဝိုင်"

"____"

"ဝိုင် ထွက်မသွားပါနဲ့နော်။ ဖေဖေ့အတွက်က ဝိုင့်ကိုပဲ အားကိုးနေရတာ။ နောက်တစ်ခါ ဒီလိုမဖြစ်ရအောင် ကိုယ် ဝိုင့်ကို စောင့်ရှောက်ပါ့မယ်"

"ရှင် တကယ်ပြောတာလား"

"တကယ်ပါ ဝိုင်ရယ်"

"ဒါဆို . . . ရှင် ကျွန်မကို ကောင်းကောင်းဆက်ဆံတော့မယ်ပေါ့"

"အင်း"

"ဟင်"

ဝိုင် နှုတ်က ဟင်ခနဲဖြစ်သွားတာ ဖိုးချွန် အင်းခတ်လို့ မဟုတ်ပါ။ ဝိုင် လက်ညှိုးလေးထိုးပြတာမြင်လို့ ဖိုးချွန် လှည့်ကြည့် လိုက်တော့ ပန်းရုံကလှုပ်သွားပြီး လူရိပ်ကိုမြင်ရလေလျှင် ဖိုးချွန်





ထပြေးသွားတော့ –

"ကိုမိုးချို့ သတိထား"

"ဟိတ်"

"ရော့"

"ဝုန်း"

"ဖြောင်း"

"အ"

ဖိုးချွန်ယှဉ်လိုက်ရတာ သုံးယောက်နှင့်တစ်ယောက်။ ဝတ်ရုံအနက်နှင့် မျက်နှာဖုံးတွေစွပ်ထားတာကြောင့် ဘယ်သူဘယ်ဝါ ခန့်မှန်းလို့မရ။

"ခွပ်"

"အ"

လက်သီးတစ်ချက်က မေးရိုးကိုထိပြီး ဖိုးချွန်မျက်နှာ လည်ထွက်သွားချိန်မှာ နောက်တစ်ယောက် ခုန်ဝင်လာပြီး ဟိုသုံးယောက်ကို ဝင်ချလေသည်။

"ယား"

"ဘုန်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အင့်"

ဖိုးချွန်လည်း ပြန်ဝင်လာတော့ သုံးယောက်နှစ်ယောက် ဖြစ်သွားခြင်းမှာ ကိုယ့်ဘက်ဝင်ကူတာ ဘယ်သူလဲ ဖိုးချွန်မသိ။ လောလောဆယ်အရေးကြီးနေတာက ကိုယ်မခံရဖို့သာမို့ လှုပ်ရှားမှု တိုင်းသည် သတိရှိရှိနှင့် –

"ခွပ်"

"ဟိတ်"

"ဖြောင်း"

"အား"

တစ်ယောက်က ဗိုက်ကိုဖိပြီး နောက်ဆုတ်သွားစဉ် –

"ကဲကွာ"

"စွပ်"

"အား"

ဖိုးချွန်ဘက်ကကူသူမှာ ဓားထိုးခံရပြီး မျက်နှာဖုံးသုံးယောက် ကထွက်ပြေးသွားလေလျှင် ဖိုးချွန်နောက်ကလိုက်သွားဖို့ စိတ်ကူး လိုက်ပေမယ့် –

"ကိုမိုးချို မလိုက်နဲ့"





"အား ကျွတ် ကျွတ်"

"ဟင်"

ဓားထိုးခံရသူကို ဖိုးချွန် ပြေးပွေ့ပြီး ဖုန်းထုတ်၍ ဖွင့်လိုက်ကာ ဖုန်းက အလင်းရောင်နှင့် မျက်နှာကိုကြည့်လိုက်တော့ –

"ဟင် ... ကိုမိုးချိုနဲ့တူတယ်"

"ကိုပိုင်"

"အား"

"ကိုပိုင်"

ကိုယ်နဲ့တူတဲ့သူဟာ ကိုပိုင့်အပြင် ဘယ်သူရှိဦးမှာလဲ။

"ဖိုးချွန်"

"ဟင် ကိုပိုင် ... ကိုပိုင်က ကျွန်တော့်ကို သိနေတယ်"

ကိုပိုင်က ခေါင်းညိတ်လိုက်ပြီး –

"ငါ ငါက မင်းဘကြီးအိမ်မှာ ရောက်နေတာ။ မင်းအမေ လည်း ရောက်နေတယ်"

"ကျွန်တော့်အမေက ကိုပိုင့်အမေပဲလေ"

"ဘာ"

"ဟုတ်တယ် ကိုပိုင်၊ ကိုပိုင်နဲ့ကျွန်တော်က အမွှာညီအစ်ကို တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေနောက်မှပြောလေ ကိုမိုးချိုရဲ့။ သူ့မှာ ဒဏ်ရာနဲ့ကို ဆေးရုံတင်မှဖြစ်မှာပေါ့"

"ဟုတ်သားပဲ၊ ကိုပိုင် အားတင်းထားနော်။ ကိုပိုင် ဘာမှမဖြစ်စေရဘူး"

"ရပါတယ်၊ ဒဏ်ရာက ရှပ်ထိတာ။ ငါ မသေနိုင်ပါဘူး"

"ဘာဖြစ်ဖြစ်ပါ ဆေးရုံသွားရအောင်"

ဖိုးချွန် ကိုပိုင့်ကိုတွဲခေါ်ခဲ့တော့၏။ ညီအစ်ကိုတွေ ပြန်ဆုံကြပြီဆိုတော့ ရှေ့ဆက် ဘာတွေဖြစ်ကြဦးမလဲ။

❋ ❋ ❋



## အခန်း (၂၁)

ဦးမောင်လွင်နှင့် ဒေါ်ရီရီခင်ကို ဖိုးချွန် ဆေးရုံရောက်နေတယ်လို့ ဖိုးချွန်ပဲ ဖုန်းဆက်အကြောင်းကြားလိုက်၏။ ကိုပိုင်ဆိုလျှင် သူတို့မှမသိကြပဲလေ။

အဖြစ်မှန်ကိုလည်း ရှင်းပြမနေနိုင်။ ပြီးတော့ မိသားစုတွေ ပြန်ဆုံချင်တာလည်းပါ၏။

"သား"

"ဖိုးချွန်"

ခုတင်ပေါ်ကလူနာကိုပဲကြည့်ကာ ခေါ်လိုက်တဲ့အမေနဲ့ဘကြီး၊ ဖိုးချွန် အလိုက်သင့် နောက်ဆုတ်ရပ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ သားရယ်။ အမေ ရင်တွေပူလိုက်တာကွယ်"

"ဖိုးချွန် . . . မင်း ဘာဖြစ်တာလဲ"

"ဓားထိုးခံရတာပါ"

"ဘာ"

"ဘုရား . . . ဘုရား"

ဒေါ်ရီရီခင် ရင်ဘတ်ကိုသာ ဖိလေတော့သည်။ ပိုင်လင်းဦးက အမေ့လက်ကို ဆုပ်ကိုင်ပြီး ဖိုးချွန်ကိုကြည့်ကာ ပြုံးလိုက်ပြီးနောက် . .

"အမေ"

"သား"

"ဘကြီး"

"ဟေ"

"တကယ်တော့ ကျွန်တော်က ဖိုးချွန်မဟုတ်ပါဘူး"

"မင်းက ဖိုးချွန်မဟုတ်လို့ ဘယ်နတ်သိကြားက ဖန်ဆင်းပေးတဲ့ကောင်လဲ ပြောပါဦး"

"ဖိုးချွန်အစစ်က ဟိုမှာလေ"

ပိုင်လင်းဦး ကြည့်လိုက်တဲ့လူကို မောင်နှမနှစ်ယောက် လှည့်





ကြည့်ကြပြီး မျက်လုံးပြူးသူကပြူး၊ ပါးစပ်အဟောင်းသားဖြစ်သူကဖြစ်။

"အမေ, ဘကြီး"

"ဟင်"

"ဒါ ဒါ . . . ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"သားက အမေ့သားကြီး ပိုင်လင်းဦးပါ အမေရယ်"

"ဟုတ်တယ် အမေ၊ ကိုပိုင်နဲ့ကျွန်တော်က အခြေအနေရလို့ချင်းလဲသလို ဖြစ်သွားတာ"

"သားကြီး ဟုတ်လား"

"ဟုတ်ပါတယ် အမေ"

"သားကြီး"

"အမေ"

"ဖြစ်ရလေ သားကြီးရယ်"

သားကြီးလက်ကို တင်းတင်းဆုပ်ပြီး ဒေါ်ရီရီခင် မျက်ရည်ဖြိုင်ဖြိုင်ကျရပြီ။ ဖိုးချွန်က အနားမှာလာထိုင်ပြီး –

"အမေ"

"သားငယ်"

"ကိုပိုင်နဲ့ ခုလိုပြန်တွေ့ရတာ အမေ ဝမ်းမသာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ သားငယ်ရယ်။ အမေ့သားကြီးနဲ့ အမေ နှစ်ပေါင်းများစွာ ခွဲနေရတာ။ အမေ ဝမ်းမသာပဲ နေပါ့မလား"

"ဒါဆို အမေ ဘာလို့ငိုနေတာလဲ"

"ဟကောင် ဖိုးချွန်ရဲ့။ မင်းတို့အမေကျနေတာ ဝမ်းသာမျက်ရည်တွေကွ"

"အမေရယ်"

ဒေါ်ရီရီခင် ပိုပြီး ယူကျုံးမရဖြစ်ရတာသည် အချစ်ကြီးလို့ အမျက်ကြီးခဲ့သည့် သူမ၏အမှားအတွက်။ ကိုယ့်အပေါ် သစ္စာရှိတဲ့ ယောကျ်ားကို ဖောက်ပြန်သူလို့ထင်ပြီး သားငယ်ကို မွေးကာ အိမ်ပေါ်က ဆင်းခဲ့သည့်သူမ။ နောက်မှ ကိုယ့်အစ်ကိုကိုယ်တိုင်ပြောပြတာ ကိုဇော်ဦးက သူမကို သိပ်ချစ်ပြီး သစ္စာရှိတဲ့သူ။

သိလိုက်ရတဲ့အချိန်မှာ သူကမှ လာမခေါ်တာဆိုပြီး မာနနှင့် အိမ်ကိုမပြန်ခဲ့။ ကိုယ့်အမှားအတွက် ကိုယ်ပဲ ရှက်ရွံ့အားငယ်ရမယ့် အဖြစ်ကို ရင်မဆိုင်ချင်လို့ လက်ဝတ်လက်စားတွေရောင်းပြီး သူငယ်ချင်းတစ်ယောက်၏ အကူအညီဖြင့် နယ်မှာအခြေချခဲ့တာ ဖြစ်၏။

"ရီရီ"

"ရှင်"

"နင် ပြန်လိုက်သွားမှာမို့လား"





ခေါင်းကိုသာခါလျက် –

"မလိုက်ပါဘူး ကိုကြီးရယ်"

"ဟာ ... မလိုက်လို့တယ်ဖြစ်မှာလဲ အမေရဲ့။ သားတို့မိသားစုတွေ ပြန်ဆုံကြပြီပဲ။ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် ပြန်နေကြရအောင် အမေရယ် ... နော်"

"ကိုပိုင်"

"ဟင်"

"အမေ့ကို လောလောဆယ်ခေါ်လို့ မဖြစ်သေးဘူး။ ဟို ပြဿနာတွေ ရှင်းပြီးမှ"

"ဪ သိပါတယ်"

ညီအစ်ကိုနှစ်ယောက်၏မျက်ဝန်းထဲက အဓိပ္ပာယ်တွေကို အခြားသူတွေ မသိနိုင်။ ကိုပိုင်သေပြီလို့ တွက်ထားတဲ့လူတွေ ကိုပိုင် မသေမှန်းသိရင် သူ့ကို အန္တရာယ်ပေးဖို့ ကြိုးစားနေတဲ့လူတွေ။ အင်အားဖြည့်ခြင်းဖြင့် ညီအစ်ကိုနှစ်ယောက် ဖြစ်လာကြပြီဆိုရင်–

သူတို့ ဘယ်လို ဖျူဟာပြောင်းပြီး အန္တရာယ်ပြုဦးမှာလဲ။ အခုဆိုရင် ကိုပိုင်က ညီဖြစ်သူကို စိတ်မချသလို ဖိုးချွန်ကလည်း အစ်ကိုဖြစ်သူကိုစိတ်မချ။ သူတို့အိမ်က အန္တရာယ်စက်ကွင်းကြီးဖြစ်နေတော့ တစ်ယောက်ကိုတစ်ယောက် စိတ်မချနိုင်ကြတာ မဆန်းပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘကြီးနဲ့အမေ့ကို အကျိုးသင့်အကြောင်းသင့် ပြောပြပြီး ဆေးရုံကဆင်းတဲ့နေ့မှာတော့ ညီအစ်ကိုနှစ်ယောက်စလုံးပဲ အဖေ့အိမ်သို့ ပြန်ခဲ့ကြလေလျှင် –

"သား မိုးချို"

မိုးချိုဆိုတာ ဖိုးချွန်လို့ခေါ်တာ။ ဂျာနယ်ထိုင်ဖတ်နေတာက ပိုင်လင်းဦးမို့ လူမှားခေါ်တာမှန်းသိခြင်းနှင့်အတူ လုံးဝ ဖယ်လိုက်တာ မဟုတ်ဘဲ ဂျာနယ်ကို အောက်နှိမ့်၍ မျက်နှာတစ်ဝက်ဖော်ကာ ကြည့်လေတော့ –

"သား ကိုပိုင်နဲ့တွေ့တယ်ဆို"

"ဘယ်သူပြောလဲ"

"ဝိုင်လေ"

"ဟုတ်တယ်"

"ဒါဆို ကိုပိုင်မသေဘူးပေါ့နော်။ အခုလည်း ဓားထိုးခံရလို့ ဆေးရုံတင်ထားရတယ်ဆို။ အခြေအနေ ဘယ်လိုရှိလဲ"

"ဦးကျော်က သေစေချင်လို့ မေးတာလား။ တကယ် စိုးရိမ်လို့လား"

"ကိုပိုင်က ဦးကျော့်တူပဲဥစ္စာ။ သေစေချင်ပါ့မလားကွာ။ တကယ် စိုးရိမ်လို့မေးတာပါ"





ပိုင်လင်းဦး မှဲ့ခနဲဖြစ်သွား၏။ ကိုသင်းမောင်ဆိုတာ ဘယ်သူလဲလို့ မေးချင်လိုက်တာ။ အခြားရန်သူလို့ထင်ရအောင် ကိုယ့်ကို အပြင်လူနဲ့ ရင်းနှီးပတ်သက်ခွင့်ပေးခဲ့လို့လား။ နောင်နောင် တစ်ယောက်သာ မဖြစ်မနေ သူငယ်ချင်းတစ်ယောက်တော့ ရှိသင့်တယ်ဆိုပြီး ရင်းနှီးပတ်သက်ခွင့်ပြုခဲ့တာ။

ဒီကြားထဲကပဲ လုပ်ကြံခံခဲ့ရတာလေ။ ခုဆိုရင် ဒီအိမ်ကြီးထဲမှာပဲ မရိုးသားမှုတွေ တွေ့တွေ့နေရတာ မဟုတ်ဘူးလား။ ဒီကိစ္စ အတွင်းလူမပါရင် ဒီလိုတွေ ဖြစ်စရာအကြောင်းမရှိ။

"ငါမသေဘူး ရေကူးတတ်တယ်ဆိုတာမျိုးပေါ့ ဦးကျော်။ ဘွန်တော် မသေပါဘူး"

"ဟင်"

"အံ့သြသွားလား"

"မင်းက"

"ပိုင်လင်းဦးလေ"

"ကိုပိုင်"

"ဟုတ်တယ်"

ဦးကျော်ဦး မျက်နှာပျက်သွားတာ သိသိသာသာ။ မယုံရဲက် ယုံရခက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး"

"ဘာကိုမဖြစ်နိုင်တာလဲ"

"မင်း ကိုပိုင်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"ဒီလိုနှစ်ယောက်ဆုံလိုက်ရင် ဖြစ်ကိုဖြစ်နိုင်သွားမှာပါ"

"ဟင်"

နောက်ဘက်ကအသံရှင်ကို လှည့်ကြည့်လိုက်တော့ မိုးချိန်း ကိုပိုင် ခွဲခြားလို့ မရနေသေးတဲ့တစ်ယောက်။

"မင်းက"

"ကျွန်တော်က မိုးချိုဦးပါ"

"ဟာ"

"ခုလို ညီအစ်ကိုတွေ ပြန်ဆုံကြတာကိုမြင်တော့ အန်တီမုန် တို့က ဝမ်းသာပါတယ်ကွယ်"

နောက်ထပ်ရောက်လာသူက ဒေါ်မုန်းမာန်ဖြစ်ပြီး ဦးကျော်ဦး မျက်နှာပျက်နေတာကို အလိုက်သင့် ဝင်ထိန်းပေးတာဖြစ်၏။

"ညီအစ်ကိုတွေ ဘယ်လိုပြန်တွေ့ကြတာလဲ ပြောပါဦး"

ဒေါ်မုန်းမာန်၏ ဟန်ဆောင်မျက်နှာဖုံးက သကာရည်အိုးထဲ က ကောက်စွပ်လာသလို ဖိုးချွန်က ပျားရည်ကိုလူးပြီး ခပ်ဟား ရယ်လျက် –





"ကိုကြီး ညီလေးဆိုပြီး ဇာတ်လမ်းတွေထဲကလို ပြေးဖက် ခန်း မရောက်ပါဘူး။ ထိုးရင်းကြိတ်ရင်း လူသတ်ကွင်းထဲမှာ တွေ့ရ တာ"

"ဟယ် ... ဟုတ်လား"

"ကိုပိုင်"

"ဟော"

"ကိုပိုင် နိုင်ငံခြားကပြန်တာလဲ့နေ့က အတွေ့အကြုံလေး ပြောပြလိုက်ပါဦး"

"သူတော်ကောင်းကို နုတ်ကောင်းမတဲ့အကြောင်းလား"

"အင်း"

ညီအစ်ကိုနှစ်ယောက် အတိုင်အဖောက်က ညီနေကြသည်။

"ဦးကျော်"

"ဟင်"

"ဒီအိမ်က ဒရိုင်ဘာကိုသင်းမောင် ဘယ်မှာလဲ"

"ဒီအိမ်က ဒရိုင်ဘာညိုဝင်းပဲရှိတာ။ သင်းမောင်ရယ်လို့ ကြားတောင်မကြားဖူးဘူး"

"ကျွန်တော့်ကိုလာကြိုတာ ကိုသင်းမောင်တဲ့။ အဲဒီလူ ကျွန်တော့်ကို လုပ်ကြံသွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ကိုပိုင် အံကြိတ်လိုက်မိ၏။ ဒီကိစ္စက အသက်တစ်ချောင်းနှင့်ဆိုင်နေတော့ တွေးလိုက်တိုင်း အမြဲတမ်း အသစ်ပဲဖြစ်လာသည်။

❋ ❋ ❋



## အခန်း (၂၂)

သားနှစ်ယောက် ဘောလုံးကန်နေတာကိုကြည့်ပြီး ဦးဇော်ဦး၏မျက်နှာက ပြုံးချိုနေသည်။ ပြီးတော့ ရီရီကိုလည်း သတိရမိ၏။ မိသားစုတွေ နွေးနွေးထွေးထွေးနေချင်ပေမယ့် အခြေအနေအရပ်ရပ်ကြောင့် –

"ဦးဇော်"

"ဟင် . . . ဪ ပိုင်"

"ဒီမှာ စပျစ်သီးဖျော်ရည်သောက်လိုက်ပါဦး"

"ကျေးဇူးပဲ သမီး"

"ဟိုနှစ်ယောက်အတွက်ပါ ယူလာတယ်။ ဦးဇော် . . .



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ပါဦး"

"အေး အေး"

ဦးဇော်ဦး ဝိုင်ကိုကြည့်ပြီး ပြုံးလိုက်သည်။ ဝိုင်က သူ့ကိုသာမက သားတွေကိုပါ ဂရုစိုက်သူ။ မိုးချိုနဲ့ အရင်းရင်းနှီးပြီး မိုးချိုကို စိတ်ဝင်စားနေပုံရသော မိန်းကလေး။ ဒီကောင်မလေးကို ချွေးမတော် ရလည်း မဆိုးပါဘူး။ အိမ်ထောင်ရှင်မပီသမယ့် လက္ခဏာနဲ့ပဲဟာ။

"သားကြီးနဲ့သားငယ် ဒီမှာ အမေပြေဖျော်ရည် လာသောက်ကြဦး"

"ဟုတ်ကဲ့ ဖေဖေ"

မိုးချိုက ဘောလုံးလိုက်ကောက်နေတုန်း ကိုပိုင်က အရင်ပြေးလာသည်။ အနားကိုရောက်တော့ ထိုင်ခုံမှာဝင်ထိုင်ပြီး ဖရဲသီးဖျော်ရည်ခွက်ကို ကိုင်လိုက်လေလျှင် –

"ကိုပိုင်"

"ဟင် ... ဘာလဲ"

"ဖရဲသီးဖျော်ရည်က ကိုမိုးချိုအတွက်ပါ"

"ဟုတ်လား"

"ဟုတ်ကဲ့၊ သူက ဖရဲသီးဖျော်ရည်ကြိုက်တာ"

"ဩော်"





ကိုပိုင် ပြုံးစစနှင့် ဖရဲသီးဖျော်ရည်ခွက်ကို ဘေးမှဲ့ပေးလိုက်သည်။ မိုးချိုရောက်လာတော့ ကိုယ်စီဖျော်ရည်သောက်ကြရင်း –

"မိုးချို"

"ဟင်"

"မင်းမှာ ချစ်သူတွေ ဘာတွေ မရှိဘူးလား"

"မှုးတောင် ရှုစရာမရှိဘူး"

"ကြိုက်မယ့်သူမရှိတာတော့ မဖြစ်နိုင်ဘူး"

"ဘယ်လိုထင်လို့လဲ"

"မင်းက ဥပေက္ခာပြုထားတာထင်တယ်"

ဝိုင့်ကို ဖျတ်ခနဲကြည့်ပြီး ပြောလိုက်တာကြောင့် မိုးချို သဘောပေါက်ကာ ပြုံးမိ၏။ ဝိုင် သူ့ကို စိတ်ဝင်စားနေတာကို ကိုပိုင် ကောင် ရိပ်မိနေတာပဲ၊ သူလည်း ဝိုင့်ကို စိတ်ဝင်စားပေမယ့် မယုံတာ က်သည်လေ။

"မင်း မိန်းမယူဖို့ စိတ်ကူးမရှိသေးဘူးလား"

"ကိုပိုင်က အကြီးလေ"

"ငါ့ကို ဘကြီးက မိန်းမပေးစားဖို့ စီစဉ်နေတာ"

"ဟုတ်လား"

"ငါ့ကို မင်းလို့ထင်ပြီးတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုပိုင်ပဲ ယူလိုက်ပေါ့”

“တော်တော်အပြောကောင်းတယ်”

“ကိုပိုင် ခေါင်းညိတ်ခဲ့ပြီလား”

“စဉ်းစားဦးမယ်လို့ပြောထားတယ်”

“ဟား ဟား ... ဘကြီးက ဒါဆို ဒါသမားနော်။ မဖြစ်ဖြစ်အောင် စီစဉ်မှာ ကြိမ်းသေတယ်။ ကိုပိုင့်ကို ပြောထားတာ ကျွန်တော့်ဘက်ကတော့ မြှားဦးလှည့်မပေးနဲ့”

“ခွေးကောင် မင်းတော်တော်တရားတယ်”

ကိုပိုင့်မျက်နှာနီသွားတော့ ဦးဇော်ဦးနဲ့ မိုးချိုက ရယ်လေ၏။ ဝိုင်ကလည်း ပြုံးလို့ပါ။

“ဖေဖေ”

“ဟော”

“ကျွန်တော်က ဘကြီးပေးစားတဲ့မိန်းမကို ယူရမယ်ဆိုရင် သူ့အတွက် ဖေဖေက ချွေးမရှာပေးလိုက်။ ဒါမှ မျှမျှတတရှိမှာ”

“အေး ... ရှာပေးရမှာပေါ့ကွာ”

“ဝေးဝေးမှာ ရှာစရာမလိုပါဘူး ဖေဖေရာ။ အနီးဆုံးမှာ အဆင်သင့်ရှိနေတဲ့ဥစ္စာ”

“ဟာ ကိုပိုင်”





မိုးချို ဝိုင့်ကိုအားနာသလိုကြည့်လိုက်တော့ ဝိုင်က ပါးမို့လေးတွေရဲကာ ခေါင်းငုံ့သွားရှာ၏။

“ဖေဖေကလည်း စဉ်းစားထားပါတယ်”

“ဘာကိုလဲ ဖေဖေ”

“ဝိုင့်ကို ချွေးမတော်ဖို့လေ”

“ဦးဇော်ကလည်း”

“ဟော ... ကောင်မလေးရှက်သွားပြီ”

“ကိုပိုင်နော် ... ဘာမှန်းလဲမသိဘူး”

မိုးချို ရှက်သွားသလို ဝိုင်ကလည်း သူတို့ရှေ့မှ ထွက်ပြေးလေ၏။ မိုးချိုအပေါ် ဝိုင် စေတနာကွက်ကျားမိုးရွာတာ ကိုပိုင်သိတာပေါ့။

“ဖေဖေ ဘာလို့ ဒွဲတိုးကြီးပြောလိုက်တာလဲ”

“ဖေဖေက မပွင့်လင်းတာတွေကို ထိုးဖောက်ပေးတာကွ”

“သား သူ့ကို မယုံဘူး”

“သားငယ်က ဘာကိုမယုံတာလဲ”

“သူက ဦးကျော်ခန့်ထားတဲ့အလုပ်သမားလေ”

ဦးဇော်ဦး သက်ပြင်းချလိုက်မိ၏။ အကြောင်းအရာတွေအားလုံးကို ဆက်စပ်ကြည့်ပြီး ကျော်ဦးနဲ့အားလုံးကို မသက်သာ



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဝိုင်ကိုကျတော့ အဲဒီအထဲထည့်လို့မရ။ သူမ လုပ်ကိုင်ပေးသမျှ စေတနာပါသည်ဟုထင်၏။ တကယ်လို့ ကျော်ဦးလူဆိုရင်တောင် . . .

ဝိုင့်မှာ မလွန်ဆန်နိုင်တဲ့အကြောင်းတရားတွေရှိလို့ပဲ ဖြစ်လိမ့်မည်။ ယုတ်မာကောက်ကျစ်တဲ့အသွင်ကို ခန့်မှန်းခွဲခြားလို့မရပေမယ့် ရိုးသားဖြူစင်ချင်တဲ့ မျက်ဝန်းတွေကိုတော့ တွေ့နေရသည်လေ။

"လူတိုင်းကို သံသယမျက်လုံးနဲ့ မကြည့်ပါနဲ့သားရယ်။ သူ့မျက်နှာလေးက ရိုးသားပြီး အေးချမ်းတဲ့ပုံလေးပါကွ။ တကယ်လို့ သူမဟုတ်တာလုပ်ရင်တောင် မလွန်ဆန်နိုင်တဲ့အကြောင်းတစ်ခုကြောင့်ပဲ ဖြစ်လိမ့်မယ်လို့ ဖေဖေထင်တယ်"

"လူယုံသတ်လို့ သေတတ်တယ် ဖေဖေရဲ့"

"သတ်မသတ်တော့ ငါ မသိဘူး။ ဝိုင် မင်းကိုကြည့်တဲ့ အကြည့်တွေကိုတော့ ငါ သိနေတယ် မိုးချို"

"ကျွတ်"

ဘယ်လိုပဲဝေ့ဝေ့ ဒီဘူတာပဲဆိုက်တာပါပဲလား။ မိုးချိုက လည်း ရှက်နေတာကြောင့် ဝန်မခံချင်။ ဝိုင့်ကို သူစိတ်ဝင်စားရုံအဆင့်ပဲ ရှိသေးတာလေ။ ရောဂါနတုန်း ကိုယ့်တက်က တွန့်နေတာ။ တစ်နေ့ သူထင်သလိုဖြစ်လာရင် လွယ်လွယ်ကူကူ မေ့နိုင်ဖို့။





"မိုးချို"

"ဗျာ"

"မင်း မူမနေနဲ့နော်"

"ကိုပိုင်ရော သူ့ကို စိတ်မဝင်စားဘူးလား"

"ဟော့ကောင် မင်း ပိန္နဲပင်ဆွဲမထည့်နဲ့"

ကိုပိုင်က ဆုံးဖြတ်ပြီးသားလူ။ သူ ဘကြီးစကားကို နားထောင်လိုက်ဖို့လေ။ နှစ်ပေါင်းများစွာ ဝေးနေတဲ့သူဆီက မေတ္တာတွေထားရှိခြင်းကို လျော့ပါးမသွားစေချင်။ ဘကြီးရွေးပေးတဲ့ အိမ်ထောင်ဘက်ဟာ မမှားနိုင်ဘူးလို့လည်း ယုံကြည်၏။

"ကိုပိုင်က ဘကြီးစကားကို နားထောင်တော့မယ်ပေါ့"

"စဉ်းစားထားတာပဲ"

"တော်တော်အေးအောက်တာပဲ"

"ဘာကွ"

"ကောင်းတယ်လို့ ပြောတာ"

ကိုပိုင် ချစ်စနိုးနှင့် မိုးချိုလက်မောင်းကို လက်သီးနှင့် ထိုးလိုက်၏။ ခုမှ ချစ်ခွင့်ရတဲ့ ညီအစ်ကိုပဲလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဝိုင် အောက်ထပ်ကိုဆင်းလာတာနှင့် နီနီမာက အပေါ်ထပ်သို့ တက်လာစဉ် ဆုံကြပြီး နီနီမာ့လက်ထဲမှ ကော်ဖီပန်းကန်တွေ ထည့်လာတဲ့ဗန်းကိုမြင်လေလျှင် –

"နီမာ"

"ဟင်"

"အပေါ်ထပ်ကိုလား"

"ဟုတ်တယ်"

"ဝိုင် သွားပို့လိုက်မယ် ပေးလေ"

"ကျေးဇူးပဲ"





လင်ဗန်းကိုကမ်းပေးရင်း နီနီမာပြုံးလိုက်တဲ့အပြုံးရဲ့ အဓိပ္ပာယ်ကို နားလည်မှာမဟုတ်ပေ။ အမှောင်ထဲကလူနဲ့ အလင်းကလူ။ စိတ်ထားကောက်ကွေ့သူနှင့် ဖြောင့်မတ်သူတို့၏ မတူညီသော သဘောတရားသည် –

"ကျေးဇူးတင်စရာမလိုပါဘူး နီမာရယ်။ တကယ်တော့ ဝိုင်ကလည်း သူတို့အလုပ်သမားပဲလေ"

"အင်း . . . ဟုတ်ပါပြီ"

"ဒါဆို နီမာ လုပ်စရာရှိတာ သွားလုပ်ပါ"

ဝိုင် အပေါ်ထပ်သို့ ပြန်တက်သွားလေတော့ နီမာ ခပ်မဲ့မဲ့ လုပ်ပြီးမှ ပြုံးလိုက်၏။

ဒါ နှင့်ကံကြမ္မာကို နှင် ဖန်တီးတာပဲ ဝိုင်။ အဲဒီကော်ဖီ ပန်းကန်ထဲက အဆိပ်တွေက နှင့်ကံကြမ္မာကို ဆေးရောင်ခြယ်ပေး တော့မှာ။

"အဟား . . . မင်းကတော့ကွာ"

"ဟုတ်တယ်လေ၊ ဖေဖေ့ခြေထောက်က အခြေအနေ ကောင်းနေပြီပဲဟာ။ မေမေ့ဆီကို လူပျိုသွားလုပ်ရမှာပေါ့"

"လူပျိုမဟုတ်ဘူးလေ။ ငါတို့နှစ်ယောက်ရဲ့အဖေ"

"အဲဒီတော့ သားတို့ဖေဖေလေ"



www.burmeseclassic.com

www.burmeseclassic.com



သားအဖသုံးယောက် ရယ်စရာတွေပြောပြီး ရယ်နေကြစဉ် ဝိုင်ရောက်လာပြီး –

"ကဲ ... ဒီမှာ ကော်ဖီလေးသုံးဆောင်ကြပါဦးရှင်"

"ဟော ဝိုင်"

"တွေ့လား"

"ဘာလဲ"

"ဝိုင်က အလိုက်သိတာလေ"

"ကိုပိုင်နော်"

"ဒုန်း"

"ဟင်"

"ဟာ"

တစ်ခုခု ထိခိုက်သံကြောင့် ရယ်သံတွေက ဓားနှင့်ခုတ်ဖြတ်သလို တိခနဲရပ်သွား၏။ ဖိုးချွန်က အရင်ထသွားလေသဖြင့် ကိုပိုင်က လိုက်သွားကာ –

"မိုးချို"

"ဟာ ... ဟိုမှာလူ"

လှစ်ခနဲထွက်ပြေးသွားတဲ့လူရိပ်နောက်သို့ လိုက်ကြလေလျှင်–





"ဝုန်"

"ဒုတ်"

"ဖြောင်း"

"အ"

နောက်ထပ်လူရိပ်တွေ တစ်ရိပ်ပြီးတစ်ရိပ်မှ ညီအစ်ကို နှစ်ယောက် ခုခံတိုက်ခိုက်ရခြင်းမှာ –

"ကိုပိုင် သတိထား"

"မင်းလည်း သတိရှိပါစေ"

"ကဲ"

"ခွပ်"

"ယား"

"ဘုန်း"

"အမယ်လေး"

"ဟင်"

တစ်ဖက်က လေးယောက်လား ငါးယောက်လားမသိ။ မိုးချို ကန်ထည့်လိုက်တဲ့ တစ်ယောက်၏အော်သံက မိန်းမသံ။ ပထမ မိုးချိုကြောင်သွားပြီးမှ ကိုယ်ကမိန်းမဆိုပြီး ညှာလိုက်ရင် အဲဒီမိန်းမက ကိုယ့်ဝိညာဉ်ကို ခြွေသွားမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူတောင် သတ္တိရှိလို့ တိုက်ခိုက်ရဲသေးတာပဲ။

"ပြေးကုန်ပြီ"

"လိုက်လေ"

"မလိုက်နဲ့ မိုးချို"

"သားကြီး, သားငယ်"

"ဖေဖေ"

ဖခင်လိုက်လာတာမို့ ညီအစ်ကိုတွေ ပြန်လှည့်လာကြစဉ်-

"ဟာ . . . ဖေဖေ ဖေဖေ့ခြေထောက်တွေ"

"ဟာ"

"ဖေဖေ"

ကိုပိုင် ဖခင်၏ခြေထောက်ကိုငုံ့ကြည့်ပြီး မျက်နှာက ဝင်းပ သွားလေလျှင် ဦးဇော်ဦးနဲ့ မိုးချိုပါ လိုက်ငုံ့ကြည့်ပြီး ဝမ်းသာအားရ ဖြစ်သွားကြ၏။

သားတွေဖော့နှင့် ကိုယ့်ကိုယ်ကိုယ် ဘယ်ကနေ ဘယ်လို ဒီနေရာအထိ ရောက်လာမှန်းမသိ။

"ဖေဖေ့ခြေထောက်တွေ ကောင်းသွားပြီ"

"ဟုတ်တယ်ကွ"

"ကဲ . . . လာ ဖေဖေ့အခန်းထဲ ပြန်သွားရအောင်"





ဖခင်ကိုတွဲ၍ အခန်းထဲသို့ ဝင်လာကြစဉ်မှာတော့ –

"ဟင် . . . ဗိုင်"

"ဟာ . . . ဘာဖြစ်တာလဲ"

"လုပ်ပါဦး"

ကော်ဖီပန်းကန်တွေက မှောက်ကျနေပြီး ဗိုင်က လဲကျ သတိလစ်နေသည်။

ပြီးတော့ ကြောင်လေးကလည်း မသေသေးပေမယ့် ဝေဒနာ တစ်ခုကို ခံစားနေရသည့်ပုံ။ လှုန့်လိုက်လူးလိုက် ဖြစ်နေတာ အဆိပ်မိတဲ့ ပုံပါပဲ။

"ကြောင်က အဆိပ်မိထားတဲ့ပုံပဲ"

"ဟုတ်လို့လား"

"သေချာတယ်"

"တောက်"

မိုးချို တက်ခေါက်ပြီး အံကို တင်းတင်းကြိတ်လိုက်၏။ ဦးဇော်ဦးကတော့ တွေတွေကြီးရပ်လျက် ဘာမှ မဝေဖန်နိုင်။ မိုးချို ဗိုင့်မျက်နှာကို စေ့စေ့ကြည့်ပြီး လက်သီးကိုပါ ထပ်ဆုပ်လိုက်တာသည် ထင်တော့ထင်သားပဲ၊ ဒီမိန်းမ ဒီလိုလုပ်မယ်ဆိုတာလို့ တွေးလိုက်ရ မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူတို့သားအဖတွေကို လုပ်ကြတာ။ ချောင်းကြည့်နေတဲ့ သူသာ တံခါးကိုဝင်မတိုက်မိဘူးဆိုရင် ဒီအချိန်မှာ သူတို့သားအဖတွေ ကြောင်လေးခံစားသလို ခံစားနေရမှာ။

သူဘာသာလုပ်ပြီး သွေးပျက်သွားတာဖြစ်မှာပေါ့။ ဒါကြောင့် သတိလစ်ပြီး လဲကျနေတာ။

တော်တော်လူမဆန်တဲ့မိန်းမ။ ကောက်ကျစ်ယုတ်မာတဲ့ မိန်းမ။ ရုပ်ကလေးနဲ့မလိုက်အောင် ရက်စက်တတ်တာ အံ့ဩပါရဲ့။ ရက်စက်မှုသရုပ်ကို ချီးမြှင့်ထိုက်ပါပေတယ်။ မင်းကို ငါမုန်းတယ် ဝိုင်း။ ငါတို့မိသားစုကို သေကြောင်းကြံတဲ့ မိန်းမယုတ်မ။

"တောက်"

"မိုးချို"

"———"

"တို့ သူ့ကို ဘယ်လိုလုပ်ကြမလဲ"

"သတ်ပစ်ဖို့ကောင်းတာ"

"ဘာဖြစ်လို့လဲ သားငယ်"

"ဘာဖြစ်ရမှာလဲ ဖေဖေ။ ကျွန်တော်တို့သားအဖတွေကို အဆိပ်ခပ်လုပ်ကြံတဲ့မိန်းမ"

ဦးဇော်ဦး လေးတွဲစွာ သက်ပြင်းချလိုက်မိတော့၏။





"ဝိုင် ဝိုင်"

"အင်း"

"ဝိုင်"

မေးစေ့လေး လှုပ်၍ ကိုပိုင်က ဝိုင့်ကိုခေါ်လေလျှင် –

"ဟော့ . . . မင်း ထစမ်း"

"မိုးချို"

"သားငယ်"

တားချိန်တောင်မရဘဲ မိုးချို ဒေါသဖြစ်ဖြစ်နှင့် ဝိုင့်ကို ဆွဲထူလိုက်ပြီး –

"ဒီမှာ ဟော့"

"ဟင်"

"မင်း သတိရပြီဆိုတာ ငါသိတယ်။ ဝိုင် . . . ဟော့"

"ဖြည်းဖြည်းလုပ်ပါကွ"

အကြမ်းပရမ်းနှင့် ဝိုင့်ကို ပခုံးကနေ ဆွဲလှုပ်နေတာမို့ ကိုပိုင်က မနေနိုင်။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဝိုင်က မိန်းကလေးဆိုတော့ ညှာတာစိတ်တော့ ဖြစ်မိတာပေါ့။

"ဝိုင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း . . . ငါတို့သားအဖတွေကို ဘာကြောင့် သေကြောင်းကြံတာလဲ ပြောစမ်း"

"ဟင့်အင်း . . . မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ။ မင်း ခြောင်မလိမ်နဲ့။ ဟိုမှာ ကြောင်လေးသေနေတာက သက်သေပဲ။ မင်း တော်တော် အကြံပက်စက်တဲ့ မိန်းမပဲကွ။ တောက် . . . မင်းကွာ"

"အဟင့် ဟင့်"

ဝိုင် မျက်ရည်တွေသာကျလာပြီး ငိုရှိုက်မိတော့၏။ သူမ ဘယ်လိုဖြေရှင်းရမလဲ။ လောလောဆယ်ရှင်းပြလို့ ယုံကြမှာမဟုတ်ပေ။ ကိုယ်က တရားခံပဲပေါ့။ နီမာ နီမာ မိန်းမယုတ်မ။ သူလုပ်ကြံတာကို အခု ဝိုင်လုပ်ကြံတာ ဖြစ်နေပြီ။

"ဖေဖေ"

"ဟေ"

"ဒီကိစ္စ ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားမှဖြစ်မယ်"

"အေး . . . သားကြီး ဆက်လိုက်လေ"

"မဟုတ်ဘူး။ ဝိုင်မလုပ်ပါဘူး ကိုပိုင်ရယ်။ အဲဒီလို မလုပ်ပါနဲ့နော်။ ဝိုင် တောင်းပန်ပါတယ်"

"စိတ်မကောင်းပါဘူး ဝိုင်"





ကိုပိုင်က ဖုန်းကိုထုတ်၍ ရဲစခန်းသို့ ဆက်လေလျှင် –

"မလုပ်နဲ့ . . . မလုပ်ပါနဲ့ ကိုပိုင်ရယ်။ အဲဒီကော်ဖီကို ဝိုင်ဖျော်တာ မဟုတ်ပါဘူး"

"တိတ်စမ်း"

မိုးချို၏အော်သံက ကျားဟိန်းလိုက်သည့်ပမာ။

"အဟင့် ဟင့်"

"ငိုမနေနဲ့ . . . မင်းလုပ်ရဲရင် ခံရဲရမှာပေါ့"

"အစ်ကိုကြီး ဘာဖြစ်ကြ ဟင်"

မေးပြီးမှ ဦးကျော်ဦး ဟင်ခနဲဖြစ်ကာ မျက်နှာပျက်သွား၏။ ရောက်လာတာက ဦးကျော်ဦး၊ ကိုညို၊ဝင်းနဲ့ ကျော်မိုးနိုင်။ အားလုံး မျက်နှာတွေပျက်နေကြတာသည် သူတို့သားအဖတွေအတွက် စိတ်ကောင်းဖြစ်ဟန်ပြတာလား။

"ဘယ်လိုဖြစ်ကြတာလဲ အစ်ကိုကြီးရယ်"

"မင်းမြင်တဲ့အတိုင်းပဲလေ။ ဝိုင်က တို့ကိုကော်ဖီထဲမှာ အဆိပ်ခပ်ပြီး လုပ်ကြံတာ"

"ဟာ"

အံ့ဩသွားသလို ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန်ကြတာ ဘာကယ်မသိကြလို့လား။ ကျော်မိုးနိုင်က –



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရုပ်ရည်လေးမှ အားမနာ တော်တော်အကြံပက်စက်တဲ့ ကောင်မ"

"ကိုနိုင်"

ဝိုင်ကိုရိုက်ဖို့ ရွယ်လိုက်တဲ့ ကျော်မိုးနိုင်၏လက်ကို ကိုပိုင် ဖမ်းဆုပ်ထားလိုက်ပြီး –

"ကျွန်တော်တို့ပြဿနာ ကျွန်တော်တို့ဘာသာ ရှင်းမယ်။ ကိုနိုင် ဝင်မပါပါနဲ့"

"မဟုတ်ပါဘူး။ ဒီကောင်မလုပ်ရက်တာကို ငါ မခံနိုင်လွန်းလို့ပါ"

"ဒီကိစ္စ ဥပဒေက ဖြေရှင်းပေးပါလိမ့်မယ်"

ဝိုင်ကတော့ အားလုံးအလယ်မှာ အကြံပက်စက်ပြီး ယုတ်မာတဲ့မိန်းမအဖြစ် သူတို့ပြောသမျှ ခံနေရ၏။ တရားကို နတ်စောင့်ပါတယ်လေ။

အမှန်တရားက မှန်တဲ့သူဘက်ကပဲ ရပ်တည်မှာပေါ့။

"ဦးကျော်"

မိုးချိုက ခပ်ရှုးရှုးကြည့်၍ ခေါ်လေတော့ –

"ဘာလဲ မိုးချို"

"အန်တီမုန်းရော"





"သူ နေမကောင်းလို့ အိပ်နေတယ်"

"သေချာလား"

"သေချာပါတယ်၊ မယုံရင် မင်းသွားကြည့်ပေါ့။ ဒါနဲ့ မင်းက ဘာလို့မေးတာလဲ"

"ပျောက်ချက်သားကောင်းနေလို့ပါ"

သိချင်ရုံမေးပြီး ဘာမှ ဆက်မပြောခြင်းသည် ပဟေဠိကို အဖြေညှိပြီးလို့ပေါ့။

"ဟင် ... အစ်ကိုကြီး မတ်တတ်ရပ်နိုင်ပြီ"

"ဟုတ်တယ် ... အဆိုးထဲက အကောင်းတစ်ခု ရလိုက်တာပေါ့"

ကားသံကြားလိုက်ကြသည်မို့ အားလုံး တိတ်ဆိတ်သွားပြီးမှ ...

"ရဲတွေ လာပြီ"

"ကဲ ဝိုင်"

"ဟင်"

"ဘယ်သူမပြု မိမိမှုတဲ့။ မင်းလုပ်ခဲ့တာတွေအတွက် မင်း ခံလိုက်ဦးပေါ့ကွာ"

"ဦးဇော်ဦး ကျွန်တော်တို့ကို အထဲဝင်ခွင့်ပြုပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ကြပါ ခင်ဗျာ၊ ဝင်ကြပါ"

ကော်ဖီမန်းအပေးအယူကိစ္စကို မျက်မြင်သက်သေမရှိလေတော့ နှင် ကံကောင်းနေသေးတာပေါ့ နီမာ။ ငါပြီးရင် နှင့်အလှည့်ပေါ့။

❋ ❋ ❋



## အခန်း (၂၄)

"အား ကျွတ် ကျွတ်"

ဒေါ်မုန်းမာန် ခါးကို လက်နှင့်ထောက်၍ ရှုံ့မဲ့ကာ ညည်းသွားနေသည်။ ကိုကျော်က မလိုက်နဲ့လို့ ပြောတာကို နားမထောင်ဘဲ တတ်ပကြီးလုပ်ချင်တဲ့ အမှားလေ။ မိုးချိုဦးရဲ့ကန်ချက်ကြောင့် သူမခါးကော့သွားခဲ့တာ ခါးကျိုးလုမတတ်ပါပဲ။ သူမ အော်လိုက်မိတာကြောင့် ရိပ်မျှားရိပ်မိသွားသလား။

သူမတို့ ကြိုစည်ခဲ့သမျှ အရာရာအောင်မြင်ခဲ့ပြီး အနားနီးမှ ဖြတ်ကျချင်တော့ လေပြီလို့ထားတဲ့သူက မသေ။ မိုးချိုဦးက ဝင်လာပြီး အင်အားဖြည့်တာကတစ်မျိုး။ အသေလုပ်တာကို ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာ ဒုက္ခိတဖြစ်တဲ့လူကလည်း အခုပြန်ကောင်းလာပြီ။ ဒါတွေအားလုံး က ပါးစပ်ဝရောက်နေတဲ့ ထမင်းလုပ်ကို ပုပ်ချသလိုပဲပဲ။

အခု ညီအစ်ကိုတွေဆုံကြတော့ မီးခံသေတ္တာသော့က ဘယ်သူ့ဆီမှာလဲ။ အမိကကတော့ ရဖို့ပဲ ဖြစ်နေပြီ။ နီမာဆိုတဲ့ မိန်းမက လည်း အသုံးကိုမကျပါဘူး။ ညို့ဝင်းကရော ဘာထူးလဲ။ ဒီကောင် တံခါးကို အသလွတ်ကြီး ဝင်တိုက်မိလို့ သူမတို့အကြံအစည်တွေ ပျက်ကုန်တာ။

"ကျွတ် ကျွတ်"

"မိန်းမ"

"ဘာတုံး"

"တော်တော်နာနေလား"

"ရှင် မေးပဲ မေးတတ်တယ်"

"အဲဒါကြောင့် မင်းကို မလိုက်နဲ့လို့ ငါပြောသားပဲ"

"ကျွန်မလိုက်တာတောင် ရှင်တို့ နိုင်ခဲ့ကြလို့လား။ ဟိုကောင် မိုးချိုက ဘယ်ကပညာတွေ သင်လာသလဲမသိပါဘူး။ လျင်လိုက် မြန်လိုက်တာမှ သူ့ကိုထိဖို့ မနည်းကြိုးစားတာတောင် မရဘူး"

"တောက် . . . အဲဒါ ညို့ဝင်းအသုံးမကျလို့ အစီအစဉ်တွေ





ပျက်ကုန်တာ"

ဦးကျော်ဦးတို့လင်မယား ကြိတ်မနိုင် ခဲမရဖြစ်နေကြ၏။ ဟိုသားအဖတွေ ဘယ်လိုသေကြမလဲ သွားချောင်းနိုင်းကာမှ သတိ ပေးနိုင်းသလိုဖြစ်ပြီး ကစဥ့်ကလျားတွေ ဖြစ်ကုန်တာ။ သူတို့မိသားစု သုံးယောက်နဲ့ ညို့ဝင်းရော နီနီမာပါ ငါးယောက် ဝိုင်းတိုက်ခိုက်တာ တောင်

ဟိုညီအစ်ကိုနဲ့ယှဉ်ပြီး သူတို့ပဲပြေးရတာ ဘယ်လောက်ဆိုး လိုက်ပါသလဲ။ ဒါလည်း ဆက်တိုက်ရင်နိုင်သားပဲ။ ဟိုဘက်က နှစ်ယောက်တည်းဆိုပြီး လျှော့တွက်နေချိန်မှာပဲ မုန်းမာန်ထိခံရတာ။ သူမအော်သံကြောင့် ရိုပ်မိမှာစိုးပြီး လစ်ခဲ့ရတာလေ။

"တို့ ဘာဆက်လုပ်ကြမလဲ"

"ဝိုင် အဖမ်းခံထားရပြီ။ သူသိသမျှဖော်ရင် ဒုက္ခပဲ။ ကျွန်မ တို့ ငြိမ်နေမှဖြစ်မယ်ထင်တယ် ကိုကျော်"

"ဟိုကောင်မလေးဖော်ရင် ငြိမ်နေတော့ရော ဘာထူးမှာလဲ"

ဒေါ်မုန်းမာန် တွေခနဲဖြစ်သွားပြီးမှ –

"သူတို့မသိခင် ကျွန်မတို့ ဒီအိမ်ကနေ အမြန်ဆုံးထွက်သွားမှ ထင်တယ်"

"ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်ရမှာလဲ"

"တို့မှာ ငွေမှမရှိဘဲ မိန်းမရဲ့"

"ဒါများ လွယ်ပါတယ်"

"ဟင် . . . ဘယ်လိုလွယ်တာလဲ"

"မနက်ဖြန် ဟိုညီအစ်ကို သူ့အမေကို သွားကန်တော့ကြ မလို့တဲ့"

"အဲဒီတော့"

လွန့်ခနဲပြုံးလိုက်တာ ဒေါ်မုန်းမာန်၏ မျက်လုံးတွေက ရွှန်း လက်လာပြီး –

"ဘဏ်တိုက်ကြီးက အိမ်မှာကျန်ခဲ့မှာပဲဟာ။ သူ့ဆီမှာ အကျပ်ကိုင်ပြီး သော့တောင်းရမှာပေါ့။ ပိုက်ဆံထားတဲ့ ဗီရိုသော့က သူ့ဆီမှာလေ။ မီးခံသေတ္တာက ရတနာတွေရှိလို့သာ အမိကထားတာ။ ပိုက်ဆံက အဲဒီအထဲမှာလည်း ရှိသလို ဗီရိုထဲမှာလည်း ရှိတာပဲ"

"တို့ထွက်သွားရင် သူက ရဲတိုင်မှာပေါ့"

"ရှင်ကလည်း အပို"

"ဘာ"

"လိုချင်တာရပြီးရင် သူ့ကို ဒီအတိုင်းထားခဲ့မလားရှင့်။ နှုတ်ပိတ်ပစ်ခဲ့မှာပေါ့ . . . ဟား ဟား ဟား"





ဒေါ်မုန်းမာန် ဟက်ဟက်ပက်ပက်ရယ်ပြီးမှ မျက်နှာက ရှုံ့မဲ့သွားသည်။ ခါးကျိုးလုမတတ် ဖြစ်တာတောင် နာကျင်မှုကြားက မကောင်းတဲ့အကြံဉာဏ်တွေ ထုတ်တုန်းပါပဲ။

"ဒါဆို အစ်ကိုကြီးကို သတ်ခဲ့ရမှာပေါ့"

"ဘာလဲ . . . ရှင်က ရှင့်အစ်ကိုကို မသတ်ရက်ဘူးလား။ လုပ်ရက်မှ ရှင် ချမ်းသာမှာနော်"

"ဦးကျော်, အန်တီမုန်း"

"ဟင်"

တံခါးဝမှာရပ်ရင်း ခေါ်လိုက်သံကြောင့် လင်မယား နှစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ တံခါးဝဆိုပေမယ့် တံခါးပိတ်ထားတော့ လူမမြင်ရဘဲ အသံသာကြားရခြင်းပါ။ အသံက နီနီမာ့အသံ။

"ဒေါက် ဒေါက်"

"လာပြီ"

ဦးကျော်ဦး တံခါးဖွင့်ပေးလိုက်တော့ နီနီမာက အခန်းထဲထိ ဝင်လာသည်။

"နီနီမာ"

"ကျွန်မ ပြောစရာရှိလို့ ဝင်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမှာလဲ"

"ကျွန်မ ငွေလိုနေလို့ အဲဒါ"

"ဘာ"

"ကျွန်မ ငွေလိုနေလို့ ပြောတာပါ။ အန်တီမုန်းတို့ခိုင်းတဲ့ကိစ္စ မအောင်မြင်တဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မ စဉ်းစားထားတာတစ်ခုရှိတယ်"

"ဘာလဲ"

"နီမာ ဘဝနဲ့ရင်းပြီး ဦးဇော်ဦးကို နိုင်ကွက်နင်းဖို့လေ။ စည်းစိမ်အကုန်မရပေမယ့် တစ်ဝက်တစ်စိတ်ရတယ်ဆိုရင်ပဲ မနည်းပါဘူး"

"နီမာ"

"ပြောလေ"

"မင်း တကယ်ပြောတာလား"

နီမာက နံရံကို ခပ်ငွဲငွဲ မှီရပ်ရင်း ခေါင်းညိတ်ပြလေသည်။ သူမ ငွေရမည်ဆို ဘာမဆိုလုပ်ရဲသူ။ အစကတော့ ဒီလောက် သတ္တိမရှိပါဘူး။ သူမညီမလေး ဆေးရုံတက်တုန်းကဆို ဒေါ်မုန်းမာန်က အစစအရာရာ ကူညီပေးခဲ့တာ။ ကျေးဇူးတရားကြောင့် သူတို့ခိုင်းတာလုပ်ပေးမယ်ဆိုရင်းကနေ။





အခုတော့ တံငါနားနီးလို့ တံငါဖြစ်နေခဲ့ပြီလေ။

"ငွေက ဘယ်လောက်လိုတာလဲ"

"မများပါဘူး။ လောလောဆယ် တစ်သိန်းလောက်ရရင် ဖြစ်ပါတယ်"

ဦးကျော်ဦး ဇနီးဖြစ်သူကို ကြည့်လိုက်၏။ ဒေါ်မုန်းမာန်က

"တို့မှာလည်း ငွေကပြတ်နေတယ် နီမာ။ အဲဒီတော့ ငါ့လက်ကောက်တစ်ကွင်းကိုယူသွားလိုက်။ ရသလောက်နဲ့ ရောင်းပြီး မင်းယူလိုက်ပေါ့"

"ဖြစ်ပါတယ်"

ဒေါ်မုန်းမာန် လက်ကောက်တစ်ကွင်းကိုချွတ်ပြီး နီမာ့လက်ထဲကို ထည့်ပေးလိုက်သည်။ တကယ်တော့ ဒီလက်ဝတ်လက်စားတွေက ရုပ်ပျက်မှာစိုးလို့ဆိုပြီး ဦးဇော်ဦး ဆင်ပေးထားခဲ့တာ။ မေးတော့လည်း ကြည့်လိုမ့်ရတာပေါ့။

"ကဲ နီမာ ... မင်း ဒီကိုလာတာ တစ်ယောက်ယောက် တွေ့သွားရင် မလွယ်ဘူး။ မင်းသွားတော့"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အမေ့ကိုကန်တော့ရင်း အဖေ့နဲ့ပြန်ပေါင်းဖို့ နားချရမယ်ဆိုတဲ့ သားနှစ်ယောက်ကိုကြည့်ပြီး ဦးဇော်ဦး မျက်နှာက ပြုံးချိုနေသည်။

"ဖေဖေ"

"ဟော"

"ဖေဖေပါ တစ်ခါတည်းလိုက်ခဲ့ပါလား"

"မလုပ်ပါနဲ့ သားငယ်ရယ်။ တော်ကြာ မင်းတို့အမေ ထပ်ထွက်ပြေးလို့ ရှာရခက်နေပါဦးမယ်"

"မိုးချို"

"ဗျာ"





"မင်း ဘာသံကြားလဲ"

"ဟင် . . . ဘာသံမှမကြားပါဘူး"

"ငါတော့ ကြားနေတယ်ကွ"

"ဘာသံလဲ"

"ဖေဖေ့ရင်ထဲမှာ ဒိန်းတလိန်းနတ် ဝင်ပူးနေတဲ့အသံလေ။ ဟော ကြားလား"

"ခွေးကောင်လေးတွေ"

ကိုပိုင်က ဖခင်၏ရင်ဘတ်ကို ကပ်နားထောင်လေတော့ ဦးဇော်ဦးရယ်လေတော့သည်။ ရင်ထဲမှာ ပျော်နေတာတော့ အမှန်ပါပဲ။ သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေး သူ့ဆီမှာ ပျောက်ဆုံးနေတာ ကြာခဲ့ပြီလေ။

အခု ကံမကုန်လို့ ပြန်ဆုံကြပြီဆိုတော့ သူ မပျော်ဘဲ နိုင်ပါ့မလား။

"အင်း . . . အမေကလည်း ဟိုသီချင်းကိုများ ကြိတ်ဆိုနေမလား မသိဘူး"

"ဘယ်သီချင်းလဲကွ"

"ဒေါ်မာမာအေးရဲ့ တစ်ခုလပ်မအသည်းမောင်မောင်ရှင် မြင်လှည့်စေချင်တယ်ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ကြုံကြုံဖန်ဖန် ပြောတဲ့ကောင်တွေပဲ"

"ဟား ဟား ဟား"

သားအဖတွေ ပျော်ရွှင်နေကြသည့်အချိန်မှာ အခြားအရာအားလုံးကို မေ့ထားသည်ထင်၏။ တစ်ယောက်က အကောင်းစားမုန့်ပုံးကိုပိုက်လို့။

တစ်ယောက်က အဝတ်အထည်အိတ်တွေကို လက် မှာဆွဲလို့ရယ်နေကြတာ မပြီးနိုင်မစီးနိုင်။

ဒါကိုမြင်တဲ့ ကျော့်မိုးနိုင်။ မနာလိုဝန်တိုစိတ်များနှင့် ပခုံးတွန့်ကာ မဲ့လိုက်၏။ ကံဆိုတာ ပြိုင်လို့ မနိုင်မှန်း လက်ခံရမလို။ သူတို့ကြီးသမျှ မအောင်မြင်ဘဲရှိနေတာ ဒီသားအဖတွေက တော်လို့လား။ ကိုယ်တွေကပဲ ညံ့နေလို့လား။

"ကဲ ဖေဖေ"

"ဟေ"

"သားတို့ သွားတော့မယ်"

"အေး ... မြန်မြန်လည်း ပြန်လာကြဦးနော်"

"ဟုတ်ကဲ့ပါ ဖေဖေရဲ့"

ကိုပိုင်ပြောနေချိန်မှာ မိုးချိုက ကားပေါ်ရောက်သွားပြီး ဖြ၏။ ဖေဖေ ဘာကြောင့် မြန်မြန်ပြန်ခဲ့ဖို့ သူတို့ကိုမှာသည်ဆိုတာ





သူတို့မသိဘဲနေပါ့မလား။ နှစ်ယောက်သွားမှ ဖြစ်မှာမို့လို့သာ နှစ်ယောက်သွားရတာ။ အိမ်မှာ ဖေဖေတစ်ယောက်တည်း ကျန်ခဲ့မှာကို သိပ်တော့ စိတ်မချပေ။

အခြားလူတွေအများကြီးရှိပေမယ့် သူတို့ကပဲ စိတ်မချရတာ။ အခုက နေ့ဘက်ဆိုတော့ သိပ်တော့ကိစ္စမရှိပေ။

"အမေရေ ... အမေ"

"အမေ ဘကြီး"

"ဟယ် ... ဖိုးချွန်တို့ ညီအစ်ကိုပါလား"

"ဘကြီးနဲ့အမေရော ဒေါ်ကြီး"

"ရှိတယ် ... ရှိတယ်၊ လာ ထိုင်ကြ"

"ကျွန်တော်တို့ ဘကြီးနဲ့အမေ့ကို လာကန်တော့တာ"

"ဟယ် ... ဘကြီးနဲ့အမေဆိုတော့ ငါ မပါဘူးပေါ့"

"ဟာ ... အဲဒီလို မဟုတ်ပါဘူး။ ဘကြီးဆိုမှတော့ ဘကြီးမိန်းမ ဒေါ်ကြီးလည်း ပါတာပေါ့ ဒေါ်ကြီးရဲ့"

အပြောမတတ်တော့ ဆဲတာနှင့်တူဆိုသလို အပြောမတတ်တဲ့ မိုးချိုကို ကိုပိုင် တံတောင်နှင့်တွတ်လိုက်၏။ ဒေါ်ကြီးက အပေါ်ထပ်သို့မော့ကြည့်ပြီး –

"ကိုလွင်ရေ ကိုလွင် ... ဒီမှာ ရှင့်တူတွေရောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရီ နင့်သားတွေရောက်နေတယ်ဟေ့”

သိပ်ကြာကြာမစောင့်လိုက်ရဘဲ ဒေါ်ရီရီခင်က အရင်ရောက်လာကာ ဦးမောင်လွင်က နောက်မှ –

“ဟယ် … သားတို့ရောက်နေတာပဲ”

“အမေ”

“ဟား … စားပွဲပေါ်ကဘာတွေလဲကွ”

“ကျွန်တော်တို့ ဘကြီးနဲ့အမေ၊ အဲ ဒေါ်ကြီးကိုပါ လာကန်တော့တာ ဘကြီးရဲ့”

“အေး … ကောင်းတာပေါ့ကွာ”

ဘကြီးတို့လင်မယားနဲ့ အမေ့ကို ကန်တော့ကြတော့ ဘကြီးတို့လင်မယားသာ ဆုတွေတစ်သီကြီးပေးပြီး အမေက မျက်ရည်တွေကျနေသည်။ ဒေါ်ကြီးက “ဟဲ့ အရီ ကလေးတွေကို ဆုပေးလိုက်ဦးလေ” ဆိုမှ –

“မျက်ရည်တွေသုတ်ကာ ဆုပေးသံက ကတုန်ကယင်ကြီးနှင့်။

“အမေ”

“ဟင်”

“ဖေဖေကလေ … အဟဲ”





မိုးချို မျက်နှာကစပ်ဖြီးဖြီးနှင့်ပါ။ ဖေဖေကလေဆိုတာနှင့် ဒေါ်ရီရီခင် မျက်စောင်းထိုးကာ မျက်နှာလွှဲလိုက်၏။

“ဖေဖေက အမေ့ကို အောင်လတဲ့”

“ဘာ … ဘာလဲ အောင်လဆိုတာ”

“တောင်းပန်ပါတယ်လို့ပြောတာ အမေရဲ့”

ကိုပိုင်က ဝင်ဖြေပြီး မိုးချိုက စကားဆက်သည်။

“အဲဒါကြောင့် ဖေဖေက သားတို့ကို မြားနတ်မောင်လုပ်ခိုင်းတာ။ အမေ့ကို ပြန်ပေါင်းထုတ်ရအောင် ပြန်လာခဲ့ပါတဲ့”

“ဘာ”

“ဟာ … လန့်လိုက်တာ”

“မပြန်ဘူး။ အဲဒီအိမ်ကို ငါ ဘယ်တော့မှမပြန်ဘူးလို့ နင့်အဖေကိုပြောလိုက်”

“အမေကလည်း”

“နင်က ဘာဖြစ်လို့မပြန်ချင်ရတာလဲ။ မပြန်ချင်လို့ မရဘူး အရီ။ နင်တို့အသက်တွေလည်း မငယ်တော့ဘူး။ မာနချင်းပြိုင်မနေသင့်တော့ဘူးဟ။ ကလေးတွေ မျက်နှာကို နင်ပြန်ငဲ့ဦးမှပေါ့။ သူတို့နှစ်တွေအကြာကြီး မိတကွဲ ဖတကွဲနဲ့ နေခဲ့ပြီးပြီ။ အဲဒီအတွက် သူတို့လေးတွေ မျက်နှာငယ်ခဲ့ရပြီးပြီ။ နာကျင်ခံစားခဲ့ရပြီးပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အမေရယ်။ သားတို့မှာ မိစုံဖစုံရှိနေတာပဲ။ မိသားစုတွေ စုံစုံလင်လင်နဲ့ ချမ်းမြေ့သာယာတဲ့ သီရိဂေဟာလေး ပြန်ပြီးတည်ဆောက်ကြရအောင်နော်"

"နင် ပြန်စဉ်းစားကြည့်စမ်း အရီ။ အစကတည်းက မှားခဲ့တာက နင်။ အဲဒါကို မာနနဲ့ နင် ဆက်မှားနေဦးမှာလား။ ကလေးတွေက သူတို့မှာ မိစုံဖစုံရှိနေတာ မိစုံဖစုံနဲ့ပဲ အုတ်အုတ်ကျက်ကျက် နေချင်ရှာမှာပေါ့။ ကလေးတွေရဲ့ မျှော်လင့်ချက်နဲ့ အနာဂတ်ကို နင် မဖျက်ဆီးနဲ့ အရီ"

ဒေါ်ရီရီ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ၏။ ပြန်လာစေချင်တဲ့သူက သူကိုယ်တိုင်လာမခေါ်ဘဲ သားတွေကိုလွှတ်သတဲ့လား။ သူကိုယ်တိုင် တောင်းပန်ပြီးလာခေါ်ရင်တော့ တော်သေးတာပေါ့။ အခုက ကိုယ်ပဲအရှက်မရှိတဲ့ မျက်နှာနဲ့ ပြန်တက်သွားရမယ့်ပုံ။

ဝေးသေးတယ်။ နှစ်ပေါင်းများစွာတောင် ကွဲကွာပြီးနေလာကြသေးတာပဲ။ အခုမှ အောက်ကျခံပြီး ကိုယ်က မတောင်းပန်နိုင်ပါဘူး။ မိန်းမဈေးကျလို့။

"ဖိုးချွန်"

"ဗျာ အမေ"

"နင် အဲဒီအိမ်မှာ ပျော်နေသလား"





"ပျော်တာပေါ့အမေရဲ့"

"အေး . . . ပျော်ရင် နင်ကျန်ခဲ့။ ငါ နယ်ကိုပဲပြန်တော့မယ်"

"ဟာ အမေ"

"အဲဒီလိုမလုပ်ပါနဲ့ အမေရဲ့။ နယ်ကိုတော့ မပြန်ပါနဲ့နော်။ သားတို့နဲ့ ဒီမှာပဲနေပါအမေရဲ့။ ဖေဖေကလည်း အမေ့ကို မျှော်လင့်နေတဲ့ဥစ္စာ"

"ဘာမျှော်လင့်တာလဲ။ သူကိုယ်တိုင် လာမခေါ်ဘဲ ငါက အရှက်မရှိတဲ့မျက်နှာနဲ့ ပြန်တက်ရမှာလား။ လုံးဝပဲ မိန်းမဈေးကျမခံနိုင်ဘူးဟေ့"

"ဟာ"

ဘကြီးက ပြုံးစိစိနဲ့ ခေါင်းတဆတ်ဆတ်ညိတ်လေသည်။ သူ့ညီမအကြောင်း သူသိတာပေါ့။

"အရီ အရီ အသံကြားတော့ ပြတ်နိုင်တာလည်း မဟုတ်ပဲနဲ့"

"ကိုကြီး"

"ဩော် . . ပြတ်နိုင်လို့မှ ဒီအထိနေလာတာပဲ ကိုလွင်ရယ်"

"မင်းမသိဘူး ညီ"

သူကတော့ သိတယ်ပေါ့လို့ ဒေါ်ကြည်ညိုက မျက်ချောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ငယ်လင်ငယ်မယားဆိုတာထက် ချစ်လို့ယူထားခဲ့ကြတဲ့ လင်မယားမို့ မပြတ်နိုင်ဘဲ သေကာနီးအထိ သတိရသွားဦးမည်ဆိုတာ။

"ဟော့ကောင်တွေ"

"ဗျာ"

"ပြောပါ ဘကြီး"

"မင်းတို့အမေက မင်းတို့အဖေကိုယ်တိုင် လာခေါ်စေချင်လို့ မှုနေတာကွ သိပြီလား"

"မဟုတ်ဘူး ကိုကြီးနော် ... ဘာတွေလျှောက်ပြောနေတာ လဲ"

"ပေါက်ပြီ ဘကြီးရေ ပေါက်ပြီ"

"ဟော့ကောင်"

မိုးချိုထအော်တော့ ကိုပိုင်က လက်ကုပ်၍ သတိပေးသည်။ အမေ ရှက်မှာစိုးလို့လေ။ ဒါပေမဲ့ မိုးချိုက ဂရုမစိုက်။

"စိတ်ချအမေ၊ အမေ့ကို အဖေကိုယ်တိုင် လာခေါ်စေရမယ် စိတ်ချ"

"ကြည့်စမ်း ဒီကောင်လေး"

"မှုမနေနဲ့အရီး။ ဟိုကောင်လာခေါ်ရင် နင်လိုက်သွား။ ဒါ ငါ့အမိန့်"





ဦးမောင်လွင် ညီမဖြစ်သူ ရှက်မနေရအောင် အမိန့်နဲ့ပဲ ဆရာကြီးလုပ်လိုက်ရ၏။ ဒါ သူတို့မိသားစုအတွက်ပဲလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဦးဇော်"

"ဟင်"

နီမာက နောက်ကိုပြန်ငဲ့ကြည့်ပြီးမှ ဦးဇော်ဦးထံသို့ လျှောက်လာသည်။ အနားကိုရောက်လာတော့ ဦးဇော်ဦး သတင်းစာကို စားပွဲပေါ်မှာ တင်လိုက်ကာ –

"ဘာလဲ နီမာ"

"နီမာ ပြောစရာရှိလို့ပါ။ ဦးဇော် နားထောင်ပေးနိုင်မလား ဟင်"

"ဘာလဲ ပြော"





ပြောဆိုတော့ နီမာ့ပုံစံက ငိုမဲ့မဲ့ဖြစ်သွားကာ –

"နီမာ အလုပ်ထွက်တော့မယ် ဦးဇော်"

"ဟင်"

"အခု အိမ်ပြန်ဖို့ လမ်းစရိတ်မရှိလို့ ဦးဇော် နည်းနည်းပါးပါး ပေးနိုင်မလားလို့ လာပြောပြတာပါ"

"ကျော်ဦးတို့က မပေးဘူးလား"

"မပေးဘူး ဦးဇော်။ ပိုက်ဆံပြတ်လို့ဆိုပြီး နီမာ့လစာကို ရှင်းမပေးတာ သုံးလရှိပါပြီ"

"ဘာ"

ဒီကောင်လင်မယား သူပေးတဲ့ပိုက်ဆံတွေကို ဘာတွေ လုပ်နေပါလိမ့်။ တစ်လတစ်လ လကုန်တာနဲ့ အလုပ်သမားခ အိမ်စရိတ် သူ အားလုံးရှင်းပေးနေတာပဲ မဟုတ်လား။

ဒါကို –

"ပြီးတော့လေ"

"ဆက်ပြော"

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဦးဇော်ရယ်။ ဦးကျော် ဦးကျော်လေ မှာတဝကိုဖျက်ဆီးဘယ်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အန်တီမုန်းမသိစေနဲ့တဲ့။ ပြောရင် နင့်ကိုသတ်ပစ်မယ်လို့ပြောတာ။ နီမာ ဒီအိမ်မှာ ဆက်နေလို့မဖြစ်တော့ဘူး ဦးဇော်။ ဒါကြောင့် ပြန်ဖို့ လစာထုတ်ပေးပါဆိုတော့ ပိုက်ဆံမရှိဘူးတဲ့"

"တောက် . . . တော်တော် လူမဆန်တဲ့ကောင်ပဲ။ ငါ့ညီလို့ ပြောရမှာတောင် ရှက်ဖို့ကောင်းလိုက်တာ"

သားသမီးချင်း ကိုယ်ချင်းမစာ ရက်စက်ယုတ်မာတဲ့ကောင်။ အေးလေ သူ့မှာ နှမတို့ သမီးတို့မှ မရှိတာ။ ရှိရင်လည်း ကိုယ်ချင်းစာတတ်ပုံမပေါ်။ ကိုယ့်ဖို့ပဲ ကိုယ်သိတဲ့နွားလိုကောင်။

သားသမီးမကောင်း မိဘခေါင်း။ ညီ မကောင်းတော့ အစ်ကို့ခေါင်းပဲပေါ့။ ဒီကိစ္စ အပြင်လူကိုသာ ပေါက်ကြားသွားရင် သူ့ဝါ ခွေးဖြစ်မှာ။

"နီမာက ဆင်းရဲလို့မှ ဒီအိမ်မှာ အိမ်ဖော်လာလုပ်နေရတာပါ ဦးဇော်ရယ်။ အခုတော့ . . . အဟင့် ဟင့်"

"ကဲ . . . နီမာ"

"အဟင့် ဟင့်"

"ငိုမနေနဲ့တော့၊ ညည်းအတွက် လစာရော နစ်နာကြေး အတွက်ပါ ငါပေးလိုက်မယ် ဟုတ်ပြီလား"

"ဟင်"





နီမာ မျက်ရည်တွေကျလာအောင် ဘယ်လိုညှစ်ထုတ်သလဲ တော့မသိ။

ပါးပြင်ပေါ်နှင့် မျက်ဝန်းအိမ်မှာ စို့ရွှဲနေသော မျက်ရည်တွေကို သုတ်လိုက်ပြီး –

"ဦးဇော် တကယ်ပြောတာလားဟင်"

"မင်း ဒီမှာ ခဏစောင့်"

ဦးဇော်ဦး ခါးကြားထဲမှ ပဆိုးနှင့်လိပ်ထည့်ထားသော သော့တွဲကိုယူပြီး ထရပ်လိုက်လေလျှင် –

"အား"

"ဟင်"

"အား"

"ဘာဖြစ်တာလဲ နီမာ"

"မူးတယ် . . . မူးတယ်"

"ဟာ . . . ဟေ့ နီမာ"

နီမာ လဲကျမလိုဖြစ်လေတော့ ဦးဇော်ဦးက လှမ်းထိန်းလိုက်စဉ် နီမာ့ကိုယ်က ဦးဇော်ဦးရင်ခွင်ထဲသို့ ပြိုကျကာ ခါးကို ကမန်းကတမ်း ဖက်လိုက်တာမျိုး။

"ဟေ့ နီမာ နီမာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . . ဒါက ဘယ်လိုဖြစ်နေကြတာလဲ။ လူမရှောင် သူမရှောင် ညည့်ခန်းထဲမှာ လူမြင်လို့မှမကောင်း။ ကိုကျော်ရေ . . ."

"ဟာ . . . ဟော မှန်းမာန်"

"ကိုကျော်ရေ . . . လာပါဦး"

ဒေါ်မှန်းမာန်၏အသံစူးစူးကြောင့် ဦးဇော်ဦး သူ့ရင်ခွင်ထဲက နီမာ့ကိုယ်ကို တွန်းထုတ်လိုက်သည်။

"နင်ထင်သလို မဟုတ်ဘူး မှန်းမာန်"

"ဘာမဟုတ်ရမှာလဲ။ ဆင်ကောင်ကြီးတွေ့နေရဲ့နဲ့ ခြေရာခံဖို့ လိုသေးလို့လား"

"ဘာဖြစ်နေကြတာလဲ"

ဦးကျော်ဦး ရောက်လာလေလျှင် –

"ဘာဖြစ်ရမှာလဲ။ ရှင်ပြောတော့ ရှင့်အစ်ကိုက လူရိုးပါဆို။ အခု မရိုးလို့ ခိုးစားဖို့ကြံစည်နေတာ။ နီမာ နီမာနဲ့ မပြောချင်တော့ပါဘူး။ သိပ်ရှက်ဖို့ကောင်းတာပဲ"

"မှန်းမာန် . . . နင်ထင်ရာတွေ စွတ်မပြောနဲ့"

"အစ်ကိုကြီး အစ်ကိုကြီးဗျာ"

"မဟုတ်ဘူး . . . မဟုတ်ဘူး ကျော်ဦး။ မင်း ငါ့ကို အဲဒီလို





မကြည့်နဲ့"

ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ကာ ဦးဇော်ဦး အသံရောလှုပါ တုန်နေ၏။ ခိုးထုပ်ပစ်ဖမ်းတယ်ဆိုတာ ဒါမျိုးလား။ သူ့သူသိက္ခာတွေ –

"ဟဲ့ . . . နီမာ"

"___"

"နင် ဘာလို့ ပါးစပ်ကြီးပိတ်နေတာလဲ။ မဟုတ်ဘူးဆိုတဲ့ အကြောင်း ရှင်းပြလေ"

"အဟွန်း"

"ဟင်"

ရယ်သံနှင့်အတူ နီမာက သော့တွဲကို ဆော့ကစားရင်း မထီတထီ ကန့်ကလန့် လုပ်ပြနေသည်။ သူ့လက်ထဲက သော့တွဲကို လွှတ်ကျတယ်ပဲ ထင်ထားခဲ့တာ။

ခုတော့ –

"ဦးဇော်က တော်တော်အတာပဲ။ ကျောကိုချတာတောင် ခါးပြမှန်းမသိသေးဘူး"

"ဟင် . . . မင်း မင်း"

လက်ညှိုးတထိုးထိုးနှင့် ဘာမှဆက်မပြောနိုင်။ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးရဲ့အရယ်မျက်နှာတွေက သူ့ကို လည်ပင်းညှစ်နေသလိုပါပဲ။ သူ နားလည်လိုက်ပါပြီ။

"လက်စသတ်တော့ . . . မင်းတို့က အကြံတူ ညာဏ်တူတွေ ကိုး"

"ဟုတ်တယ်၊ မင်း ဒီတစ်ခါတော့ ဘာတတ်နိုင်သေးလဲ ဇော်ဦး။ မင်းမသိလို့ပါ။ တို့က မင်းနဲ့စည်းစိမ်တွေကို လိုချင်လို့ သေသေချာချာ plan လုပ်ပြီး လုပ်ကြံတာတောင် မင်းက ကံကောင်း ပြီးမသေဘူး။ ဒုက္ခိတဖြစ်တာတောင် ကံက မင်းဘက်မှာ ရပ်တည်ပြီး ပြန်ကောင်းလာသေးတယ်"

"တောက် . . . မင်းတို့ကွာ။ တော်တော် အကြံပက်စက်ကြပါ လား"

"ဒီတစ်ခါတော့ ရှင့်ကို ကံကြမ္မာက ကယ်နိုင်မှာမဟုတ် တော့ဘူး ကိုဇော်ဦးရဲ့။ ရှင် မုန်းမာန်တို့လက်ထဲမှာ အသေဆိုးနဲ့"

"အဖေ အမေ"

"ဟင်"

အပြေးရောက်လာသူက ကျော်မိုးနိုင်။ ပုံစံက ရေးကြီး သုတ်ပျာနှင့်မို့ –

"ဘာဖြစ်လာတာလဲ"





"ဝင်းလတ်မသေဘူး အဖေ။ ဝိုင်လည်း ပါလာပြီး နောင် နောင်ဆိုတဲ့ကောင်ပါ။ နောက်ဖေးက ဟိုနေရာကို တူးနေကြတယ်"

"ဟင်"

"ဘာ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဝင်းလတ်နှင့် နောင်နောင်က ခွေးတွေ ခဏခဏ ယက်တတ်သောနေရာတွေကို ပေါက်တူးနှင့်ပေါက်၍ ဖော်နေကြသည်။ ဝိုင်ကဘေးမှ မတ်တတ်လေးရပ်လို့ပါပဲ။ အဆိပ်ခပ်မှုနဲ့ ပတ်သက်ပြီး ဝိုင် ဘာလို့ထောင်မကျသလဲဆိုရင် –

"ဟော"

"ဘာလဲ ကိုနောင်"

"ဒီမှာလာကြည့်"

"ဘာတွေ့လဲ"

ဝိုင်နှင့် ဝင်းလတ်၊ နောင်နောင် ပေါက်ထားတဲ့တွင်းထဲကို





ငုံ့ကြည့်လေလျှင် –

"ဟိုမှာ တွေ့လား၊ မုဆိုးစတွေ"

"ဟုတ်တယ်နော်"

"တို့ထင်တာ ကြိမ်းသေနေပြီလားမသိဘူး"

"မင်း အဲဒီမုဆိုးကွက်မျိုး မြင်ဖူးလား"

ဝင်းလက် တွေခနဲဖြစ်သွား၏။ ပြန်စဉ်းစားပြီး ဆက်စပ်ကြည့်ရမှာဆိုတော့ ကြာရင်ကြာလိမ့်မည်ဟု တွေးထားပေမယ့်–

"ကိုသာခင်"

"ဗျာ ဆရာ"

"ဝင်းလတ်ကိုပါခေါ်ခဲ့ ဒီခဏလာပါဦး"

"ဝင်းလတ်"

"ဗျာ"

"ဆရာ ခေါ်နေတယ်"

"ဟုတ်ကဲ့"

ဝင်းလက် မျက်စိထဲမှာ ထိုနေ့ကအဖြစ်အပျက်တွေက ဝိုးဝါးပေါ်လာ၏။ ဦးသာခင်နဲ့သူ ဆရာရှေ့ကိုရောက်တော့ –

"ဘာခိုင်းမလို့လဲ ဆရာ"

"မခိုင်းပါဘူး၊ ဒီမှာ ခင်ဗျားတို့နှစ်ယောက်အတွက် မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတယ်။ ရော့ . . . တစ်ယောက်တစ်ထည်ယူ။ ဝင်းလတ်က လူငယ်ဆိုတော့ သူကြိုက်တဲ့အဆင်ကို ယူပါစေ"

"ဝင်းလက်"

"ဗျာ"

"ရော့ . . . မင်းကြိုက်တာယူ"

"ဟာ . . . ဦးသာခင်ကြိုက်တာယူပါ"

"မင်းကငယ်တဲ့သူမို့ ဦးစားပေးတာကွ"

"ဘာဖြစ်ဖြစ်ဗျာ၊ အရှက်လုံရင် ပြီးတာပဲ"

ပြောရင်း ဝင်းလတ်က အပြာရောင်ကွက်စိပ်ကို ယူလိုက်တော့ ဦးသာခင့်လက်ထဲမှာ ကျန်ခဲ့တာက အနက်ခံပေါ်မှာ အစိမ်းနှင့် ကွက်ထားတဲ့ပုဆိုး အကွက်ခပ်ကျဲကျဲ။

"ငါ . . . ငါမှတ်မိပြီ"

"ဟင်"

"မှတ်မိရင်ပြောလေ"

"ဒါ ဒါ . . . ဦးသာခင်ရဲ့ပုဆိုးကွ"

"သေချာလား"

"ငါ ဒီပုဆိုးကို ကောင်းကောင်းမှတ်မိတယ်"

ဝင်းလတ်အသံက တုန်နေသည်။ သူများပြောတိုင်း ယုံပြီး





ဦးသာခင် တကယ်ပဲ သူ့ရွာကိုပြန်သွားတယ်လို့ ထင်ခဲ့တာ။ ခုတော့ အတူနေခဲ့ရတဲ့ သံယောဇဉ်တွေအတွက် ရင်ထဲမှာ ဆို့သွားရ၏။

"ဟိတ် . . . အဲဒါ ဘာလုပ်နေကြတာလဲ"

"ဟင်"

"လာကုန်ပြီ"

ဦးကျော်ဦး၏အသံကြီးနှင့်အတူ သူ့နောက်မှာပါလာကြတာ လူစုံတက်စုံပါလာ၏။ ဦးကျော်ဦး၊ ဒေါ်မုန်းမာန်၊ ကျော်မိုးနိုင်၊ ကိုညိုဝင်းနဲ့ နီနီမာ။

"ခုရပ်ကြစမ်း"

ဦးကျော်ဦးနှင့်ဒေါ်မုန်းမာန်က ဝင်းလတ်ကို စူးစူးဝါးဝါးကြည့်ကာ –

"မင်းက မသေဘဲကိုး"

"ကျွန်တော်က ကိုပိုင့်လိုပဲ အသက်ပြင်းတယ်ဗျ"

"ဝိုင် . . . မင်းကရော"

"အဓိကအဆိပ်ခပ်တဲ့တရားခံက ကျွန်မမှ မဟုတ်ဘဲ ဒေါ်မုန်းမာန်။ ဘယ်သူလဲဆိုတာကို နီမာ သိပါတယ်"

"ခင်ဗျားတို့ရဲ့ဗိုက်ကြီး အခု ထောင်ထဲရောက်နေပြီ။ ကိုသင်းမောင်ဆိုပြီး ကိုပိုင့်ကို လုပ်ကြံတာ။ အဲဒါတွေ သူက ဖော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီလေ''

''ဟင်''

''ဟာ''

''ခင်များတို့မျက်နှာဖုံးတွေကို ခွာချလိုက်ပါတော့ဗျာ''

ဦးကျော်ဦးတို့အဖွဲ့ မျက်စိမျက်နှာတွေ ပျက်သွားကြသည်။

''ညိုဝင်း မင်း တို့ကိုညာတယ်''

''ကျွန်တော်က ဘာညာလို့လဲ''

''မင်းပဲ ဝင်းလတ်ကို သတ်လိုက်ပြီဆို''

''သတ်တယ်လေ မသေတာ ဘာတတ်နိုင်မှာလဲ''

''မင်း မင်းကွာ တောက်''

''ကဲ ... အခု မသေတဲ့လူကို သေအောင်ရှင်းကြရအောင်''

ပြောပြောဆိုဆို ကျော်မိုးနိုင်က ဝင်းလတ်ဆီသို့ လှမ်းခုန်ဝင်လေသည်။ ဝင်းလတ်က ဘာပညာများတတ်လို့လဲ။ ဟိုဘက်ဒီဘက် လုံးထွေးနေကြစဉ် မိုးချိန်ကိုပိုင် ရောက်လာပြီး တိုက်ခိုက်သူဆွဲလွဲသူတို့နှင့် ရှုပ်ထွေးသွားတော့။

''ဟော့ကောင်တွေ ရပ်ကြစမ်း''

''ဟာ ရဲတွေ''

ဦးကျော်ဦးတို့ ရဲတွေကိုမြင်ပြီးပြေးပေမယ့် မလွတ်ပေ။





တစ်ယောက်ပြီးတစ်ယောက် လက်ထိပ်ခတ်ပြီးနောက် –

''ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူး။ ဥပဒေကို လက်တစ်လုံးခြား လုပ်လို့မရဘူးဆိုတာ သိပြီလား ဦးကျော်ဦး''

''ဟင် ... မင်း''

ညိုဝင်းကို အံ့ဩစွာနှင့် လက်ညှိုးထိုးရင်း –

''သူ့ကို ဘာလို့မဖမ်းကြတာလဲ''

''ဖမ်းလို့မရလို့ပေါ့ဗျာ''

''ဝင်းလတ်ကို ခင်များတို့က သတ်ခိုင်းပေမယ့် ကျွန်တော်က သတ်တယ်ဆိုပြီး လုံခြုံတဲ့နေရာကို ပို့ထားတာလေ။ ဝိုင်ကလည်း ကျွန်တော့်ညီမအရင်းခေါက်ခေါက်''

''ဟင်''

''ကိုကြီးကို ကူညီတဲ့အတွက် ညီမလေးကို ကျေးဇူးတင်ပါတယ်''

''ညီမလေးကိုယ်တိုင်က ဒါမျိုး စိတ်ဝင်စားတာကိုး ကိုကြီးရဲ့''

''ဒါဆို ညိုဝင်း မင်းက''

''ကျွန်တော်က ဒုရဲအုပ်ညိုဝင်းပါ။ ပိုင်လင်းဦးကို လုပ်ကြံမှုနဲ့ပတ်သက်ပြီး ကိုဗိုက်ကြီးက ဖြောင့်ချက်အကုန်ပေးပြီးပါပြီ။ ရှေ့ကလာ



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ ဦးသာခင်နဲ့ ထမင်းချက်ကောင်မလေး ပျောက်ဆုံးမှုက နေ မသင်္ကာစရာတွေရှိတဲ့အကြောင်း ဝင်းလတ်က သတင်းပေးလို့ ဒီအမှုကိုဖော်ဖို့အတွက် ကျွန်တော် ဒရိုင်ဘာဝင်လုပ်ခဲ့တာပါ''

ဥပဒေဘက်တော်သားတွေက ဒုစရိုက်သမားတွေထက် အမြဲ တမ်း ခြေတစ်လှမ်းပိုဦးတယ်ဆိုတာကို ဦးကျော်ဦးတို့ ယုံလိုက်ပါပြီ။ ကတုံးပေါ် ထိပ်ကွက်ခံရတယ်ဆိုတာ ဒါမျိုးပေါ့။ ခုတော့ တစ်နေ့ ရွှေဥတစ်လုံးဥပေးတာကို မရောင့်ရဲနိုင်လို့ ဘဲငန်းကို သတ်လိုက်တဲ့ လူရဲ့အဖြစ်လို။

ခုတော့ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို သူတို့ခံရ တော့မည်ပေါ့။ ရာဇဝတ်ဘေးဆိုတာ တကယ်ပြေးမလွတ်ပါလား။

''ကဲ . . . ရဲဘော်တို့ ဦးသာခင်နဲ့ ကောင်မလေးအလောင်းကို ဖော်လိုက်ကြပါကွာ''

ကိုပိုင်နဲ့မိုးချိုကတော့ အကြည့်ချင်းဆုံသွားကြသည်။ မိုးချို က မျက်နှာမကောင်းပေ။ ပိုင့်ကို သူတို့အထင်လွဲပြီး ပြောခဲ့ဆိုခဲ့ကြ တာ။ တကယ်တော့ ပိုင်က သူတို့ဘက်က ကူညီခဲ့သူ။

''ခင်ဗျားက ဦးသာခင်နဲ့ ထမင်းချက်မော်မော်ကို ဦးဇော်ဦး သေအောင်လုပ်ကြံပေးဖို့ စည်းရုံးတယ်။ ဦးသာခင်က သူ့ဆရာအပေါ် သစ္စာရှိတဲ့သူဆိုတော့ ငြင်းတယ်။ မော်မော်လည်း ဒီအတိုင်းပဲ





သူတို့နှစ်ယောက်က ခင်ဗျားတို့အကြံအစည်တွေ သူတို့ဆရာသိအောင် ကိုင်ပြောမယ်ဆိုတော့ ခင်ဗျား ခြောက်ခြားပြီး ဦးသာခင်ကို သတ်ပစ် လိုက်တယ်။ ဟုတ်တယ်မို့လား''

''ဟုတ်ပါတယ်''

ဦးကျော်ဦး၏အဖြေကြောင့် လက်သီးဆုပ်ကာ အံကြိတ်လိုက် ခဲ့သူက ပိုင်လင်းဦးပါ။ ဦးသာခင်က ဖေဖေ့အပေါ် သစ္စာရှိတဲ့အပြင် ကိုယ့်ကို ချစ်သည်လေ။ ဦးကျော်တို့လင်မယားရဲ့ ချုပ်ကိုင်မှုကို ခံနေရလို့ စိတ်တွေမွှမ်းကျပ်နေရတဲ့သူ့ကို အားပေးခဲ့တာက ဦးသာခင်။

ဖေဖေ့ကို ပြန်ပြောဖို့ကျတော့ သူလည်း ဦးကျော်တို့ လင် ယောကျ်ားကို ကြောက်ရသည်ပဲလေ။

''ဒါကို မော်မော်က ကြောက်ပြီး အိမ်ပြန်မယ်လုပ်တော့ ဒေါ်မှန်းမာန်က အပြင်ကိုပေါက်ကြားသွားမှာစိုးပြီး တားတယ်။ နောက် အဆိပ်ခတ်ပြီး သတ်လိုက်တယ်''

သိလှချေလားဆိုတဲ့ ဒေါ်မှန်းမာန်၏အကြည့်က ညှိုဝင်းဆီသို့ ရောက်လာသည်။

''သိလှချေလားလို့ အံ့သြနေကြတာလား။ ခင်ဗျားတို့ ကိုယ် တိုင် ကျွန်တော့်ကိုပဲ့လို့ ပြောပြတာတွေ ဒီအသံဖမ်းစက်ထဲမှာ ရှိ တယ်။ ကဲ . . . အဲဒီတော့''



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်ညို့ဝင်းက သူ့တပည့်တွေကို လှည့်ကြည့်ပြီး –

"သူတို့ကိုခေါ်ခဲ့"

ဦးကျော်ဦးနှင့် ဒေါ်မှန်းမာန်၊ ကျော်မိုးနိုင်၊ နီနီမာတို့အားလုံးကို ဖမ်းသွားကြပြီး ကျန်တဲ့သူတွေလည်း အသီးသီး လိုက်ပါသွားကြလေလျှင် –

"ဝိုင်"

"ဟင်"

ဝိုင် ခြေလှမ်းတွေ ရပ်တန့်သွား၏။

"ကိုယ် ဝိုင့်ကိုတောင်းပန်ပါတယ်နော်"

"ဘာအတွက်လဲ"

'ဝိုင့်ကို အထင်လွဲမိတဲ့အတွက်ပါ"

"ရပါတယ်"

ဆတ်ခနဲ မျက်နှာပြန်လွှဲပြီး ထွက်သွားတဲ့ ဝိုင့်ကျောပြင်ကို ကြည့်ရင်း မိုးချိုရင်ထဲမှာ စူးနစ်စွာ ခံစားရခြင်းသည် စိတ်မကောင်းခြင်းသက်သက်မှ ဟုတ်ရဲ့လား။

"သားကြီး"

"ဖေဖေ"

"ကံကောင်းလို့ တို့သားအဖတွေ မသေခဲ့ကြတာနော်"





"များသောအစဉ်ချိုတာ လူက အစဉ်မချိုဘူးဆိုတဲ့စကား ရှိနေတာပဲ ဖေဖေရာ"

ဦးဇော်ဦး သက်ပြင်းချကာ ခေါင်းညိတ်လိုက်မိ၏။ ကိုယ်က ကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးဆိုတဲ့စကားက သိပ်မှန်ပါလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အမေ အမေ့"

"ဟင် ... သား"

မိုးချုပ် အမေ့ပခုံးကိုဖက်ရင်း ပြုံးစိစိ။ ဒေါ်ရီရီက မှန်လာဥ လှီးနေတဲ့ဓားကို ချထားလိုက်ကာ -

"သားကြီးလား၊ သားငယ်လား"

"သားငယ်လေ၊ ကိုပိုင်က ဧည့်သည်ပါလာလို့ ဧည့်ခန်းထဲမှာ စကားပြောရင်း ထိုင်စောင့်နေတယ်"

"ဟုတ်လား"

"ဒါတွေ ထားခဲ့ပြီး ထွက်တွေ့လိုက်ပါဦး"





"အေး အေး"

ပါလာတဲ့ဧည့်သည်က ဖေဖေဆိုတာသိရင် အမေ ဘယ်လို ဖြစ်သွားမလဲ။ ဖေဖေကတော့ အမေ့ကို ကျူနပ်တဲ့အထိ တောင်းပန် ပြီး ပြန်ခေါ်ဖို့ အင်အားတွေအပြည့်နှင့် လာခဲ့တာပါ။ အန္တရာယ်တွေ လည်း ရှင်းသွားပြီဆိုတော့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နေကြဖို့။

သူတို့ညီအစ်ကို မျှော်လင့်ရင်းစိတ်ကူးနဲ့ ရူးနေခဲ့တာ။ အခု ဒီဘဝလေးကို ပိုင်ဆိုင်ခွင့်ရတော့မှာပါလေ။

"ဟင်"

"ရီရီ"

"ရှင် ရှင်"

ဖေဖေ့ကိုမြင်တာနှင့် အမေက နောက်ပြန်လှည့်လေလျှင်–

"ဟဲ့ အရီ"

"အရီ"

ဦးမောင်လွင်တို့လင်မယားရဲ့ခေါ်သံကြောင့် ဒေါ်ရီရီခင် ခြေလှမ်းတွေရပ်တန့်သွား၏။

"ဒီမှာလာထိုင်စမ်း"

"အစ်ကိုကြီး"

"လျှာမရှည်နဲ့ လာဆိုရင်လာ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူကိုတော့ မလွှန်ဆန်ရဲသူမို့ ဒေါ်ရီရီ လှမ်းလာခဲ့လေလျှင် မိုးချိုက အမေ့လက်ကိုဆွဲပြီး ဖခင်၏ဘေးမှာထိုင်စေ၏။

“တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ကြီးမားတဲ့ပြဿနာရှိတာမဟုတ်ဘဲနဲ့ ရီရီရယ်။ ကိုယ်တောင်းပန်ပါတယ်။ အိမ်ကိုပြန်လိုက်ခဲ့ပါနော်”

“အို ... ဘာလို့လိုက်ရမှာလဲ။ မလိုက်ဘူး”

“အရီ”

“___”

“နင့်ကိုငါ ဘာပြောထားလဲ။ တလွဲဆံပင်ကောင်းတဲ့မာနတွေထားမနေနဲ့။ ကလေးတွေမျက်နှာကို နင်ငဲ့ရမယ်လေ။ အခု ကိုပိုင်က ငါပေးစားတဲ့မိန်းမကို ယူမယ်လို့ ခေါင်းညိတ်ပြီးပြီ။ မင်္ဂလာကိစ္စစီစဉ်ရင် မိစုံဖစုံရှိရဲ့နဲ့ မျက်နှာငယ်ရမှာကို နင်မြင်ချင်သလား”

“ဟုတ်သားပဲ အရီရယ်၊ ကလေးတွေလည်း မဟုတ်ဘဲနဲ့ ဒီလောက်ပြောနေရတာ မကောင်းပါဘူး။ ပြန်လိုက်သွားလိုက်ပါနော်”

ဒေါ်ရီရီ ခေါင်းကိုသာငုံ့ထားသည့်အချိန်မှာ နောက်မှာရပ်နေတဲ့ ကိုပိုင်က မိုးချိုကို လက်ကုတ်လိုက်၏။ ပြီး မျက်စပစ်ပြလေလျှင် မိုးချို သဘောပေါက်ကာ အမေ့လက်ကို အသာလေးဆွဲယူလိုက်သည်။ ကိုပိုင်က အဖေ့လက်ကိုဆွဲကာ ညီအစ်ကိုနှစ်ယောက် မိဘနှစ်ပါးကို





လက်ဆက်ပေးပြီး ဖိဆုပ်ထားခြင်းဖြင့် –

“ဖေဖေ လွှတ်မပေးနဲ့နော်”

“မလိုက်ဘူးပြောရင် လွှတ်မပေးနဲ့”

“ကြည့်စမ်း ... ဒီကလေးတွေ”

“ပေး”

“ဖြောင်း ဖြောင်း”

ညီအစ်ကိုနှစ်ယောက် လက်ခုပ်တီးကာရယ်တော့ ဦးမောင်လွင် လင်မယားမှာ ပြုံးစိစိ။ ဒေါ်ရီရီက လက်ကိုရုန်းရင်း –

“ဘယ်လိုဖြစ်နေတာလဲ”

“ပြန်လိုက်မယ်မို့လား”

အလိုက်သင့်ထသွားတဲ့သူကသွားပြီး မိုးချိုက အစ်ကိုဖြစ်သူကို ပခုံးချင်းတိုက်ကာ –

“ကိုပိုင် ဗိုက်ဆာလို့ဆို”

“အေး”

“တစ်ခုခုသွားစားရအောင်”

“အေး”

“ဒီလောက်အေးနေတာ ပူသွားအောင် ကော်ဖီဖျော်တိုက်မယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်နဲ့မိုးချိုလည်း ထွက်သွားတော့ ကျန်ခဲ့တာ ဦးဇော်ဦးနဲ့ ဒေါ်ရီရီခင် နှစ်ယောက်တည်း။

"ရီရီ"

"ဘာလဲ"

"ကိုယ့်ကို တကယ်မချစ်တော့ဘူးလားဟင်"

"ကလေးကလားနဲ့ ဘာတွေလာမေးနေတာလဲ"

"ပြန်လိုက်ခဲ့ပါ ရီရီရယ် . . . နော်"

ဒေါ်ရီရီ နှုတ်ဆိတ်သွားတော့ ဦးဇော်ဦးက ပခုံးလေးကိုဖက် ကာ –

"မုန်းတာလည်း မဟုတ်ဘဲနဲ့ တော်တော်ဆိုးတဲ့မိန်းမ"

"ရှင်နော်"

❋ ❋ ❋



# အခန်း (၂၉)

"တီး တောင် တီး တောင်"

ညိုဝင်း လူခေါ်ခေါင်းလောင်းသံကြောင့် ထလာပြီး တံခါးဖွင့် ပေးလိုက်သည်။

"ချစ်"

"ဟင်"

"ကိုညိုဝင်း"

"မင်း . . . မင်းက ဘယ်သူလဲ"

"မိုးချိုဦးပါ"

ညိုဝင်းမေးလိုက်တာ လုံးဝမသိလို့မဟုတ်။ ကိုပိုင်လား



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုလားလို့ မေးလိုက်ခြင်းပါ။

"ဝင်လေ"

"ဟုတ်ကဲ့"

"လာ ထိုင်ကွာ"

မိုးချို ထိုင်လိုက်ပြီး မျက်လုံးကအငြိမ်မနေ။ ပိုင့်ကိုရှာနေတာလေ။ သူ ပိုင်နဲ့တွေ့ပြီး တောင်းပန်ဖို့လာခဲ့တာပါ။ စေတနာကိုစော်ကားပြီး အထင်မှားမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်။

ပြီးတော့ ပိုင်မရှိမှ ပိုင့်ကို သူသတိရနေမိသည်။ တမ်းတနေမိသည်။ ဒါ အချစ်လို့ခေါ်သလား။ အချစ်သည် တိုးတိုးတိတ်တိတ်ဝင်ရောက်လာတာ ကိုယ်တိုင်ပင် မသိအောင်ပါပဲ။ ပိုင်ကရော ဘယ်လိုရှိနေမလဲ။

"ကိစ္စရှိလို့လား မိုးချို"

"ကျွန်တော် ပိုင့်ကို တောင်းပန်ချင်လို့လာခဲ့တာပါ"

"ဪ"

"ကျွန်တော် ပိုင်နဲ့တွေ့ပါရစေနော်"

"မေမေနဲ့ ပိုင်က ဈေးသွားတယ်ကွ။ မင်းစောင့်နေလိုက်လေ"

"ဟုတ်ကဲ့ . . . ကျွန်တော် စောင့်ပါ့မယ်"





ကိုညိုဝင်းက ရဲဝတ်စုံနှင့်တော့ တည်ကြည်ခန့်ညားနေသည်။ လူကြမ်းကြီးလို့ထင်တုန်းက မျက်နှာမှန်ကုပ်ကုပ်နဲ့ပေမယ့် အခုကျတော့ ပြုံးချိုနေ၏။ ယူနီဖောင်းအပြည့်နှင့်ဆိုတော့ အလုပ်သွားတော့မယ် ထင်ပါ့။

"ကိုကြီး"

"ဟော"

"ပိုင်"

"ဟင် . . . ရှင်"

ပိုင် သူ့ကိုမြင်တော့ အံ့ဩဟန်ရှိကာ မျက်လုံးလေးဝိုင်းသွား၏။

"ကဲ . . . မိုးချို"

"ဗျာ"

"ငါက သွားရဦးမယ်။ ကျန်ခဲ့တော့ကွာ။ ညီမလေး မိုးချိုက ညီမလေးကိုတောင်းပန်ချင်လို့တဲ့။ ညှော်ခံလိုက်ဦး။ ကိုကြီးသွားတော့မယ်"

"ဟုတ်ကဲ့ ကိုကြီး"

ကိုညိုဝင်းထွက်သွားတော့မှ ပိုင်က သူ့မအေမော်သို့ လှည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဘာလဲ သမီး"

"သူက သမီးတို့ပြောပြောနေတဲ့ မိုးချိုဦးဆိုတာလေ"

"ကြော် ... တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဝမ်းသာပါတယ်အန်တီ"

"ဒါ ဝိုင့်မေမေဆိုတာ မိတ်ဆက်မပေးတော့ဘူးနော်"

မိတ်ဆက်မပေးဘူးဆိုပြီး ပြောတဲ့စကားထဲမှာကိုက မိတ်ဆက်ပေးပြီးသားဖြစ်နေပြီ။

"ဝိုင့်ကို အထင်လွဲမိတဲ့အတွက် ကိုယ်တောင်းပန်ပါတယ်"

"အဲဒီကိစ္စက တောင်းပန်စရာမှမလိုဘဲ ကိုမိုးချို။ ဝိုင်က နှိမ့်ယူလာတဲ့ကော်ဖီတွေကို လမ်းကဖြတ်ပြီးယူလာမိတာကို။ ပြီးတော့ ကိုကြီးရဲ့တာဝန်ထဲမှာ ဝိုင်က တာဝန်သိသိနဲ့ ဝင်ကူညီခဲ့တာပါ"

"ဝိုင့်ကို ကိုယ် တကယ်ကျေးဇူးတင်ပါတယ်"

"ကဲ ... သမီး"

"ရှင် မေမေ"

"မေမေ ချက်စရာရှိတာ သွားချက်လိုက်ဦးမယ်။ သမီးတို့ အေးအေးဆေးဆေး စကားပြောကြဦးနော်"

"ဟုတ်ကဲ့"





ဝိုင့်မေမေ ထွက်သွားတာနှင့် မိုးချို ဝိုင့်အနားသို့ ပြောင်းထိုင်လိုက်သည်။ အခွင့်အရေးဆိုတာ နှစ်ခါမရတတ်ဘူးလေ။ ရတုန်းမှာ ရင်ထဲကစကားတွေ ဖွင့်ချလိုက်တော့မည်။ မဟုတ်ရင် နောက်တစ်ခါက ကြိမ်းသေတာမှမဟုတ်တာ။

"ဝိုင်"

"ဟင်"

"ဝိုင့်ကို ကိုယ်ပြောစရာရှိတယ်"

"ခုလည်း ပြောနေတာပဲလေ"

"အခုပြောတဲ့စကားတွေနဲ့ မတူဘူး ဝိုင်ရဲ့"

"ဒါဆို ဘာစကားလဲ"

"ချစ်စကား"

"ရှင်"

"ဟုတ်တယ်၊ ကိုယ် ဝိုင့်ကိုချစ်တယ်"

ဝိုင်မျက်နှာလွှဲလိုက်တော့ သူက လိုက်ငုံ့ကြည့်ကာ မျက်နှာပိုင်ရှင်က ထိလုမတတ်။

"ဘယ်လိုဖြစ်နေတာလဲ"

"အဖြေပေးလေ"

"အဖြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ရှင် ကျွန်မကို မေးခွန်းထုတ်တာမှမဟုတ်တာ"

"ဝိုင်ကကွာ ငေ့နေပြန်ပြီ။ ကဲ . . . အခု မေးခွန်းထုတ်မယ်၊ ကိုယ့်ကို ဝိုင်ချစ်လား မချစ်ဘူးလား"

"ရှင် နောက်ကျသွားပြီ"

"ဟင်"

မိုးချို ကွက်ခနဲ မျက်နှာပျက်ပြီး နောက်ဆုတ်သွား၏။ သူ နောက်ကျသွားပြီဆိုတော့ ရင်ထဲမှာ ဟာသွားသည်။ စစချင်းပဲ တုတ်ဝေတဲ့အလှည့်မှာ တန်းစီမိသလိုပါလား။ ကိုပိုင်ပြောတော့ ဝိုင်က သူ့ကိုချစ်နေသည်တဲ့။

ခုကျတော့ ကိုယ်က နောက်ကျနေသူ။ သူ ဘာဆက်လုပ်ရမလဲ။ ဒီအတိုင်းပဲ လှည့်ပြန်သွားရမလား။ ဒါမှမဟုတ် အချစ်ကို မပိုင်ထားလို့မရဘူးဆိုပြီး အကြမ်းဖက်အနုကြမ်းစီးရမလား။ ဘာလုပ်ရမှန်းမသိ စဉ်းစားမရ။

"ဝိုင့်မှာ ချစ်သူရှိနေပြီပေါ့"

"အင်း"

"ကျွတ်"

ဝိုင်က ပြုံးနေပေမယ့် သူက ပြုံးနိုင်မတဲ့လား။





"ကိုယ်ပြန်တော့မယ်"

"ကိုမိုးချို"

"ဟင်"

"ရှင် ဝိုင့်ကို တကယ်ချစ်တာလား"

"ဝိုင်ယုံအောင် ကိုယ် ဘယ်လိုသက်သေပြပေးရမလဲ"

"သက်သေပြစရာမလိုပါဘူး။ တကယ်ချစ်တယ်ဆိုရင် ပြီးတာပဲဟာ"

"ဟင် . . . ဒါဆို ဝိုင်က"

"ရှင်နောက်ကျတယ်ဆိုတာ ချစ်တယ်လို့ပြောတာ နောက်ကျတာလေ"

"ဟာ . . . ဝိုင်"

မိုးချိုမျက်နှာ ဝင်းထိန်သွားလေတော့ ဝိုင်က ရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားကာ –

"ဒီကဖြင့် သူ့ကိုချစ်နေတာ ကြာလှပြီကို"

"တကယ်"

"အင်း"

"ဝမ်းသာလိုက်တာ ဝိုင်ရယ်"

ဝိုင့်ကို မိုးချို ဝမ်းသာအားရ ဖက်လိုက်လေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး . . . ဆရာ"

"ဘာလဲ"

"မေမေ ထွက်လာတာနဲ့ တိုးနေဦးမယ်"

"အဲဒီတော့ နားဖောက်ပြီးသား ဖြစ်တာပေါ့ အချစ်ရယ်"

❋ ❋ ❋



## အခန်း (၃၀)

ဝိုင် မေမေ့ခေါ်သံကြောင့် ထွက်လာခဲ့တော့ ညှော်ခန်းထဲမှာ မေမေနဲ့ကိုကြီးက ထိုင်စောင့်နေသည်။

"မေမေ"

"လာ ထိုင်သမီး"

"သမီးကို ပြောစရာရှိလို့ဆို"

"ဟုတ်တယ် သမီး"

"ဘာပြောမှာလဲ ပြောလေ"

ဒေါ်ကလျာ သမီးဖြစ်သူ၏လက်ကို ဆုပ်ကိုင်လိုက်၏။ သူမ ပြောမယ့်ကိစ္စကို လောလောဆယ် ကြားလိုက်ရရင် ဝိုင် အံ့သြပြီး



www.burmeseclassic.com

www.burmeseclassic.com



ငြင်းချင်ငြင်းမှာပေမယ့် ကိုယ့်သမီးအကြောင်း ကိုယ်သိသည်လေ။ အခုထိ ရည်းစားမထားဖူးသေးတာတော့ မဟုတ်။

ဒုတိယနှစ်တက်တုန်းက ရည်းစားတစ်ယောက်ထားပြီး မိခင်သိတော့ ဖြတ်ပစ်ဆိုတာနှင့် ဖြတ်ပစ်ခဲ့သည့်သမီး။ ဒါကြောင့် မိဘစကားကို နားထောင်တယ်ဆိုသော ယုံကြည်ချက်များနှင့်။

"သမီးကို မေမေ ဝေ့ဝိုက်ပြောမနေချင်ဘူး သမီး။ သမီးက မိဘစကား နားထောင်တဲ့သမီးဆိုတာ မေမေသိပြီးသားပါ။ ခုလည်း မေမေ့စကားကို နားထောင်လိမ့်မယ်လို့ မေမေထင်တယ်"

"ဟုတ်ကဲ့ပြောပါ မေမေ"

"သမီးကညာ အခါမလင့်စေနဲ့ဆိုတာမျိုး သမီးကို မေမေ အိမ်ထောင်ချပေးတော့မယ်"

"ရှင်"

"ကောင်လေးက ရှိုးသားတယ်။ ပြီးတော့ ဥစ္စာပေါ ရုပ်ချော လေး"

"မေမေ"

ဝိုင်ခေါ်လိုက်တော့ ဒေါ်ကလျာ ပြောလက်စ စကားကိုရပ်ယ် လိုက်၏။

ဒီလို ဒီအကြောင်းဆိုတာ သိလိုက်ရတော့ ဝိုင့်မျက်ဝန်းမှာ





ချက်ချင်း မျက်ရည်ဝေ့တက်လာသည်။ ဇာတ်လမ်းစစချင်း သေရတယ်ဆိုသလို မိုးချိုနဲ့ချစ်သူဖြစ်ကြတာမှ ရက်ပိုင်းပဲရှိသေးသည်လေ။ ဝိုင်ကိုက အချစ်ရေးမှာ ကံမကောင်းတာလား။

ခုပဲ မေမေက ဝိုင်နဲ့သဘောတူထားတဲ့သူရှိကြောင်း ပြောနေပြီ။ ပြောပုံက လိမ္မာတယ်ဆိုတဲ့စကားကို အရင်ပစ်ပြီး ချုပ်ပြီးတုပ်ပြီးပါပဲ။ ဝိုင်ဘာပြောရမလဲ။ သမီးမှာ ချစ်သူရှိပါတယ်လို့ ပြောပြီး မေမေ့ကို အတိုက်အခံလုပ်ရမလား။ အဲဒီလောက်အထိ ဝိုင် သတ္တိရှိလို့ လား။

ဒါမှမဟုတ် မေမေ့စကားကိုပဲ ဖွတ်မှိတ်ခေါင်းညိတ်လိုက်ရမလား။

ဟင့်အင်း ... ဝိုင် သူ့ကိုချစ်တယ်။ ဘယ်လိုလုပ်ရမလဲ။ ဝိုင် ဘာလုပ်ရမလဲ ကိုမိုးချို။

"သမီး"

"ရှင်"

"ဘာဖြစ်လို့လဲ"

"သမီးကို စဉ်းစားခွင့်တော့ပေးပါ မေမေ"

"စဉ်းစားခွင့်ဆိုတာ ခေါင်းညိတ် ခေါင်းခါ နှစ်ခုထဲက တစ်ခုရွေးခွင့်ရှိတာ။ သမီးက ခေါင်းခါခွင့်မရှိဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကိုယ်တိုင်က သမီးကိုယုံကြည်လို့ လက်ခံလိုက်တာ"

"မေမေ"

အကူအညီတောင်းရမလားလို့ ကိုကြီးကိုလှမ်းကြည့်တော့ ထိုင်နေတာ ကျောက်ရုပ်ကြီးအတိုင်းပါပဲ။ ပြီးတော့ ကိုကြီးက အိမ်က လူတွေကိစ္စဆို သိပ်စိတ်ဝင်စားတာမဟုတ်။ သူ့ခေါင်းက အမြဲတမ်း ပြည်သူတွေအတွက်နဲ့ ပြည့်နေတာလေ။

"ဘာလဲ ... သမီးက ငြင်းချင်လို့လား"

"မေမေက ငြင်းခွင့်ပေးမှာမို့လို့လား"

"ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ ငြင်းပေါ့"

"တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူးကြဘဲနဲ့ မေမေရယ်။ သူကရော လက်ခံမှာတဲ့လား"

"လက်ခံလို့ လူကြီးတွေက ဒီတစ်ပတ်အတွင်း လာတောင်းမယ်လို့ပြောတာပေါ့"

ဒါဆိုရင် အဲဒီလူ တော်တော်အဖြစ်မှာ သေချာတယ်။ မိန်းကလေး တစ်ယောက်ကို သိလည်းမသိ၊ မြင်လည်းမမြင်ဖူးပဲနဲ့ လက်ထပ်ဖို့ ရမ်းခေါင်းညိတ်တာက ငပေါပဲ ဖြစ်မှာပေါ့။ ကိုယ့်အိမ်ထောင်ရေးကို ချဉ်ချဉ်တူးတူး မှုပြီးရောပုံစံမျိုးနဲ့ တည်ဆောက်တော့မှာလားမသိ။

"ယောကျာ်းလေးဘက်ကတောင် လူကြီးတွေစကားကို





နားထောင်ပြီး လက်ခံတာ။ မိန်းကလေးဖြစ်တဲ့ သမီးက ပိုပြီး လက်ခံရမယ်"

"အဲဒီလူက ငပေါလားမှမသိတာ"

"ဘာ"

"ညီမလေးရာ ... ညည်းမှာ ချစ်သူရည်းစားရှိတာလည်း မဟုတ်ဘဲနဲ့။ မေမေ့စကားကို နားထောင်လိုက်စမ်းပါ။ မိဘစကားကို နားထောင်ကြားက သံပြားကျောက်ဆောင် ကျိုးသော်ပြောင်းဓါတဲ့"

"အဲဒါဆို ကိုကြီးယူပါလား"

"ဟေ"

"မေမေက ဒါဆိုဒါပဲနော် ဝိုင်။ ကလန်ကဆန်လုပ်ရင် ညည်းနဲ့ငါ အတွေ့ပဲ"

"အဟင့်"

ငိုချင်လာတာနှင့် ဝိုင် ထရပ်လိုက်စဉ် –

"ဟဲ့ ... ဒါက ဘယ်လဲ။ ငါ့စကား မဆုံးသေးဘူး"

"မေမေကြိုက်သလိုသာ စီစဉ်တော့"

ဝိုင် ခြေဆောင့်၍ ပြေးထွက်လာခဲ့တော့၏။ အခန်းထဲကို ရောက်တော့ အခန်းတံခါးကိုပိတ်ကာ အိပ်ရာပေါ်မှာ ဝမ်းလျားမှောက် ပြီး အားရပါးရ ငိုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ကိုမိုးချို တကယ်ပဲ ဝေးရတော့မှာလား။

သူမ မေမေ့ကိုလည်း မလွန်ဆန်နိုင်။ ဘယ်လိုလုပ်ရမလဲ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ ပေါင်းချင်ကြတာ ဓမ္မတာပဲလေ။ ဒီတော့ ကိုမိုးချိုကို ဖွင့်ပြောပြီးတိုင်ပင်ရမလား။ တကယ်လို့ သူက ဝိုင်ကိုခိုးပြေးမယ်ဆိုရင် ဝိုင် ဘယ်လိုလုပ်ရမလဲ။ သူ့နောက်ကို လိုက်ရဲတဲ့သတ္တိ ရှိပါ့မလား။

ဘာပဲဖြစ်ဖြစ် တိုင်ပင်ကြည့်သင့်သည်လို့တော့ ဝိုင်ထင်သည်။ ဘာကြောင့်လဲဆို ဝိုင်အပြစ်မကင်းဖြစ်မှာစိုးလို့ပါ။

ဝိုင် မျက်ရည်တွေကို သုတ်ပြီး ဖုန်းကိုလှမ်းယူလိုက်သည်။ ဖုန်းနံပါတ်ကို နှိပ်တဲ့လက်ညှိုးလေးက တုန်ယင်နေ၏။ ဖုန်းက ခေါ်ခေါ် ချင်း တူခနဲ ဝင်သွားပြီး –

"ဟယ်လို"

"ကိုမိုးချို ဝိုင်ပါ"

"ဝိုင်"

"ကိုမိုးကို ဝိုင် ပြောစရာရှိလို့ဆက်တာပါ။ ဝိုင်ပြောတာ သေသေချာချာနားထောင်နော်"

"နေဦး ... ဝိုင် နေဦး"

"ဟင် ... ဘာလဲ"





"ကိုယ်က မိုးချိုမဟုတ်ဘူး ပိုင်လင်းဦးပါ"

"ဟယ်"

ကံကောင်းလို့ပါလား။ ရှေ့ဆက်ရမယ့်စကားတွေအတွက် ရှိန်းခနဲပင် ဖြစ်သွား၏။

"မိုးချိုက ရေအိမ်ဝင်နေတယ် ခဏစောင့်နော်"

"ရပါတယ်၊ သူပြန်လာရင် ဒီဖုန်းကို ပြန်ဆက်ပါလို့"

"အိုကေ ... ပြောလိုက်ပါ့မယ်"

ကိုပိုင်က ဖုန်းချပြီး ကိုမိုးပြန်ခေါ်မည့်အထိ ဝိုင် စိတ်မရှည်စွာ နှင့်ပဲ စောင့်နေရသည်။ ရေအိမ်ဝင်ရင်း အီးပင်ပဲပေါက်နေပြီလားမသိ။

"ခစ် ခစ် ... ဟား ဟား ဟား ဟား"

"ဟင်"

"ခစ် ခစ် ... ဟား ဟား ဟား ဟား"

ဖုန်းထဲက ကလေးရယ်သံကြောင့် ခလုတ်ကလေးတစ်ခုကို နှိပ်ပြီး နားမှာကပ်လိုက်စဉ် –

"ဝိုင် ကိုယ်ပါ"

"ကိုမိုးချို"

"ဝိုင် ... ကိုယ့်ကိုပြောစရာရှိလို့ဆို"

"ဟုတ်တယ် ကိုမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"ဝိုင်ပြောတာကို ကိုမိုး သေသေချာချာ နားထောင်နေ၇်"

"အင်း . . . ပြောမှာသာပြောစမ်းပါ ဝိုင်ရယ်"

"ဒီလို ကိုမိုးရဲ့"

ဒီလိုကနေ အစချီပြီး ဝိုင်က မိခင်ပြောသမျှကို ပြောပြလိုက်လေလျှင် –

"ဘယ်လို . . . ဘယ်လို"

ဝိုင့်စကားကို ကြားလိုက်ရတာ ရင်ထဲမှာ လျှပ်တွေလက်မိုးကြိုးတွေပစ်ကုန်ပြီထင်ပါရဲ့။ သူနဲ့ဝိုင် ချစ်သူတွေဖြစ်ကြတာမှ မကြာသေးဘူး ချစ်ရတစ်ရက် လွမ်းရက်တစ်ရာဖြစ်တော့မှာလား။

"ဝိုင့်ကို ဝိုင့်အိမ်က အိမ်ထောင်ချပေးတော့မယ် . . . ဟုတ်လား"

"ဟုတ်တယ် ကိုမိုး။ ဝိုင်တို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဟာကွာ . . . ကျွတ်"

မိုးချိုဘက်မှ အသံတိတ်သွားလေလျှင် –

"ကိုမိုး"

"ဟင်"

"ဝိုင် ဘာလုပ်ရမလဲဟင်"





"ဝိုင် ကိုယ့်ကိုတကယ်ချစ်လား"

"ချစ်တာပေါ့ ကိုမိုးရဲ့"

"ဒါဆို ဝိုင် သတ္တိရှိဖို့ပဲလိုတာ"

ဝိုင် တွေခနဲဖြစ်သွား၏။ ကိုမိုးက အားကိုးထိုက်သည့်ယောကျ်ားကောင်းတစ်ယောက်ပဲလေ။ သူကလိုက်ခဲ့ဆိုရင် –

"ဝိုင်"

"ရှင်"

"ဝိုင် သတ္တိရှိရဲ့လား"

"သတ္တိ"

"ဟုတ်တယ်"

"ဘာအတွက်လဲ"

"ကိုယ်တို့ နှီးပြေးကြရုံအပြင် ရွေးစရာလမ်းမရှိတော့ဘူးလေ"

"ဒါဆို"

"မီးစင်ကြည့်ကကြတာပေါ့ ဝိုင်ရယ်"

ချစ်မိပြီဆိုမှတော့ အရာရာတိုင်းအတွက် အဆင်သင့်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟာ ... ဘကြီးဟာက ဆိုင်းမဆင့် ဗုံမဆင့်ပါလား"

"ဆိုင်းတွေ ဗုံတွေဆင့်နေရအောင် ဒါ ... နတ်ပွဲမှမဟုတ်ဘဲ ကွ"

"နတ်ပွဲကမှ ဗေထိသံပေးလို့ သိရဦးမယ်"

ကိုပိုင်က စိတ်ပျက်စွာပြောလေ၏။ ဘကြီးက ပုစွန်ကြီးလို နှစ်ခါလျှောက်တယ်ပဲပြောရမလား။ ဘာတစ်ခုမှ ကြိုတင်အကြောင်း မကြားဘဲ လာခဲ့ဦးလို့ ဖုန်းဆက်ခေါ်လို့ လာခဲ့တာ။ ဒီရောက်တော့ မနက်ဖြန် မိန်းမသွားတောင်းမယ်တဲ့။

မိုးချိုကတော့ ပြုံးစိစိနှင့် 'ကောင်းတယ်' ဟု ထောပနာ





ပြုနေသလိုလို။

"မင်းကို ငါက ချောက်ထဲတွန်းမချပါဘူး ငပိုင်ရာ"

"ချောက်ထဲတွန်းမချပေမယ့် ထောင်ထဲဆွဲသွင်းတာလေ"

"ဟေ့ကောင်"

"အဟီး"

မိုးချို ဟီးခနဲရယ်လေတော့ ကိုပိုင်က ယောက်ျားမျက်စောင်း ကြီးထိုးကာ –

"မင်းက ဘာရယ်တာလဲ"

"ဟ ... ပါးစပ်ရှိလို့ရယ်တာ၊ ကိုပိုင့်ဆီမှာ ပါမစ်ယူရဦးမှာ လား"

"တွေ့ဦးမယ် ငါနဲ့"

"ကိုပိုင် ဘယ်သူ့ကိုပြောတာလဲ"

"ဟိုမိန်းမကို ပြောတာ။ ရေမြို့မှ ပွဲမန်ကျိုးအောင် ရိုက်ထည့် လိုက်ဦးမယ်"

"အံမယ် ... ပွဲမန်က ဘယ်နေရာမှာလဲ ကိုပိုင်သိလို့လား"

"အေးပါ ... ပွဲမန်ကျိုးအောင်ပဲ ရိုက်မလား။ ရုပါဂလူးနဲ့ပဲ ကပ်ထားမလား ကြည့်ကြသေးတာပေါ့"

"ဘကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဘကြီးပြောလို့ ပြီးပြီလား"

"ဘာဖြစ်လို့လဲ"

"အိမ်ပြန်မလို့"

"ပြီးပြီ . . . ပြန်ကြ"

ပြန်ကြဆိုတော့ ကိုပိုင်က အရင်ထသွားလေသည်။ မိုးချိုက ဘကြီးကိုစချင်တာနှင့် နောက်ရှိကျန်ခဲ့ကာ –

"ဘကြီး"

"ဘာလဲ . . . မင်းက"

"ကျွန်တော့်အတွက်တော့ ထပ်မရှာနဲ့နော်။ ကျွန်တော်က ကိုယ့်ရင်ဘတ်နဲ့ကိုယ် ခရီးသွားမှာ"

"ဘာကွ"

"ရှာနေမှာစိုးလို့ ကြိုပြောတာ"

"ခွေးကောင်"

မိုးချိုရယ်လျက် ကိုပိုင့်နောက်သို့ မီအောင်လိုက်လေသည်။ ကိုပိုင့်ကို သူ အံ့ဩပါရဲ့။ ဘကြီးစီစဉ်တာကို ဖွတ်မိုတ်ခေါင်းညိတ် လိုက်လို့လေ။

နောက်နေ့မှာတော့ ကိုပိုင့်အတွက် မိန်းမသွားတောင်းဖို့





ဖေဖေနဲ့မေမေ ပြင်နေကြတာ တလှိုက်လှိုက်။ မိုးချိုကတော့ မလိုက်ချင်ပါဘူး။ တော်ကြာ လူမှားနေမှာစိုးလို့လေ။

"ဒါနဲ့ ရီရီကို ကိုယ်မေးရဦးမယ်"

"ဘာလဲ ကိုဇော်ရဲ့"

"မင်းသားနဲ့ပေးစားမယ့်မိန်းမက ဘယ်သူလဲ။ မိဘတွေက ဘယ်သူတွေလဲ ဘာလုပ်ကြသလဲကွ"

"အဲဒါ . . . ဟိုရောက်မှမေးပါတော့လား"

"သြော် . . . မင်းအစ်ကိုစီစဉ်တာဆိုတော့ ကိုယ်လည်း မမေးရဲတော့ဘူးလေကွာ"

"ကိုကြီးမိတ်ဆွေ ဒေါ်ကလျာရဲ့သမီးတဲ့။ ဒေါ်ကလျာက သားတစ်ယောက် သမီးတစ်ယောက်ပဲရှိတာလေ။ သူ့သားက ဒုရဲအုပ်တဲ့။ ကောင်မလေးနာမည်က ဝိုင်ဆိုလားပဲ"

"ဟော"

"ဟင်"

ဝိုင်ဆိုသောကြောင့် မိုးချို ကိုယ်ကြီးပင် ဆတ်ခနဲတုန်သွားမိ၏။ ကိုပိုင်က ရေချိုးတုန်း။ ရှင်းပြနေရင် ရှုပ်ကုန်မှာစိုးတာနှင့် အောက်ထပ်က ရေချိုးခန်းမှာ အတင်းရေပြေးချိုးရတာ ကသုတ် ကယူး ကိုပိုင်က ရေချိုးရင် ကြာတတ်သူလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လမ်းနည်းကိုသုံးရတော့မှာမို့ ရေချိုးပြီးတာနှင့် အပေါ်ထပ်ကို ပြန်တက်ရပြန်၏။

"သားငယ်"

"ဗျာ"

"ဖေဖေ မင်းကို လိုက်ရှာနေတာကွ"

"ကျွန်တော် သိပြီးပြီဖေဖေ။ ကိုပိုင့်ကိုထားခဲ့ ကျွန်တော်လိုက်မယ်"

"ဟော"

သားအဖနှစ်ယောက် စည်းဝါးရိုက်ပြီး မိုးချို ကိုပိုင်ဝတ်ဖို့ချထားတဲ့ဝတ်စုံကိုဝတ်ပြီး အမြန်ဆုံးထွက်လာကြသည်ဆိုလျှင်။

❋ ❋ ❋



# အခန်း (၃၂)

"ဟာ"

ကိုပိုင် ရေချိုးပြီး အခန်းထဲပြန်ရောက်တော့ သူဝတ်ဖို့ချထားတဲ့ အဝတ်တွေ မတွေ့တော့။ အထားမှားသလားလို့ ရှာတော့လည်း မတွေ့တာကြောင့် –

"ကိုလတ်ရေ ... ကိုလတ်"

"လာပြီ"

ကိုလတ်ရောက်လာတော့ –

"ဘာလဲ ကိုပိုင်"

"ဒီမှာ ကျွန်တော်ဝတ်ဖို့ချထားတဲ့တိုက်ပုံနဲ့ အဝတ်တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့လို့"

"ဟာ"

ကိုပိုင့်ကိုကြည့်ပြီး ခေါင်းကုတ်လေသောကိုလတ် –

"သွားပြီ"

"ဘာသွားတာလဲ"

"စောစောက ဆရာတို့လင်မယားနဲ့ ကိုပိုင် ကားပေါ်တက်ပြီး ထွက်သွားတာ မြင်လိုက်တယ်လေ။ ကိုပိုင်က အခု ... ဟာ ရှုပ်ကုန်ပါပြီ"

"ဟင်"

"အခု ကျွန်တော့်ရှေ့မှာရပ်နေတာက ကိုပိုင်လား ကိုမိုးချို လား"

"ကျွန်တော်က ကိုပိုင်"

"ဒါဆို ... ကိုမိုး ပုံမှားရိုက်ပြီး နောက်တာပဲဖြစ်မယ်"

"ဒီကိစ္စက နောက်စရာလား"

"အင်း ... စဉ်းတော့ စဉ်းစားစရာပဲ"

"ဒီကောင်တော့ နေပါစေ။ အဲဒီမိန်းမကို သူလိုက်သွားတာ သူယူရမယ်မှတ်"

ကိုပိုင်ကလည်း စိတ်မပါသူမို့ လိုက်မသွားဖို့ ဆုံးဖြတ်ချက်





နှင့် တွနယ်ခတ်နေလိုက်သည်။ ဒီကောင် ဘာလို့ ပုံမှားရိုက်ပြီး လိုက်သွားတာလဲ စဉ်းစားလို့မရ။ ဒါမျိုးက စရော နောက်စရာမှမဟုတ် တာ။ သူသာ စိတ်ပုပ်လို့ မင်းလိုက်သွားတာ မင်းယူဆိုရင် ဘယ်လို လုပ်မလဲ။

နည်းနည်းလေးမှ မစဉ်းစားတဲ့ကောင်။ တွေ့မယ်၊ ပြန်လာရင် တော့ ရုပ်တည်ကြီးနဲ့ ဟောက်လိုက်ဦးမယ်။ တကယ်တမ်းတော့ ကိုယ့်ညီအပေါ် လူပေါ်မီးကျ ခွေးပေါ်ခဲချတာမျိုး သူလုပ်ရက်ပါ့မလား။

ဝိုင်တို့အိမ်ကိုလိုက်သွားတဲ့ မိုးချိုမှာတော့ လူချင်းလဲလိုက် တာ ဖေဖေတစ်ယောက်ပဲ သိသည်မို့ ဘုရားတနေရသည်။

"ဟော ... ကိုမောင်လွင်တို့ လာပြီ လာကြ လာကြ"

"ဟင်"

"မင်း"

အားလုံးထိုင်လိုက်ကြစဉ်မှာပဲ ညိုဝင်းက အံ့ဩသွားသလို ဒေါ်ကလျာက မိုးချိုကို မှတ်မိသွားပုံရ၏။ မိုးချို ခေါင်းညိတ်ပြုံးပြလိုက် တော့ –

"ကိုမောင်လွင်ရဲ့တူဆိုတာ သူလား"

"ဟုတ်တယ်လေ ကလျာရဲ့။ ဘာဖြစ်လို့လဲ"

"သူ ဒီကိုရောက်ဖူးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ကျွန်တော်တို့အိမ်က အရှုပ်အရှင်းတွေကို ဖြေရှင်းပေးသွားတာ ဟောဒီက မောင်ညိုဝင်းနဲ့ သမီးလေးဝိုင်လေ ကိုကြီးရဲ့"

"ဴဟာ"

ဦးဇော်ဦးက ဝင်ရှင်းပြလိုက်သည်။

"ဒါနဲ့ သမီးလေးရော"

"လာမှာ လာမှာ . . . သမီးရေ ဧည့်သည်တွေရောက်နေပြီဟေ့"

"ညီမလေးနဲ့ စေ့စပ်ပေးမယ့်သူက အခြားလူများလားလို့ ကျွန်တော်ကစိတ်ပူနေတာ။ မိုးချိုဆိုရင် ညီမလေးလက်ခံမှာပါ"

"ဟင်"

မိုးချိုနှင့် ဦးဇော်ဦး အကြည့်ချင်းဆုံသွားကြသည်။ ကိုညိုဝင်းက ရဲမျက်စိမှိတ် ခွဲခြားတတ်သည်ထင်ပဲ့။ မသိရှာတဲ့ ဦးမောင်လွင်ကတော့ -

"သူက မိုးချိုဦးမဟုတ်ဘူး မောင်ညိုဝင်းရဲ့။ ပိုင်လင်းဦးလေ"

"ဗျာ"

"အဲ"





ဗျာဆိုပြီး ကိုညိုဝင်းက မျက်မှောင်ကြုတ်ကြည့်လေတော့ မိုးချို စိတ်မလုံစွာ အနေခက်သွား၏။

"ဟော . . . သမီးလာပြီ၊ လာ သမီး"

မိခင်လက်ဆွဲခေါ်လေသဖြင့် ထိုင်လိုက်ရသည့်တိုင် ဝိုင် ဘယ်သူ့ကိုမှမကြည့်ပေ။

"ကဲ . . . ကလျာ"

"ရှင်"

"တို့က ယောက်ျားလေးရှင်ဆိုတော့ ကလျာတောင်းဆိုစရာ ရှိတာကို တောင်းဆိုပါ"

"ကျွန်မဘက်က ပြောစရာမရှိပါဘူး။ မင်္ဂလာရက်ကိုသာ ကိုမောင်လွင်တို့ဘက်က သတ်မှတ်လေ"

"သူတို့ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ချင်လဲ အရင်မေးရမှာပေါ့။ ပြီးမှ ဟိုတယ်မှာ ဒိတ်လုပ်မယ်လေ"

"ကိုမောင်လွင် ကြိုက်သလိုစီစဉ်ပါရှင်၊ ကျွန်မက ကိုမောင်လွင့်ကို ယုံကြည်ပြီးသားပါ"

"ဟာ . . . ငါ့လက်ထဲ အကုန်ထိုးအပ်တော့တာပဲဟေ့"

"သမီး"

"မေမေကြိုက်သလိုသာ စီစဉ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘာမှတောင်မပြောရသေးဘူး။ မေမေကြိုက်သလို စီစဉ်ပါတဲ့။ ချိုးမွှမ်းရမလား ကဲ့ရဲ့ရမလား။

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ သမီးရဲ့"

"သမီး ဟင်"

ဆတ်ခနဲမော့ကြည့်ပြီး အားလုံးကို ဝေ့အကြည့်မှာ သူ့ကိုမြင်တော့ ဝိုင့်ပါးစပ်ကလေး ပွင့်ဟသွားသည်။ ကိုယ်နဲ့လက်ထပ်ပေးမယ့်သူက အခြားသူထင်ပြီး ရင်ထဲမှာကျိတ်ပြီး ခြေကန်ငြင်းနေခဲ့သမျှ ခုတော့ ရင်ထဲမှာ လုပ်ခနဲဖြစ်သွား၏။ သူက ဝိုင့်ကိုပြုံးပြပြီးမှ –

"အစကတော့ မသိဘူးထင်ပြီး စိတ်ပူနေမိတာ။ အခုတော့ ငါမသိဘဲ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနေကြတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ဝမ်းသာစရာပေါ့"

"ဘကြီး"

"ဟေ"

"ဝိုင်နဲ့ကျွန်တော် ဆွေးနွေးပါရစေ"

"မင်းက ဘာကိုဆွေးနွေးမှာလဲ"

"အပြင်သွားပြီး ဆွေးနွေးမှာ။ ခဏလေးပါ ဘကြီးရဲ့၊ ဘကြီးတို့ ပြောစရာရှိတာ ဆက်ပြော။ ဝိုင် ကိုယ်နဲ့ခဏလိုက်ခဲ့"





ဝိုင်က မိခင်ကိုကြည့်လေလျှင် –

"လိုက်သွားလိုက် သမီး"

"ဟုတ်ကဲ့"

"နေဦး"

တားဆီးသံကြောင့် လှည့်ကြည့်လိုက်လေလျှင် ကိုညိုဝင်းက မိုးချိုကို လက်ညှိုးထိုးလျက် –

"မင်း ညီမလေးကို အမှန်အတိုင်း ဝန်ခံလိုက်ပါ"

"စိတ်ချ"

သူတို့စကားကို လူကြီးတွေ နားမလည်ပေမယ့် အချင်းချင်းတော့ နားလည်နေကြမည်သာ။ အစောကြီးကတည်းက ဝိုင်မှန်းသိရင် ကိုပိုင်ကလက်ခံမှာမဟုတ်။ သိရတဲ့အချိန်က နှောင်းနေတော့ ငြင်းဆန်ချိန်မရပေ။ မဖြစ်တော့ဖြစ်သလိုလုပ်ရမှာပေါ့။

မိုးချိုရဲ့လုပ်ရပ်အတွက် ကိုပိုင်သိရင် ခွင့်လွှတ်မှာသေချာတယ်လေ။ ဘကြီးက လူဖြောင့်စိတ်တိုလေ။ တော်ကြာ ကိုပိုင်နဲ့ ရည်ရွယ်ထားတာ ဝိုင့်ကို ကိုပိုင်နဲ့ပဲ ပေးစားမယ်ဆိုရင်ဒုက္ခ။

"ဝိုင်"

"ရှင်"

"ဝိုင်နဲ့ပေးစားမှာ ဘယ်သူလဲသိလား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်မသိဘူး ခုသိပြီလေ"

"ဒါဆို ဘယ်သူနဲ့လဲ"

"ကိုမိုးနဲ့ပေါ့"

"မဟုတ်ဘူး"

"ဒါဆို"

"ဝိုင်နဲ့စေ့စပ်ထားတာက ကိုပိုင်လေ"

"ဟင် … ဒါဆို ရှင်က ကိုပိုင်လား"

"မဟုတ်ဘူး"

"ဟာ … ဘာတွေလဲ။ ရှုပ်နေတာပဲ"

ဝိုင်က စိတ်ရှုပ်သလို ဆံပင်တွေကို ထိုးဖွလိုက်သည်။

"ဒီလို ဝိုင်ရဲ့"

မိုးချို့ သူတို့ညီအစ်ကိုကြားက လွဲမှားမှုနှင့် အရှုပ်တွေကို ဝိုင်နားလည်အောင် ရှင်းပြလိုက်၏။

ဝိုင်က မျက်လုံးလေး ကလယ်ကလယ်နှင့် နားထောင်ရင်း သဘောပေါက်သွားဟန်ရှိကာ –

"ဒါဆို အခု ဘယ်လိုလုပ်ကြမှာလဲဟင်ကိုမိုး"

"ဝိုင့်ကို ကိုယ်မိုးပြေးမှာပေါ့"

"ဖြစ်ပါ့မလား"





"ဘာလို့မဖြစ်ရမှာလဲ။ ကျွန်တော့်ကိစ္စ ဖေဖေနဲ့ကိုပိုင် ရှင်းလိမ့်မယ်"

"လူကြီးတွေကို ဖွင့်ပြောလိုက်ရင် သူတို့နားလည်ပေးမှာပါ ကိုမိုးရဲ့"

"လျှာရှည်လိုက်တာကွာ။ မိန်းမခိုးပြေးတဲ့အရသာကို ကိုယ်ခံစားကြည့်ချင်လို့ သိပြီလား"

"ဘာ"

ဝိုင်ကို လက်ကာပြပြီး ကိုပိုင့်ဆီကို ဖုန်းဆက်လိုက်သည်။ ဝိုင်က တိတ်ဆိတ်လျက် သူ့ကိုငေးနေ၏။

"ကိုပိုင် ကျွန်တော်ပါ"

"____"

"ဘယ်လိုလုပ်သွားသလဲဆို အရေးပေါ်လေ။ ကိုပိုင်နဲ့ လက်ထပ်ပေးမယ့်မိန်းကလေးက ဝိုင်ဗျ"

"___"

"ဟုတ်တယ်၊ အဲဒါကြောင့် ပုံမှားရိုက်ပြီး ကျွန်တော် လိုက်သာခဲ့တာ"

"____"

"ဘာလုပ်ရမှာလဲ။ အခု ကျွန်တော် ဝိုင့်ကို ခိုးပြေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"____"

"ကျန်တဲ့ကိစ္စကို ပိုင်ပဲ ရှင်းလိုက်တော့"

"___"

"ဘိုင့် ဘိုင်"

မိုးချို ဖုန်းကိုပိတ်ပြီး လက်မထောင်လိုက်ခြင်းရဲ့ နောက်မှာ ပိုင့်လက်ကိုဆွဲလျက် ကမ္ဘာသစ်ကလေးတစ်ခုဆီသို့ ချစ်သူမျက်နှာလေးကို ပန်းဝတ်မှုန်လေးလို နမ်းရှိုက်ရင်း မျက်စိထဲမှာ မြင်ယောင်မိတာက ဒေါသကြီးတတ်တဲ့ ဘကြီးရဲ့မျက်နှာ။ ချစ်လို့ ချစ်ခဲ့တာကို ဘကြီး နားလည်ပေးဖို့အတွက် ကိုယ့်ဘက်က ဘက်ဂရောင်းသာ ဖေဖေနဲ့ ကိုပိုင်။

**ချစ်သူတိုင်း ပေါင်းစည်းခွင့်ကြုံနိုင်ကြပါစေ ...**

**မိုးစက်ပွင့်**




၂၀၁၅
စာတိုက်ဘာလတွင် ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

သူမို့ အသည်းကိုခွဲရက်တယ်

**ကြယ်စင်မှူးဝေ**

ကောင်းကင်ပြို တိမ်တွေငိုမယ့်အချစ်

**မယ်နိုင်**

တမန်တော်

**မိုးစက်ပွင့်**

တောလိုက်မှားတဲ့ မုဆိုးများ

**အလင်းသစ်**

မာနစေရာ

**လှိုင်းကြာဖြူ (လားရှိုး)**

မိုးညကံကြမ္မာ


www.burmeseclassic.com